

*Chukrasia tabularis A.juss. (Meliaceae)*

# သစ်တောကြေးမုံ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

## နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သစ်တောကြိုးဝိုင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးခြင်း





စာမျက်နှာ - ၄ သို့

# ဝါးသယံဇာတများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်း

မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏ ၇၀%ခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ် လူမှုစီးပွားရေးအတွက် သစ်တောများကို မှီခိုအားထားနေကြရသည်။ သစ်ထင်းသာမက ဝါး၊ ကြိမ်၊ ဓနိ၊ သက်ကယ် ဆေးဖက်ဝင်ပင်စသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် ကျေးလက်နေပြည်သူများ၏အသက်မွေးဝမ်းကျောင်းမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။ သစ်တောများသည် ရာသီဥတု မျှတစေသည်သာမက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်စေခြင်း၊ မြေဆီလွှာနှင့်ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေခြင်း စသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို အထောက်အပံ့ပေးလျက်ရှိသောကြောင့် သစ်တောများထာဝစဉ်တည်တံ့ရေးသည် နိုင်ငံနှင့်ကျေးလက်နေပြည်သူများအတွက် အလွန်အရေးကြီးလှပေသည်။

အထူးသဖြင့် မြန်မာ့သစ်တောများတွင် ဝါးသယံဇာတသည် အလွန်ပေါများပြီး ကျေးလက်ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ များစွာအထောက်အကူပြုလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစုပေါင်း (၇၅)မျိုး၊ ဝါးမျိုးစိတ်ပေါင်း (၁၂၅၀)ခန့်ပေါက်ရောက်ပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစု(၂၁)မျိုး၊ ဝါးမျိုးစိတ်(၁၀၂)မျိုးတို့ ပေါက်ရောက်ပါသည်။ စီးပွားရေးအရ အသုံးဝင်သောတင်း၊ မျှင်၊ ကြသောင်း၊ဝါးဘိုး၊ ဝါးနီ၊ ဝါးဖြူအစရှိသော ဝါးမျိုးစိတ်(၁၈)မျိုးတို့ ရှိကြောင်း သိရှိရပါသည်။ ထိုသို့သောဝါးများကို တစ်နေရာတည်းတွင် နေ့စဉ်ထုတ်ယူသုံးစွဲခြင်း၊ စနစ်တကျဝါးခုတ်ယူမှုမရှိခြင်းတို့ကြောင့် ဝါးများ၏အရည်အသွေးနှင့် အရေအတွက်လျော့နည်းကျဆင်းလာပြီး ဝါးသယံဇာတစဉ်ဆက်မပြတ် အသုံးချနိုင်မှုကို ထိခိုက်လာလျက်ရှိသည်။

ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ ဝါးသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူအသုံးချနိုင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဝါး၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဝါးသယံဇာတစဉ်ဆက်မပြတ် အသုံးချမှုအထောက်အကူပြုဝါးပျိုးထောင်စိုက်ပျိုးခြင်း၊ ဝါးစိုက်ခင်းစီမံ အုပ်ချုပ်ခြင်း သင်တန်းကို သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ရေဆင်း၊ စုဝေးခန်းမတွင် ၂၀၁၆ခုနှစ် ဩဂုတ်လ(၂)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝါးသယံဇာတကို စဉ်ဆက်မပြတ် အသုံးချနိုင်ရန်စနစ်တကျစီမံအုပ်ချုပ်ဖို့ လိုအပ်ပါကြောင်း၊ လိုအပ်သောဝါးကုန်ကြမ်းများကို သဘာဝဝါးတောများက ထုတ်ယူသုံးစွဲရုံသာမက ယခုအခါ ဝါးစိုက်ခင်းများတည်ထောင်ပြီး၊ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ သို့သော်လည်း စနစ်တကျဝါးစိုက်ခင်းတည်ထောင်ပြီး ထုတ်လုပ်မှု အားနည်းနေသေးသည်ကို လေ့လာသိရှိရပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ တက်ရောက်သူသင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသောဝါးမျိုးပျိုးထောင်ခြင်း၊ ဝါးစိုက်ခင်းတည်ထောင်စိုက်ပျိုးခြင်းနှင့်ဝါးစိုက်ခင်းစီမံအုပ်ချုပ်မှုပညာရပ်များကို ကျွမ်းကျင်ပညာရှင်များထံမှ လက်တွေ့သင်ကြားနာယူပြီး သဘာဝဝါးတောများသာမက စိုက်ခင်းများကို စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည်သာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

---

ဒို့တာဝန်အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

---

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

# မာတိကာ


- နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ သစ်တောကြိုးဝိုင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးခြင်း ၁-၄
- ဝါးသယံဇာတများ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်း ၂
- ဌာနဆိုင်ရာသတင်းများ။ တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ ၄-၁၀
- ထင်းနှင့်မီးသွေး သုံးစွဲမှု ၁၁-၁၃
- မြန်မာနိုင်ငံတွင် ဆင်ထိန်းသိမ်းရေးဆောင်ရွက်မှုများ ၁၄
- သစ်တောပြန်လည်တည်ထောင်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ ၁၅-၁၇
- ပီတိအပြုံး (ကဗျာ) ၁၇
- Saemaul Undong အလွန်နှင့် အောင်မြင်မှု၏ပုံတင်သံ ၁၈-၂၁
- မြေရှိလျှင် သစ်ပင်စိုက်ပါ ၂၂-၂၄
- သစ်တစ်ပင်၏ တန်ဖိုး ၂၅-၂၈
- နိုင်ငံတကာကျားထိန်းသိမ်းရေးနေ့ (၂၉-၇-၂၀၁၆) ကျားထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ၂၉-၃၀
- အင်တာနက်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ ၃၁-၃၅
- Highlights of Forest Soil Research in Myanmar ၃၆-၃၈
- ကျွန်တော်ပြောပါရစေ ၃၉-၄၁၊၄၄
- ပုလဲရတနာ (၂) ၄၂-၄၄
- ၂၀၁၆ခုနှစ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ပထမအကြိမ် မိကျောင်းအသိုက်များကွင်းဆင်းရှာဖွေတွေ့ရှိမှု ၄၅-၄၆
- သစ်ပင်နှင့်မြစ် (ကဗျာ) ၄၆
- ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း ကင်းမရာထောင်ချောက်ဖြင့် သုတေသနလုပ်ငန်းများဆောင်ရွက်မှု ၄၇
- ရှားပါးပြီးအဖိုးတန် ဂုဏ်သတ္တိရှိသော တားမြစ်သစ်စာရင်းဝင် "ကန်ဇော်ပင်" ၄၈-၅၁
- ဒေါင်း။ ဥဒေါင်း။ ဒေါင်းစိမ်း ၅၂


တစ်ရွာမှာ၊ တစ်ကန်
တစ်ကန်မှာ၊ တစ်တော
တို့မြေမှာ၊ တို့တွေထိန်း
စိမ်းမြတဲ့တော ။




**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးပြည့်စုံမျိုး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးမျိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးမိုးဇော် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးငွေးဝင်း (၄) | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဆက်သွယ်ရန် -
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၃၄
fdextension39@gmail.com

မျက်နှာဖုံးမှအဆက်

## သတင်းများကဏ္ဍ



မြန်မာနိုင်ငံအတွင်းရှိ ရေမြေ၊ တောတောင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့်ဂေဟစနစ်များ ရေရှည်တည်တံ့မှုတစေရန် နိုင်ငံအဝှမ်း၌ နှစ်စဉ် မိုးရာသီကာလအတွင်း ပြည်သူအများပူးပေါင်းပါဝင်မှုဖြင့်သစ်ပင်စိုက်ပျိုးလျက်ရှိသည်။

၂၀၁၆ခုနှစ်၊ အမျိုးသားပတ်ဝန်းကျင်စီမံလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် တစ်နိုင်ငံလုံး ပျိုးပင်မျိုးစုံ ၅၈ သန်းကို နိုင်ငံတော်ပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ မိုးရာသီလူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြည်သူများ၊ အသင်းအဖွဲ့များ ပါဝင်သော သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ တစ်အုပ်တစ်မစိုက်ခင်း တည်ထောင်ခြင်းနှင့် ကျေးရွာသုံးစိုက်ခင်းတည်ထောင်ခြင်း၊ စည်ပင်သာယာရေးကော်မတီများ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအစီအစဉ်ဖြင့် စိုက်ပျိုးခြင်းစသည့် နည်းလမ်းတို့ဖြင့် စိုက်ပျိုးလျက်ရှိရာ ယနေ့အချိန်အထိ အပင်ပေါင်း ၄၃ သန်းခွဲခန့် စိုက်ပျိုးပြီးစီးပြီးဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့စဉ် နိုင်ငံတော်သမ္မတက နိုင်ငံအတွင်း ရှင်သန်တည်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပါအဝင်မိမိတို့၏ ပတ်ဝန်းကျင်ကိုပါကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးသားရေး မဟာဗျူဟာများ ချမှတ်ပြီး အားလုံးပါဝင် ကြိုးပမ်းရမည်ဖြစ်ကြောင်းနှင့်မိမိတို့၏ နောင်လာနောင်သားများ သာယာဝပြောသည့်အနာဂတ်ရရှိစေရန် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအား ထိန်းသိမ်းရေးဆိုသည့် ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့၏အနာဂတ်မျိုးဆက်များအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်သည့်ဘက်က ကူညီကြရန် အားလုံးကို တောင်းဆိုပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံသည်ကို ပြသပြီး အပြောင်းအလဲ ဖြစ်အောင်လုပ်နိုင်ကြောင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည့် တောရိုင်းတိရစ္ဆာန်နှင့်အပင်မျိုးစုံသည် လူသားများအတွက် စားနပ်ရိက္ခာနှင့် လောင်စာ၊ သစ်၊ဝါးအစရှိသော ကုန်ကြမ်းပစ္စည်းများ၊ အခြေခံဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနေသည့် အခမဲ့ဝန်ဆောင်မှုများပေးနေသည့် သက်ရှိ ထောက်ပံ့မှုစနစ်များဖြစ်ပြီး ဂေဟစနစ်များသည် လူသားများ ရေရှည်ရှင်သန်နိုင်ရန် အတွက် အဓိကမရှိမဖြစ်လိုအပ်သည့် သဘာဝအထောက်အပံ့များဖြစ်ကြောင်း၊ သက်ရှိလောက တည်မြဲစေရေး သစ်တောသစ်ပင်များ ပြုန်းတီးပျက်စီးမှုမရှိစေရန်နှင့် သစ်တောများ တိုးပွားလာစေရန် သစ်ပင်များ စိုက်ပျိုးကြရန် ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ မိုးရာသီတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အတွက် သစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြိမ်ရေ ၅၀၀ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူလူထုအင်အား ၁၂၀၀၀ ဦးခန့် တက်ရောက်ကာ အပင်ပေါင်း ၃၅၀,၀၀၀ ခန့်ကိုလည်း စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။

(၉-၈-၂၀၁၆)ရက် နံနက် (၀၇း၃၀) နာရီ တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်ပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ စုပေါင်း၍ မိုးရာသီ

သစ်ပင်စိုက်ပျိုးခြင်းကို ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်-တပ်ကုန်း၊ အမှတ်(၁)ကားလမ်း၊ မိုင် တိုင်အမှတ် (၂/၄)နှင့် (၂/၅)ကြားရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း၊ အကွက် အမှတ်(၁၆)သဘာဝသစ်တော အ တွင်း စိုက်ပျိုးခဲ့ကြပါသည်။

ယင်းသစ်ပင်စိုက်ပျိုးခြင်း ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အစိုးရအဖွဲ့ဝင်များက ကျွန်းပင်များကို စိုက်ပျိုးပေးပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ စုစုပေါင်း အင်အား (၂၅၀)ဦးတို့ သည် ကျွန်း၊ ပျဉ်းကတိုး ၊ ပိတောက်၊ မဟော်ဂနီ၊ အင်ကြင်း၊ ယင်းမာ၊ ငုရွှေဝါ၊ ပန်းမဲဇလီ ၊ တမာ ၊ ပုန်းညက် အစရှိသည့် ပျိုးပင်ကြီးပေါင်း(၂၅၀)ပင်ကို နည်းစနစ်တကျ စိုက်ပျိုးနေခြင်း များအား နိုင်ငံတော်သမ္မတနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် နိုင်ငံတော်သမ္မတ ဦးဆောင်စိုက်ပျိုးခဲ့သည့် သစ်ပင်များ ဆက်လက်ရှင်သန်ကြီးထွားပြီး ရေရှည်တည်တံ့ဖြစ်ထွန်းအောင်မြင်စေရေးအတွက် နေပြည်တော်၊ သစ်တောဦးစီးဌာနက အနီးကပ်ကြီးကြပ်ထိန်းသိမ်းပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

* * * * * *

## ပြည်ထောင်စုဝန်ကြီး၊ ဦးအုန်းဝင်း၊ ဒုတိယအကြိမ်မြောက် အာရှပစိဖိတ်ဒေသအပူပိုင်းမိုးသစ်တောဆိုင်ရာထိပ်သီးအစည်းအဝေးတက်ရောက်




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလန်နိုင်ငံ၊ မြို့တော်ဘန်ဒါဆရီဘီဂဝမ်ရှိအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှပစိဖိတ်ဒေသအပူပိုင်းမိုးသစ်တောဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ်လ (၂)ရက်နေ့ နံနက်ပိုင်းတွင် ထွက်ခွာသွားခဲ့ပြီး၊ ဩဂုတ်လ(၆)ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရှိရသည်။

ဩဂုတ်လ (၃)ရက်နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလန်နိုင်ငံ၊ သဘာဝသယံဇာတနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Hon. Data Seri Setia Awang Haji Ali bin Apong မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာရှပစိဖိတ်ဒေသတွင်းနိုင်ငံပေါင်း(၁၁)နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များတက်ရောက်ကြကြောင်းသိရှိရသည်။

နေ့လယ်ပိုင်းတွင် အစည်းအဝေးတက်ရောက်လာကြသောဝန်ကြီးများအား ဘရူနိုင်းဒါရုဆလန်နိုင်ငံဘုရင်မင်းမြတ် Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah၏ ဖိတ်ကြားချက်အရ Istana Nurul Imanနန်းတော်သို့ သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်ခဲ့ကြကြောင်းသိရှိရသည်။ အစည်းအဝေးတက်ရောက်လာကြသော အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များသည် ဆော်လမွန်နိုင်ငံ၊သစ်တောနှင့်သုတေသနဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာယင်ကင်ဆီယမ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ကျွန်းစိုက်ခင်းတည်ထောင်ခြင်း၊ ကျွန်းမျိုးကောင်းမျိုးစေ့များထုတ်လုပ်ရရှိနိုင်ခြင်းနှင့် မြန်မာနိုင်ငံရှိ ကျွန်းစိုက်ခင်းနှင့် သဘာဝတောများလေ့လာခြင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ တီမောလက်စတီနိုင်ငံ၊ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး Dato Sri Dr. Haji Wan Junaidi bin TuankuJaafar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် သစ်တောစီမံအုပ်ချုပ်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများစီမံအုပ်ချုပ်ခြင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ ဘရူနိုင်းဒါရုဆလန်နိုင်ငံ၊ သဘာဝသယံဇာတနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Hon. Data Seri SetiaAwang Haji Ali bin Apong နှင့် သစ်တောမြေများအတွင်း

ဌာနေတိုင်းရင်းသားများ၏ စိုက်ပျိုးလုပ်ကိုင်နေမှုနှင့် သစ်တောမြေများစီမံအုပ်ချုပ်ခြင်း၊ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပို့ကုန်ထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာကိစ္စများအားလည်းကောင်း သီးခြားစီတွေ့ဆုံ၍ ရင်းနှီးပွင့်လင်း စွာဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

ထိပ်သီးအစည်းအဝေးကိုပတ်ဝန်းကျင်အခြေအနေနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအား ထိန်းညှိဆောင်ရွက်နေသည့် အာရှပစိဖိတ်ဒေသတွင်း ပိုမိုကောင်းမွန်သောသစ်တောစီမံအုပ်ချုပ်ခြင်းအတွက် မူဝါဒများချမှတ်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများစီးပွားဖြစ်ရောင်းချခြင်းများအပါအဝင် ပတ်ဝန်းကျင်ထိခိုက်လွယ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများကိုဖော်ထုတ်ပေးရန်၊ ဒေသတွင်းရှိမူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများမှ ဦးဆောင်နေသူများ၊ အစိုးရများနှင့် အတတ်ပညာရှင်များအချင်းချင်းဗဟုသုတများ၊ သုတေသနလုပ်ငန်းများ၊ အကောင်းဆုံးလက်တွေ့နည်းစနစ်များကိုဖလှယ်ပြီး ဒေသတွင်းကွန်ရက်အနေဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ ပတ်ဝန်းကျင် ထိခိုက်လွယ်သောစီပွားရေးလုပ်ငန်းများအတွက် သစ်တောများ၏ တန်ဖိုးကိုဒေသတွင်းရှိ လူထုတစ်ရပ်လုံး သိရှိနားလည်နိုးကြားတက်ကြွမှုမြင့်တက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

* * * * * *

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ သွားရောက်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာရန် ၂၀၁၆ ခုနှစ် ဩဂုတ်လ(၁၈)ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ထွက်ခွာခဲ့ပြီး အဆိုပါနေ့(၁၆း၀၀)နာရီတွင် ဗီယန်ကျင်းမြို့ရှိစွမ်းအင်နှင့် သတ္တုဝန်ကြီးဌာနရုံးဧည့်ခန်းမတွင် စွမ်းအင်နှင့်သတ္တုဝန်ကြီးအား တွေ့ဆုံကာသတ္တု၊ ရေအားလျှပ်စစ်၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများအပေါ် သဘောထားအမြင်များရင်းနှီးပွင့်လင်း စွာဆွေးနွေးခဲ့ကြပါသည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၌ သတ္တုတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသောဩစတြေးလျနိုင်ငံအခြေစိုက် Pan Aust Mining Co., Ltd. ၏ ကုမ္ပဏီခွဲ တစ်ခုဖြစ်သည့် Phu Bia Mining Co., Ltd. သို့သွားရောက်၍ သတ္တုတူးဖော်ခြင်းလုပ်ငန်းအဆင့်ဆင့်၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း၊ အနီးဝန်းကျင်ရှိဒေသခံပြည်သူများအတွက် ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနည်းပါးစေရေးအတွက် အချိန်နှင့်တပြေးညီစောင့်ကြည့်ရေးစနစ်များတပ်ဆင်ကာ အနီးကပ်ဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြန်လည်ပြုစုတည်ထောင်ခြင်းလုပ်ငန်းများ၊ ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူဆောင်ရွက်မှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြောင်းသိရှိရသည်။

**သစ်တောမပြုန်း၊ ချင့်ချိန်သုံး၊ ပြည်လုံးစိမ်းလန်း၊ တို့စိတ်ဝမ်း။**

## (၂၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ




အာဆီယံပတ်ဝန်းကျင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော် ဂရင်းအမရဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီတက်ရောက်၍ အဖွင့် အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ ဌာနအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း(၁၂၀)ဦးခန့်တက်ရောက်ခဲ့ကြပြီး (၁၃)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်၃နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ၁၀ကြိမ်မြောက် အာဆီယံ-ဂျပန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲတို့ကို ဩဂုတ်လ၅ရက်နေ့ထိ ဆက်လက်ကျင်းပသွားကြောင်း သိရှိရပါသည်။

* * * * * *

## ဝါးသယံဇာတစဉ်ဆက်မပြတ် အသုံးချမှုအထောက်အကူပြု ဝါးပျိုးထောင်စိုက်ပျိုးခြင်းနှင့် ဝါးစိုက်ခင်းစီမံအုပ်ချုပ်မှုသင်တန်း




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန နှင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thailand International Cooperation Agency -TICA)တို့ပူးပေါင်းကျင်းပသည့် ဝါးသယံဇာတစဉ်ဆက်မပြတ် အသုံးချမှုအထောက်အကူပြု ဝါးပျိုးထောင်စိုက်ပျိုးခြင်း၊ ဝါးစိုက်ခင်းစီမံအုပ်ချုပ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို(၂-၈-၂၀၁၆)ရက်၊ နံနက်(၀၉း၀၀)နာရီအချိန်တွင် သစ်တောသုတေသနဌာန(ရေဆင်း)၊ စုဝေး ခန်းမ၌ ကျင်းပရာသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သစ်တောဦးစီးဌာနနှင့် TICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် “မြန်မာနိုင်ငံ၏ဝါးသယံဇာတ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်မှုနှင့် အသုံးချမှုတိုးမြှင့်ရေး နည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်း” ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ယင်းသင်တန်းကို ဩဂုတ်လ(၂)ရက်မှ (၄)ရက်အထိ (၃)ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး စီမံကိန်းတွင် နည်းပညာပူးပေါင်းဆောင်ရွက်ပေးသော ထိုင်းနိုင်ငံ Kasetsart University နှင့် Royal Project Foundation မှ ပညာရှင်များ၊ စာတွေ့လက်တွေ့ပို့ချမည့် သင်တန်းဆရာဆရာမများ ၊ ဝါးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

## တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း

### ပဲခူးတိုင်းဒေသကြီး





(၁၃-၈-၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ ပေါင်းတည်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ဖို(၁)ရပ်ကွက်၊ မင်းကင်း(၁)ရပ်ကွက်မှ အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပေါင်းတည်မြို့နယ်၊ ရန်ကုန်-ပြည်လမ်း၊ မိုင်တိုင်အမှတ်(၁၄၀/၄နှင့် ၁၄၀/၅)ကြား၊ ဘိုးသာအောင်ကုန်းတံတားထိပ်တွင် ယာဉ်အမှတ်(MDY-7B/1437)တပ်ဆင်ထားသော (NISSAN - L6)အမျိုးအစား(အပြာရောင်)၊ (၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၅၀)ချောင်း၊(၇. ၈၃၇၂)တန်နှင့်အတူ တရားခံ(၂)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

### စစ်ကိုင်းတိုင်းဒေသကြီး





(၁၄-၈-၂၀၁၆)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ကျားတက်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျားတက်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆားလင်းကြီးမြို့နယ်၊ ကျားတက်-ပုလဲကားလမ်း မိုင်တိုင်(၄/၀နှင့်၄/၁)ကြားနေရာတွင် ယာဉ်အမှတ်(SH/2258)တပ်ဆင်ထားပြီး ယာဉ်အမှတ်(MDY-5F/9762)နံပါတ်ပြားအပိုပါရှိသည့် (UD)အမျိုးအစား၊ ခေါင်း(အဖြူရောင်)၊(၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား (၅၁)ချောင်း (၆. ၈၃၂၆)တန် ဖမ်းဆီးရမိပါသည်။

### မန္တလေးတိုင်းဒေသကြီး




(၁၆-၈-၂၀၁၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ပြင်ဦးလွင်(အတက်)ကားလမ်း၊ မိုင်တိုင်(၁၆/၃)တွင် ယာဉ်အမှတ် (MDY-2G/8241 )တပ်ဆင် ထားသော (Mitsubishi Canter)အမျိုးအစား၊ (အဖြူရောင်)၊ (၆)ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်း ဓားရွေခွဲသား (၄၀)ချောင်း (၂. ၂၆၅၈)တန်နှင့်အတူ တရားခံ(၁)ဦးအား ဖမ်းဆီးရမိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး





(၁၅-၈-၂၀၁၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ် (၅၅/၃ နှင့် ၅၅/၄)ကြားနေရာတွင် ယာဉ်အမှတ်(YGN- 7F/3177)တပ်ဆင်ထားသည့်(DYNA CONTER)အမျိုးအစား၊ (Container-Box)အဖြူရောင် (၆)ဘီး ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၂၉)ချောင်း (၃. ၈၅၇၂)တန်နှင့် ယာဉ်အမှတ် (YGN- 6B/9917)တပ်ဆင်ထားသည့် (DYNA CONTER)အမျိုးအစား(Container-Box)အဖြူရောင် (၆)ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်း(သစ်/ယောင်ခြမ်း)(၁၃)လုံး/ခြမ်း (၃. ၅၅၁၅)တန် ဖမ်းဆီးရမိခဲ့ပြီး၊ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ မော်တော်ယာဉ်(၂)စီး၊ တရားမဝင်(ပိတောက်/ကျွန်းသစ်/ကျွန်းယောင်ခြမ်း)(၄၂)ချောင်း/လုံး၊ခြမ်း (၇. ၄၀၈၇)တန် ဖြစ်ပါသည်။

## မကွေးတိုင်းဒေသကြီး





(၆-၈-၂၀၁၆)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ထီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ထီးလင်းမြို့၊ ရပ်ကွက်(၁)၊(၂)မှ အုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးလင်းမြို့နယ်၊ ထီးလင်း-ဂန့်ဂေါကားလမ်း၊ မိုင်တိုင်(၁၀၅/၆)နေရာတွင် ယာဉ်အမှတ် (4B/2498)တပ်ဆင်ထားသော (NISSAN-UD)အမျိုးအစား၊ (အဖြူအနီ)စပ်ကြားအရောင်၊(၆)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား (၆၅)ချောင်း (၆. ၄၀၁၄)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ် (တောင်ပိုင်း)



(၈-၈-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ကျိုင်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် (စ. ရ. ဖ)ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရနယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ မိုးနဲမြို့နယ်၊ ကျိုင်းတောင်း-ခိုလမ်ကားလမ်း၊ မိုင်တိုင်(၂၃/၂)အနီးတွင် ယာဉ်နံပါတ်မပါ(FAW)အမျိုးအစား၊ အပြာရောင်(၄) ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်းတံခါးရွက်ဆိုဒ်စုံ (၂၂၉)ချပ်၊ (၂. ၀၅၆၈)တန်နှင့်အတူ တရားခံ(၁)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

## ရခိုင်ပြည်နယ်



(၂၂-၈-၂၀၁၆)ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ကြိုးကြာကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကုတ်-ပန်းတောင်းကားလမ်း၊ မိုင်တိုင်(၇၄/၀) အနီးတွင် ယာဉ်အမှတ်(3C/6961)တပ်ဆင်ထား သော (UD)အမျိုးအစား၊ ခေါင်း(အဖြူရောင်)(၆)ဘီးယာဉ်နှင့် ယာဉ်အမှတ် (၆ခ/၅၀၃၀)တပ်ဆင်ထားသော (HINO)အမျိုးအစား၊ ခေါင်း(အဖြူရောင်) (၆)ဘီး ယာဉ်(၂)စီးပေါ်မှ တရားမဝင်အခြားခွဲသား (၁၄၅) ချောင်း(၇. ၄၁၅၂)တန်နှင့်အတူ တရားခံ(၄)ဦး ဖမ်းဆီး ရမိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး





(၇-၈-၂၀၁၆)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ဒေသခံများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ ကူးတို့တောချောင်းအတွင်းမှ အမည်မရှိစက်လှေ(၁)စီးနှင့်(နိုင်ဇာဝင်း)အမည်တပ်ဆင်ထားသော စက်လှေ(၁)စီးတို့မှ တရားမဝင် အခြားသားမျော(၄၁၄)လုံး၊ တရားခံ(၇)ဦး၊ သဲချောင်းကျေးရွာအုပ်စု၊ မော်ငန်းကျေးရွာအနီး၊ ဟိန္ဒဲချောင်းအတွင်းမှ ရေယာဉ်အမှတ်(ရေး/၇၃၂) တပ်ဆင်ထားသော စက်လှေ(၁)စီးမှ တရားမဝင်အခြားသားမျော(၅၀၀)လုံး၊ တရားခံ(၅)ဦးဖမ်းဆီးရမိခဲ့ပြီး၊ ဖမ်းဆီးရမိမှုစုစုပေါင်းမှာ စက်လှေ(၃)စီး၊ အခြားသားမျော(၉၁၄)လုံးနှင့်တရားခံ(၁၂)ဦးဖြစ်ပါသည်။

## ရှမ်းပြည်နယ် (မြောက်ပိုင်း)



(၁၆-၈-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက် ပိုင်း)၊ လားရှိုးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့နယ်၊ နမ့်တွန်းကျေးရွာအုပ်စု၊ ဘုံမွန်ကျေးရွာအနီး၊ လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းပေါ်တွင် ယာဉ်အမှတ်(MDY-1K/7239)တပ်ဆင်ထားသော(SCANIA)အမျိုးအစား၊ (အပြာရောင်)၊ (၂၂)ဘီးယာဉ်ပေါ်မှ တရားမဝင်ပိတောက်(သစ်လုံး/ ခါးရွေ)၊ (၄၃)လုံး/တုံး၊(၁၂. ၆၃၇၂)တန်နှင့်အတူ တရားခံ(၂)ဦး ဖမ်းဆီးရမိခဲ့သည်။

# ထင်းနှင့်မီးသွေးသုံးစွဲမှု





အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

ယခင်လမှအဆက်

မြို့ပြအိမ်ထောင်စုများ (အားလုံးနီးပါး) သည် ထင်းကို ဝယ်ယူသုံးစွဲကြခြင်းဖြစ်သည်။ ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်ကြသော လက်လုပ်လက်စားများအနေဖြင့်မူ သစ်ပင်များမှ ထင်းခြောက်များကို လိုက်လံကောက်ယူ၍ သုံးစွဲကြခြင်းဖြစ်သည်။

ထင်းကို အထက်ဖော်ပြပါ ရင်းမြစ်များအပြင် သစ်စက်များမှလည်း ရရှိကြသည်။ သစ်စက်များမှ ထွက်ရှိသော ပကာထင်းများကို ချက်ပြုတ်ရာတွင် သုံးစွဲကြခြင်းဖြစ်သည်။ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များပါဝင်သော ရမည်းသင်းခရိုင်တွင် ၁၉၉၉ ခုနှစ်က ကွင်းဆင်းဆောင်ရွက်ခဲ့သော တွေ့ရှိချက်များအရ -ယင်းခရိုင်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်းသစ်စက်(၆)စက်၊ ပုဂ္ဂလိကသစ်စက်(၃၁)စက်နှင့် ပြန်လည်ခွဲစိတ်စက်(၁၆)စက်မှ တစ်နှစ်လျှင် ပကာထင်း ကုဗတန် ၂၂,၆၀၀ ခန့်ထွက်ရှိပြီး ထိုထင်းများကို သစ်စက်များအနီးအနားတွင် နေထိုင်ကြသူများက ဝယ်ယူသုံးစွဲကြကြောင်း၊ ထင်းကုန်သည်များက ပကာများကို လက်ကားဝယ်ယူ၍ ထင်းစီးများအဖြစ် ပြုပြင်ကာမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ သစ်စက်အနီးမှအချို့ အိမ်ထောင်စုများက လွှစာမှုန့်ကို သုံးစွဲကြကြောင်း သိရှိခဲ့ပါသည်။

ရော်ဘာစိုက်ခင်းများမှလည်း ထင်းရရှိပြီးအစေးထွက်နှုန်းနည်းလာသည့် သက်ရင့်ရော်ဘာစိုက်ခင်းများကို အပြောင်းရှင်းသည့်အခါတွင် ထင်းအများအပြားရရှိသည်။ အပြောင်းရှင်းသည့်ရော်ဘာစိုက်ခင်းအချို့မှ သစ်လုံးကောင်းများကို ကြာရှည်ခံဆေးသွင်းပြီး ပရိဘောဂများပြုလုပ်ကြောင်း မှတ်သားမိပါသည်။

မီးသွေးဖုတ်သည့် ထင်းကုန်ကြမ်းအားလုံးနီးပါးကို သစ်တောများမှ ရယူကြသည်။ မီးသွေးဖိုများကို သစ်တောများ အနီးအနားရှိ ရွာများတွင်တည်ထားလေ့ရှိကြသည်။ ထင်းကုန်ကြမ်းများကို မီးသွေးဖိုများသို့ သယ်ယူစရိတ် သက်သာစေရန်ဖြစ်သည်။ တရားမဝင်မီးသွေးဖုတ်သူများ အနေဖြင့် သစ်တောများအတွင်း ယာယီ တည်ဆောက်ထားသော မြေပေါ်ဖို၊ မြေကျင်းဖိုများဖြင့် မီးသွေးဖုတ်လေ့ရှိကြသည်။

မြစ်ဝကျွန်းပေါ်ဒေသများတွင် တရုတ်ဖိုကြီးများကို အခိုင်အမာတည်ဆောက်၍ မီးသွေးဖုတ်ကြကြောင်း၊ ထင်းကုန်ကြမ်းအများစုကို ဒီရေတောများမှရရှိကြပြီး ဥယျာဉ်ခြံများမှလည်း ရရှိကြောင်းကြားသိရပါသည်။ (ထင်းကုန်ကြမ်းရရှိရန် ထိုင်းနိုင်ငံကဲ့သို့ ပုဂ္ဂလိက ထင်းစိုက်ခင်းများ တည်ထောင်မှုမရှိသေးပါ။)

မြို့နှင့် အလှမ်းဝေးသော သစ်စက်အချို့မှ ပကာထင်းများကိုလည်း မီးသွေးဖုတ်လေ့ရှိကြသည်။ ယခင်တစ်ချိန်က ပျဉ်းမနားမြို့နယ်ရှိ မရမ်းခုံသစ်စက်တွင် ပကာထင်းများကို မြေပေါ်ဖိုဖြင့် မီးသွေးဖုတ်သည်ကို စာရေးသူကိုယ်တိုင်တွေ့မြင်မှတ်သားခဲ့ဖူးပါသည်။

### ထင်းမှအပအခြားလောင်စာများရရှိသည့် ရင်းမြစ်များ

နေ့စဉ် အစားအစာချက်ပြုတ်ရာတွင် ထင်း(သစ်ပင်မှရရှိသည့်သစ်သား)အပြင် အခြားလောင်စာများကိုလည်း သုံးစွဲကြသည်။ အထူးသဖြင့် ကျေးလက်လူထုသည် မိမိတို့၏ လယ်ယာမှရရှိသည့် ဘေးထွက်ပစ္စည်းများနှင့် ဒေသအလိုက်ပေါက်ရောက်မှုများသည့် အုန်းပင်၊ ထန်းပင်များ၏ ဘေးထွက်ပစ္စည်းများကိုလည်း ထင်းနှင့်တွဲ၍ သုံးစွဲကြသည်။ လယ်ယာဘေးထွက်ပစ္စည်းများဖြစ်ကြသည့် ကောက်ရိုး၊ နှမ်းရိုး၊ ပဲစင်းငုံရိုး၊ပြောင်းရိုး၊ ကြက်ဆူရိုး၊ မြက်ခြောက်၊ ကြံငုတ်၊ ပြောင်းဖူးအူတိုင်၊ မြေပဲခွံစသည်များနှင့် အုန်းလက်၊ အုန်းရွက်၊ အုန်းသီးအခွံ၊ အုန်းမှုတ်၊ ထန်းလက်၊ ထန်းရွက်၊ ထန်းနို့၊ ထန်းစေ့စသည်တို့ကို သုံးစွဲလေ့ရှိကြသည်။ ဝါးကိုလည်း ထင်းအဖြစ် သုံးစွဲသူအများအပြားရှိသည်။

**အိမ်တွင်းစက်မှုလုပ်ငန်းများ၏ ထင်းသုံးစွဲမှု**

နှီးဆီ၊ သကြား၊ အရက်စသည့် စားသောက်ကုန် အိမ်တွင်းစက်မှုလုပ်ငန်းများ၊ အုတ်၊ ထုံး စသည့် ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်သည့် အိမ်တွင်းစက်မှုလုပ်ငန်းများမှ သုံးစွဲသည့် ထင်းများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

အထက်တွင် ဖော်ပြခဲ့သော ရမည်းသင်းခရိုင်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့်တွေ့ရှိချက်များအရ ရမည်းသင်းခရိုင်၌ အစိုးရ သကြားစက်ရုံ (၂)ရုံ၊ ပုဂ္ဂလိက သကြားစက်ရုံ (၅) ရုံ၊ နှီးဆီချက်စက်ရုံ (၃) ရုံ ၊ အရက်ချက်စက်ရုံ (၅)ရုံ၊ အုတ်ဖို(၁၁)ဖို နှင့် ထုံးဖို(၅)ဖိုရှိရာ ယင်းစက်ရုံများနှင့် ဖိုများက တစ်နှစ်သုံးစွဲသော လောင်စာအမျိုးမျိုး၏ ပမာဏများမှာ -ထင်း(၂၈,၆၄၄) ကုဗတန်၊ လွှစာမှုန့်(၂,၄၈၈) ကုဗတန်၊ စပါးခွံ(၁,၆၂၉)ကုဗတန်၊ ဝါးထင်း ကုဗတန်(၄၇၀)နှင့် မြေပဲခွံကုဗတန်(၁၀၀)ဖြစ်သည်။ အရက်ချက်စက်ရုံများက ထင်းလုံးဝမသုံးစွဲဘဲ၊ လွှစာမှုန့်နှင့် စပါးခွံကိုသာ သုံးစွဲကြသည်။ နှီးဆီချက်စက်ရုံများက ထင်းကို စပါးခွံ၊ ဝါးထင်း၊ မြေပဲခွံများနှင့်တွဲ၍သုံးစွဲကြပြီး အုတ်ဖိုများနှင့် ထုံးဖိုများ အနေနှင့်မူ ထင်းတစ်မျိုးတည်းကိုသာ သုံးစွဲကြသည်။

ဖော်ပြပါ လုပ်ငန်းများတွင် သုံးစွဲသည့် ထင်းများသည် အရွယ်အစားကြီးသော ထင်းတုံးကြီးများဖြစ်ပြီး ထင်းလက်ကားရောင်းသူများက သစ်တောများမှ (အားလုံးနီးပါး) ထုတ်ယူကြခြင်းဖြစ်သည်။

ယခုအခါ ထင်းများရှားပါးလာပြီး ဈေးကြီးမြင့်မှုကြောင့် လုပ်ငန်းရှင်များအနေဖြင့် ထင်းအစားအခြား လောင်စာများကို ပြောင်းလဲသုံးစွဲနေကြကြောင်း ကြားသိရသည်။ မန္တလေးမြို့မှ"မြဘုရင်"နှီးဆီလုပ်ငန်းသည် လောင်စာအဖြစ် စပါးခွံကို အဓိကထား၍ သုံးစွဲရာ လိုအပ်သောစပါးခွံများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ဆန်စက်တည်ထောင်ထားပြီး စပါးကြိတ်ခွဲခမယူဘဲ စပါးခွံများကို ယူထားလိုက်ကြောင်း မှတ်သားထားဖူးပါသည်။

ကျွန်းသစ်တွင် အပူကို အားပေးသော စီလီကာ (Silica)ပါဝင်မှု အခြားသစ်မျိုးများထက်ပို၍ များသဖြင့်



ရန်ကုန်မြို့ရှိ သံရေကြိုစက်အချို့တွင် လောင်စာအဖြစ် ကျွန်းလွှစာမှုန့်များကို သုံးစွဲကြပြီး၊ မြန်မာ့သစ်လုပ်ငန်းကျွန်းသစ်စက်များမှ ကျွန်းလွှစာမှုန့်များကို အခြားလွှစာမှုန့်များထက် ဈေးပိုပေး၍ ဝယ်ယူကြသည်ကို လေ့လာခဲ့ဖူးပါသည်။

**စားသောက်ဆိုင်များ၏ ထင်းနှင့် မီးသွေးသုံးစွဲမှု**

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စားသောက်ဆိုင်ကြီးအချို့သည် အစားအစာချက်ပြုတ်ရာတွင် သဘာဝဓါတ်ငွေ့ကို သုံးစွဲနိုင်ကြသော်လည်း စားသောက်ဆိုင်အများစုသည် မီးသွေးကိုသာ သုံးစွဲကြပြီး အချို့ဆိုင်များက ထင်းကိုသုံးစွဲကြသည်။ စာရေးသူ၏ တောင်ဥက္ကလာအိမ်နားမှ တစ်နေ့ မုန့် (၅)ပိဿာကုန်သော မုန့်ဟင်းခါး ဆိုင်လေးသည် တစ်ရက်လျှင် မီးသွေး(၂)ပိဿာခန့်ကုန်ကြောင်း၊ နေပြည်တော်မှ တစ်နေ့ မုန့်ပိဿာ(၄၀)ကုန်သော မုန့်ဟင်းခါးဆိုင်ကြီးသည် တစ်ရက်လျှင် မီးသွေး (၁၀) ပိဿာခန့်ကုန်ကြောင်း၊ နေပြည်တော်မှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သည် မီးသွေးရော၊ ထင်းပါသုံးစွဲရာ တစ်ရက်လျှင် မီးသွေးပိဿာ (၆၀) ခန့်ကုန်ကြောင်း စုံစမ်းသိရှိရပါသည်။

မြို့တိုင်း ရွာတိုင်းတွင် စားသောက်ဆိုင်များ ရှိသကဲ့သို့ အဝေးပြေးလမ်းမများ၏ ဝဲယာတွင်လည်း စားသောက်ဆိုင်အများအပြားရှိသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး၏ ထင်းနှင့် မီးသွေးသုံးစွဲမှု စုစုပေါင်း ပမာဏကို ခန့်မှန်းရာတွင် စားသောက်ဆိုင်များ၏ သုံးစွဲမှုကိုပါထည့်သွင်း တွက်ချက်ရန် အရေးကြီးပါသည်။

**တက္ကသိုလ်များ၊ ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘာသာရေး ကျောင်းများ၊ ဂေဟာများ၊ ဆေးရုံများ၏ ထင်းနှင့် မီးသွေးသုံးစွဲမှု**

ဖော်ပြပါ အဖွဲ့အစည်းများ၏ ထင်းနှင့် မီးသွေးသုံးစွဲမှု ပမာဏသည်လည်း များပြားခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံး၏ ထင်းနှင့် မီးသွေးသုံးစွဲမှုစုစုပေါင်းကို ခန့်မှန်းရာ၌ ထည့်သွင်းတွက်ချက်ရန် အရေးကြီးပါသည်။

**ငါး၊ ပုစွန်ဖမ်းသည့် လှေကြီးများ၏ ထင်းသုံးစွဲမှု**

ပင်လယ်သို့ ငါး၊ ပုစွန်ဖမ်းထွက်သည့် စက်လှေကြီးများ၊ ဖောင်များသည် ဖမ်းမိသောငါးများ ကျပ်တင်ရန်နှင့် ပုစွန်များပြုတ်ရန်အတွက် ထင်းအမြောက်အမြား သယ်ဆောင်သွားလေ့ရှိကြောင်း ကြားသိရသည်။ ထို့ကြောင့် ဖော်ပြပါ ထင်းသုံးစွဲမှုပမာဏကိုလည်း ထည့်သွင်းခန့်မှန်းရန် အရေးကြီးသည်။

**ခြုံငုံသုံးသပ်ခြင်း**

- ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အစားအစာချက်ပြုတ်ရာတွင် လျှပ်စစ်သုံးစွဲသည့် အိမ်ထောင်စုများသည် ၁၆ ဒသမ ၃ ရာခိုင်နှုန်းသာရှိသော်လည်း ယခု ၂ နှစ်ကြာပြီဖြစ်ခြင်းကြောင့်

လျှပ်စစ်သုံးစွဲမှုရာခိုင်နှုန်းသည် ယခင်နှုန်းထားထက် ပိုများနေမည်မှာ သေချာသည်။ နောင်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်သုံးစွဲမှု ပို၍ များပြားလာမည်ဖြစ်သည်။ လျှပ်စစ် သုံးစွဲမှုများလာသည်နှင့်အမျှ ထင်းနှင့် မီးသွေးသုံးစွဲမှု လျော့နည်းလာမည်ဖြစ်သည်။

- ၂၀၁၄ခုနှစ်က တစ်နိုင်ငံလုံးတွင် သဘာဝဓါတ်ငွေ့ သုံးစွဲသည် အိမ်ထောင်စုပေါင်း ၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝဓါတ်ငွေ့များကို ပြည်သူများအား ပိုမိုဖြန့်ဝေပေးနိုင်မည် ဖြစ်ခြင်းကြောင့် ထင်းနှင့် မီးသွေးသုံးစွဲမှု လျော့နည်းလာမည်ဖြစ်သည်။
- သစ်တောများတွင် သစ်ပင်များ ရှားပါးလာသည် နှင့်အမျှ ကျေးလက်လူထုသည် ၎င်းတို့၏ ဝင်းခြံနှင့်လယ်ယာစည်းရိုးများတွင် ထင်းအတွက် အကြီးမြန်သစ်မျိုးများ ပို၍စိုက်ပျိုးကြမည်ဖြစ်သည်။ ထို့ပြင် လယ်ယာဘေးထွက်ပစ္စည်းများကို ပိုမိုတန်ဖိုးထားလာကြမည်ဖြစ်သည်။ ထို့ကြောင့် သစ်တောများအပေါ် မှီခိုအားထားမှု လျော့နည်းလာမည်ဖြစ်သည်။
- ထင်းရှားပါးလာသည်နှင့်အမျှ ထင်းကို အလေးထား၍ သုံးစွဲကြမည်ဖြစ်ခြင်းကြောင့် ထင်းကုန်ကျမှု သက်သာသော စွမ်းအားမြင့်မီးဖိုများကို ယခုထက်ပို၍ သုံးစွဲလာကြမည်ဖြစ်သည်။
- အိမ်တွင်းစက်မှုလုပ်ငန်းများ၊ စက်ရုံများ၊ စားသောက်ဆိုင်များ၊ အဖွဲ့အစည်းများနှင့်ပင်လယ်ငါးဖမ်း စက်လှေကြီးများ၏ ထင်းနှင့်မီးသွေးသုံးစွဲမှုပမာဏများကို ခန့်မှန်းနိုင်ရေးအတွက် နမူနာစစ်တမ်းများ ကောက်ယူထားသင့်သည်။
- တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ထင်းသုံးစွဲမှု ပမာဏစုစုပေါင်းကို ခန့်မှန်းရာတွင် အခြေခံသည့် အိမ်ထောင်စုတစ်စု၏ ထင်းသုံးစွဲမှု ပမာဏသည် လွန်ခဲ့သော အနှစ် ၂၀ ခန့်က ရမည်းသင်းခရိုင် တစ်ခုတည်းရှိ အိမ်ထောင်စု အနည်းငယ်မှသာ နမူနာကောက်ယူခဲ့ခြင်းဖြစ်သဖြင့် ခိုင်မာမှုနည်းသည်။ အိမ်ထောင်စုဦးရေသည် သိန်းချီ၍ရှိခြင်းကြောင့် အခြေခံသည့် ကိန်းဂဏန်းအနည်းငယ် ကွဲလွဲရုံမျှဖြင့်ပင် နောက်ဆုံးရလဒ်သည် အများအပြား ကွဲလွဲသွားနိုင်သည်။ ထို့ကြောင့် ပိုမိုခိုင်မာသော အခြေခံကိန်းဂဏန်းကိုရရှိစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလွှာများခွဲခြားပြီး သတ်မှတ်သည့် နမူနာဦးရေပြည့်မီအောင် ကောက်ယူထားသင့်သည်။
- သစ်တောများမှ ထုတ်ယူသုံးစွဲနေသည့် ထင်းပမာဏကို အနီးကပ်ဆုံး ခန့်မှန်းနိုင်ရေးအတွက် သစ်တောများအနီးရှိ ကျေးရွာများနှင့် သစ်တောများနှင့် ဝေးကွာသော ကျေးရွာများတွင် နမူနာစစ်တမ်းများ ကောက်ယူထားသင့်သည်။
- ထို့ကြောင့် အချုပ်အားဖြင့် နိုင်ငံတော်၏ နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲရာတွင် ခိုင်မာသော အထောက်အထားများကို အခြေခံနိုင်ရေးအတွက် ထင်းနှင့် မီးသွေး သုံးစွဲမှုပမာဏများ နှင့် ထင်းရရှိနိုင်သော ရင်းမြစ်များမှ ထုတ်ယူနိုင်မည့် ပမာဏများကို အနီးကပ်ဆုံးခန့်မှန်းသိရှိထားရန် အလွန်ပင်အရေးကြီးပါကြောင်း တင်ပြအပ်ပါသည်။

**မှီငြမ်းသောသုတေသနစာတမ်းများ**


၁။ Improved Cookingstoves Oct.1994. U Soe Tint and U Win Kyi.

၂။ The Dissemination of A-1 Fuelwood Cookstoves. July, 1997. U Win Kyi and U Win Oo Naing.

၃။ Woodfuel Production and Marketing in Yemethin Forest District - March, 1999. U Saw Kelvin Keh and U Win Kyi.


(၇–၇–၂၀၁၆) မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော မူရင်းဆောင်းပါးဖြစ်ပါသည်။



ထင်းမျှော်စိမ်တိုင်၊ လှိုင်လှိုင်ရဖို့
ကျေးရွာသစ်တော၊ စိုက်ပျိုးစို့ ။

# မြန်မာနိုင်ငံတွင် ဆင်ထိန်းသိမ်းရေးဆောင်ရွက်မှုများ



(၁၂-၈-၂၀၁၆)ရက်တွင် ကျရောက်သည့် World Elephant Day (ကမ္ဘာ့ဆင်နေ့) အထိမ်းအမှတ်ဆောင်းပါး

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဆင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့မှုကို သမိုင်းအထောက်အထားများအရတွေ့ရှိရပြီး ၁၈၇၉ ခုနှစ် ကုန်းဘောင်ခေတ်တွင် ဆင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ လက်ရှိတွင် ဥပဒေဖြင့်ကာကွယ်ထားမှုအခြေအနေမှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄)ဖြင့် ဆင်များကိုထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

၁၉၇၉ ခုနှစ်တွင် FAO စစ်တမ်းအရ မြန်မာနိုင်ငံ၌ တောဆင်ရိုင်းကောင်ရေစုစုပေါင်း ၆၀၀၀ ခန့်ရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် သစ်တောဦးစီးဌာန၊ Asian Elephant Research and Conservation Centre, IUCN/SSC၊ Asian Elephant Specialist Group and Scientific Exploration Society တို့ပူးပေါင်း၍ ဆင်စားကျက်နယ်မြေများဖြစ်သည့် ပဲခူးရိုးမသစ်တောကြိုးဝိုင်း (၅)ခု၊ ရခိုင်ရိုးမရှိသစ်တောကြိုးဝိုင်း(၇)ခုနှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တို့တွင် ဆင်စာရင်းကောက်ယူခဲ့ပါ သည်။ အဆိုပါ စာရင်းကောက်ယူမှုအရ ပဲခူးရိုးမတွင် တောဆင်ကောင်ရေ (၃၀၀)၊ ရခိုင်ရိုးမတွင် (၇၀၀)နှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တွင် (၁၅၀)ရှိပါသည်။ သစ်တောဦးစီးဌာနနှင့် Smithsonian Institution (SI)တို့ ပူးပေါင်း၍ ၂၀၀၁ခုနှစ်မှ ၂၀၀၃ခုနှစ်ထိစာရင်းကောက်ယူမှုအရ တောဆင်ရိုင်းကောင်ရေ ၅၀၀၀ ခန့် ကျန်ရှိကြောင်းသိရပါသည်။ လက်ရှိတွင် တောဆင်ရိုင်းကောင်ရေ (၃၀၀၀)ကျော်ရှိကြောင်းခန့်မှန်းရပါသည်။ယခုအချိန်အထိ ဆင်စာရင်းကောက်ယူမှုကို နိုင်ငံအဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားနိုင်ခြင်းမရှိသေးပါ။ သို့ရာတွင် မြန်မာနိုင်ငံသည် အာရှတိုက်တွင် အိန္ဒိယနိုင်ငံပြီးလျှင် ဆင်ဦးရေ ဒုတိယအများဆုံး ပိုင်ဆိုင်ထားလျက်ရှိပါသည်။

နေရင်းဒေသလျော့နည်းယိုယွင်းခြင်း၊ တရားမဝင်သတ်ဖြတ်ခံရခြင်းတို့ကြောင့် ဆင်ကောင်ရေသိသိသာသာ လျော့နည်းလာကြောင်းကွင်းဆင်းသုတေသီများ၊ ဆင်ကျွမ်းကျင်ပညာရှင်များကသုံးသပ်ပါသည်။

မြန်မာနိုင်ငံရှိသဘာဝနယ်မြေ (၃၉)ခုအနက် (၁၃)ခုတွင် တောဆင်ရိုင်းများအားအဓိကကာကွယ်ရမည့် မျိုးစိတ်အဖြစ်ထိန်းသိမ်းလျက်ရှိပါသည်။ ဆက်စပ်ဌာနများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ SIနှင့် CITES-MIKE ကဲ့သို့ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆင်ဘေးမဲ့တောများတည်ထောင်ထိန်းသိမ်းကာကွယ်ထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က)ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၁၉၂၇)ခုနှစ် | ၆၇. ၉၆ | စတုရန်းမိုင် |
| (ခ)ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၁၉၇၄)ခုနှစ် | ၈၃၀. ၄၀ | စတုရန်းမိုင် |
| (ဂ)အလောင်းတော်ကဿပအမျိုးသားဥယျာဉ်(၁၉၈၉)ခုနှစ် | ၅၄၁. ၆၂ | စတုရန်းမိုင် |
| (ဃ)ရခိုင်ရိုးမဆင်ဘေးမဲ့တော(၂၀၀၂)ခုနှစ် | ၆၇၇. ၈၈ | စတုရန်းမိုင် |
| (င)ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၀၄)ခုနှစ် | ၆၇၀၈. ၀၀ | စတုရန်းမိုင် |
| (စ)မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၂)ခုနှစ် | ၃၇၉. ၅၉ | စတုရန်းမိုင် |
| **စုစုပေါင်းဧရိယာ** | **၉၂၀၅.၄၅** | **စတုရန်းမိုင်** |

မြန်မာနိုင်ငံအတွင်းအောက်ပါဒေသများတွင် တောဆင်ရိုင်းများပျံ့နှံ့ကျက်စားမှုရှိကြောင်းတွေ့ရှိရပါသည် -

(၁)ကချင်ပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းနယ်မြေများ၊(၂)ချင်းတွင်းမြစ်အထက်ပိုင်းနှင့် တောင်ပိုင်းနယ်မြေများ၊ (၃)ရှမ်းရိုးမမြောက်ပိုင်းနှင့် တောင်ပိုင်းနယ်မြေများ၊(၄)စစ်ကိုင်းတိုင်းဒေသကြီး(ခန္တီး၊မုံရွာ၊ဂန့်ဂေါနယ်စပ်၊ကလေးဝ၊ကန့်ဘလူ)၊ (၅)ရခိုင်ပြည်နယ်(မေယုတောင်တန်း၊ရခိုင်ရိုးမ)၊ (၆)ကယားပြည်နယ်နှင့် ကရင်ပြည်နယ် ဆက်စပ်ဒေသ၊ (၇) ကရင်ပြည်နယ် (သံလွင်အရှေ့ခြမ်း)၊ (၈)မွန်ပြည်နယ်(သံဖြူဇရပ်၊ ရေး၊ ဘုရားသုံးဆူ)၊ (၉) ပဲခူးရိုးမ(အလယ်ပိုင်း၊ အောက်ပိုင်း)၊ (၁၀)ရောဝတီတိုင်းဒေသကြီး (ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ငပုတော၊ လပွတ္တာ၊ပုသိမ်၊ ဟသာတ၊ ကြံခင်း)၊ (၁၁)တနင်္သာရီတိုင်းဒေသကြီး၊ (၁၂)ရန်ကုန်တိုင်းဒေသကြီး(တိုက်ကြီး၊မှော်ဘီ၊လှည်းကူး) တို့ဖြစ်ကြပါသည်။

Source- သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန



# သစ်တောပြန်လည်တည်ထောင်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ

**ဒေါက်တာရာဇာမင်း**

သစ်တောပြန်လည်တည်ထောင်ခြင်း (forest restoration and rehabilitation)မှာ forest restoration ကတော့ အတန်းအစားကျဆင်းသွားတဲ့ သစ်တောတွေကို မူလပေါက်ရောက်ပါဝင်မှုအတိုင်း၊ မူလအတန်းအစားအတိုင်း ပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်တာဖြစ်ပြီး၊ forest rehabilitation ကတော့ သစ်တောပြုန်းတီး ပျက်စီးသွားတဲ့ နေရာတွေမှာ သစ်တောတွေကို ပြန်လည်တည်ထောင်ပြီး သစ်တောထွက်ပစ္စည်းတွေနဲ့ အခြားဝန်ဆောင်မှုတွေ ပြန်လည်ရရှိလာအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ သစ်တောပြန်လည်တည်ထောင်ခြင်း (forest restoration and rehabilitation) ဆိုတာ သာမန်သစ်တောစိုက်ခင်းတည်ထောင်ရုံသက်သက်ထက် ပိုတယ်လို့ဆိုရပါမယ်။

ဒီနေ့ခေတ်မှာ သစ်တောတွေ ပြန်လည်တည်ထောင်တဲ့အခါ အသုံးပြုလာတဲ့နည်းလမ်းကတော့ သစ်တောမြေယာရှုခင်း (forest landscape restoration- FLR approach)ပါ။ အထူးသဖြင့် ပုံမှန်စိုက်ခင်းတည်ထောင်တဲ့ပုံစံနဲ့ကွဲပြားနိုင်တာကတော့ FLR မှာ မြေအသုံးချမှုနဲ့ ဆက်စပ်ပတ်သက်သူတွေအားလုံး ပါဝင်စေတာဖြစ်ပြီး၊ အများသဘောတူညီမှုနဲ့ ဆုံးဖြတ်ချက်ချရတဲ့ လုပ်ငန်းစဉ်တွေလည်းပါဝင်ပါတယ်။ အစိုးရကစီမံခန့်ခွဲမှုရှိသောမြေမို့၊ သစ်တောကြိုးဝိုင်းမို့၊ ကြိုးပြင်ကာကွယ်တောမို့၊ အစိုးရနဲ့ ဌာနတွေက ကိုယ့်သဘောကိုယ်စီမံမယ်၊ စိုက်ခင်းတည်ထောင်မယ် စတဲ့သီးခြားဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်တာမျိုးမဟုတ်ဘဲ ပေးလာတဲ့အခြေအနေတိုင်းမှာ ဆက်စပ်ပတ်သက်သူတွေကို ချပြဆွေးနွေးပြီး သဘောတူညီမှုရရှိအောင်ကြံဆောင်တာမျိုးပါ။ FLR ရဲ့အနှစ်သာရက ပြည်သူအများနဲ့ဆက်စပ်ပတ်သက်သူတွေ ထဲထဲဝင်ဝင်ပါဝင်မှုနဲ့ သစ်တောပြန်လည်တည်ထောင်တဲ့လုပ်ငန်းတွေကို အောင်မြင်အောင်ဆောင်ရွက်တာမျိုးပါ။ အဓိကတော့ ကိုယ်စိုက်မည့် ပျိုးမည့်နေရာ (site level) တစ်ခုတည်းကိုသာမက တစ်ခွင်တစ်ပြင် (landscape level)ဆက်စပ်တာတွေပါ ထည့်သွင်း စဉ်းစားဆောင်ရွက်တာမျိုးပါ။

သစ်တောပြန်လည်တည်ထောင်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်တဲ့နေရာတွေကတော့ စိုက်ပျိုးရေးစွန့်ပစ်မြေတွေ၊ သစ်တောပြုန်းတီးသွားပြီး မြက်ရိုင်းတွေပေါက်နေတဲ့နေရာတွေ၊ ချုံပုတ်တောတွေ၊ တောအတန်းအစားကျဆင်းပျက်စီးနေတဲ့နေရာတွေပဲဖြစ်ပါတယ်။ သစ်တောပြန်လည်တည်ထောင်တဲ့အခါ မီးမလောင်အောင်၊ ကျွဲနွားတိရစ္ဆာန်တွေမဖျက်ဆီးအောင်၊ မြေတိုက်စားတာ မဖြစ်အောင် စတဲ့ကာကွယ်တဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်နိုင်သလို သဘာဝအတိုင်းပေါက်ရောက်နေပြီးသား အပင်တွေကြီးထွားတာ မြန်ဆန်လာအောင် ဥပမာ -တောထဲမှာ သဘာဝအတိုင်း ပေါက်နေတဲ့မျိုးဆက်ပင်လေးတွေကို ပေါင်းရှင်းပေးတာတွေ အလင်းဖွင့်ပေးတာတွေ စတဲ့နည်းလမ်းတွေအသုံးပြုပြီးလည်း ဆောင်ရွက်နိုင်ပါတယ်။

သစ်တောပြန်လည်တည်ထောင်တဲ့ လုပ်ငန်းတွေအောင်မြင်ဖို့ဆိုရင် ရေရှည်တည်တံ့စေရေး ပင်မထောက်တိုင်(၃)ခုကို အလေးဂရုပြုဖို့လိုပါတယ်။ ဒါကြောင့်မို့ သစ်တောပြန်လည်တည်ထောင်တဲ့လုပ်ငန်းစဉ်မှာ ဂေဟဗေဒအရ ခိုင်မာဖို့၊ လူမှုပတ်ဝန်းကျင်အရလည်း လက်ခံနိုင်ဖို့၊ စီးပွားရေးအကျိုးအမြတ်လည်းရှိဖို့ဆိုတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ဖို့လိုပါတယ်။

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က အောင်မြင်တဲ့ သစ်တောပြန်လည်တည်ထောင်ခြင်းဖြစ်ဖို့အတွက် အဓိကအချက်ကြီး (၁၀)ချက်ကို ထောက်ပြဆွေးနွေးထားပါတယ်။

**၁။ သင့်တော်တဲ့ မြေနေရာ သို့မဟုတ် မြေယာရှုခင်းကိုရွေးပါ။**

မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချပုံစံနှင့် ဆက်စပ်ပတ်သက်သူ စတဲ့အချက်တွေကို သေချာစိစစ်သုံးသပ်ပြီး နေရာရွေးချယ်ဖို့လိုပါတယ်။

**၂။ သစ်တောပြုန်းတီးစေတဲ့ အတန်းအစားကျဆင်းစေတဲ့အကြောင်းအရင်းတွေကို ဖော်ထုတ်ပါ။**

သစ်တောပြန်လည်တည်ထောင်တဲ့ နေရာတွေမှာ တောအတန်းအစားကျဆင်းစေတဲ့ ပြုန်းတီးစေတဲ့အကြောင်းအရင်းတွေကို ရှာဖွေဖို့လိုအပ်ပါတယ်။ အကြောင်းအရင်းတွေက နေရာဒေသတစ်ခုနဲ့တစ်ခုကမတူပါ။ ဥပမာ- ရွှေ့ပြောင်းတောင်ယာတွေကြောင့် တောပြုန်းတဲ့နေရာရှိသလို တရားမဝင်သစ်ခုတ်လို့ စိုက်ပျိုးမြေချဲ့ထွင်လို့ တောပြုန်းတဲ့နေရာတွေရှိနိုင်ပါတယ်။ မတူတဲ့အခြေအနေတွေအပေါ် ချဉ်းကပ်ဖြေရှင်းပုံကလည်း ကွဲပြားပါမယ်။

**၃။ ဆက်စပ်ပတ်သက်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပါ။**

သစ်တောပြန်လည်တည်ထောင်တယ်ဆိုတာ အရှည်သဖြင့် လုပ်ကိုင်ဆောင်ရွက်ရတာမျိုးပါ။ ဒါကြောင့်မို့ သစ်တောတွေ ပြန်လည်တည်ထောင်ရတဲ့ ရည်ရွယ်ချက်တွေ၊ ဒီလုပ်ငန်းစဉ်တွေကနေ ရရှိလာနိုင်တဲ့ အကျိုးအမြတ်တွေကို ဆက်စပ်ပတ်သက်သူတွေ သိရှိအောင် တွေ့ဆုံဆွေးနွေးထားဖို့လိုပါတယ်။ ပြီးတော့ သစ်တောပြန်လည်တည်ထောင်တဲ့ စီမံချက်ကို သူတို့တစ်တွေနဲ့အတူ မူကြမ်းအဆင့်ရလာအောင်ရေးဆွဲနိုင်ပါတယ်။

**၄။ သစ်တောပြန်လည်တည်ထောင်ခြင်းစီမံချက်ရေးဆွဲပါ။**

- စီမံချက်မှာ မြေအသုံးချတဲ့မြေပုံပြင်ဆင်တာတွေပါဝင်ပါမယ်။
- ပြန်လည်တည်ထောင်မည့်နည်းလမ်းကို ရွေးချယ်တာလည်းပါမယ်။ တောင်ယာစိုက်ခင်းစနစ်(Taungya System)၊ မီးရှို့မြေပြင်တာမဟုတ်တဲ့စိုက်ခင်း(Zero Burning)၊ ကွက်လပ်ဖြည့်(Gap Plantation)၊ တန်ဖိုးမြှင့်စိုက်ပျိုးခြင်း(Enrichment Plantation)၊ အားဖြည့်မျိုးဆက်ခြင်း (Assisted Natural Regeneration)စတဲ့ နည်းလမ်းတွေထဲက သင့်တော်ရာကို ရွေးချယ်နိုင်ပါတယ်။
- သစ်တောပြန်လည်တည်ထောင်မည့် ရည်ရွယ်ချက်တွေကိုလည်း ရှင်းလင်းဖို့လိုပါတယ်။ စီးပွားရေး၊ ကျေးရွာသုံး၊ ဇီဝမျိုးစုံမျိုးကွဲ ပြန်လည်တည်ထောင်ထိန်းသိမ်းရေး စတဲ့ ရည်ရွယ်ချက်တွေထဲက ဘယ်အချက်ကိုရွေးပြီး တည်ထောင်
- မှာလည်းဆိုတာလည်း ဆုံးဖြတ်ဆောင်ရွက်ရပါမယ်။ ပြီးတော့စိုက်ပျိုးမည့် သစ်မျိုးရွေးချယ်တာ၊ ပျိုးဥယျာဉ်တည်ထောင်တာတွေပါမယ်။ ဒေသသစ်မျိုးမဟုတ်ဘဲ အခြားပြင်ပသစ်မျိုးတွေစိုက်မယ်ဆိုရင် ကိုယ့်ဒေသမျိုးတွေအပေါ် သက်ရောက်မှု၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု
- စတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ သစ်တောပြန်လည်တည်ထောင်တဲ့ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်လာတဲ့ အပြစ်တွေနဲ့ ရရှိလာနိုင်တဲ့အကျိုးတွေကို သုံးသပ်ဆောင်ရွက်ဖို့လည်းလိုပါတယ်။

**၅။ သစ်စေ့စုဆောင်းတာ၊ ပျိုးပင်ထုတ်လုပ်တာနဲ့ စိုက်ပျိုးဖို့ပြင်ဆင်တာပါ။**

သစ်စေ့ (သို့) စိုက်ပျိုးမည့်ပစ္စည်း (planting materials)ဆိုတာ သစ်တောပြန်လည်ထူထောင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။ အစကောင်းမှသာအနှောင်းသေချာပါတယ်။ Seed costs nothing, but it pays. ဆိုတဲ့အတိုင်း မျိုးဗီဇအရကောင်းမွန်တဲ့မျိုးစေ့ ဒါမှမဟုတ် စိုက်ပျိုးမည့်ပစ္စည်းတွေကိုအသုံးပြုပြီး စိုက်ပျိုးဖို့အလေးထားဆောင်ရွက်ဖို့လိုပါတယ်။ မျိုးရိုးဗီဇတွေကို အရှည်သဖြင့် ထိန်းသိမ်းဖို့နဲ့ စနစ်တကျသုံးစွဲဖို့အချက်တွေကိုလည်း အလေးထားမှသာ ရေရှည်မှာ သစ်တောမျိုးရိုးဗီဇ အရင်းအမြစ်တွေ တည်တံ့ပြီး နောင်သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲသွားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ သစ်စေ့စုဆောင်းတဲ့အခါ စုဆောင်းရမည့်နည်းလမ်းတွေကို စနစ်တကျချမှတ်ထားဖို့လိုပါတယ်။ စိုက်ပျိုးမည့်အပင်ရဲ့ မျိုးရိုးဗီဇစုံလင်ကွဲပြားမှုအခြေအနေ၊ ဒေသအလိုက် သတ်မှတ်စုဆောင်းပြီး တိုင်းကျော်ပြည်ကျော် ခွင့်ပြုမပြု၊ သစ်စေ့စုဆောင်းရမည့် အပင်အနေအထားတွေကိုလည်း ရှင်းရှင်းလင်းလင်းပြဋ္ဌာန်းထားရပါမယ်။ ဥပမာ- မြန်မာနိုင်ငံမှာဆို ကျွန်းမျိုးရိုးဗီဇစုံလင်ကွဲပြားမှုကမြင့်မားပြီး နေရာတစ်နေရာနဲ့တစ်နေရာ ကွဲပြားတဲ့အတွက် တိုင်းကျော်နယ်ကျော်သယ် စိုက်ပျိုးတာမျိုးထက် မူလဒေသပေါက်ပင်ကနေမျိုးယူပြီးသာ စိုက်ပျိုးစေတာမျိုးတွေ ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့ လယ်ကြား၊ လမ်းဘေးအထီးတည်း ကျွန်းပင်တွေကနေ သစ်စေ့ယူဆောင်ပြီး စိုက်တာမျိုးတွေအားမပေးဖို့ သေချာရေးဆွဲ အကောင်ထည်ဖော်ဖို့လိုပါတယ်။ ရေရှည်မျိုးကောင်းမျိုးသန့်တွေရဖို့ မျိုးသန့်ပင်ရှာဖွေတာတွေ၊ သစ်စေ့ထုတ်ဧရိယာ၊ မျိုးသန့်ဥယျာဉ်၊ မျိုးထုတ်ဥယျာဉ်တွေတည်ထောင်ဖို့တွေကိုလည်းလုပ်ငန်းစဉ်မှာ သေချာထည့်သွင်းထားဖို့လိုပါတယ်။

**၆။ သစ်ပင်စိုက်ပျိုးခြင်း**

ရိုးရှင်းတဲ့အဆင့်ဆိုပေမယ့် လုပ်သားလုံလောက်မှု၊ အချိန်မီမြေပြင်ဆင်နိုင်မှု၊ စိုက်ပျိုးပင်၊ စိုက်ပျိုးချိန်၊ ရာသီဥတုစတဲ့ စိုက်ပျိုးပင်ရှင်သန်အောင်မြင်စေမယ့် အရေးကြီးတဲ့အချက်တွေကို အထူးဂရုပြုဖို့လိုပါတယ်။

**၇။ စွမ်းဆောင်ရည်တည်ဆောက်တာနဲ့ သင်တန်းများပေးတာကို ဆောင်ရွက်ပါ။**

အရေးကြီးဆုံးထဲကတစ်ခုပါ။ ရှိပြီးသားဝန်ထမ်းအင်အားက လိုအပ်တဲ့ကျွမ်းကျင်မှုရောရှိနေပြီလား။ ကျွမ်းကျင်မှုမရှိသေးတဲ့သူတွေအတွက်ရော ဘယ်လိုသင်တန်းတွေပေးရမလဲဆိုတာကို သုံးသပ်ဖော်ထုတ် အဖြေရှာဆောင်ရွက်ဖို့လိုပါတယ်။

**၈။ ဖြစ်နိုင်တဲ့အချိန်ကာလနဲ့ ငွေကြေးအခြေအနေကို စနစ်တကျ တွက်ချက်သတ်မှတ်ဖို့လိုပါတယ်။**

စီမံကိန်းကာလကို သတ်မှတ်တဲ့အခါ အချိန်ကာလ ကြာမြင့်လေလေ ကုန်ကျစရိတ်ကများလေလေပါ။ ထောက်ပံ့မည့် အဖွဲ့အစည်း၊ ထောက်ပံ့ပေးနိုင်မည့်ကာလတို့ကို သေချာချင့်တွက်ပြီး စီမံဆောင်ရွက်ဖို့လိုပါတယ်။ စီမံကိန်းကာလပြီးသွားတဲ့အခါ ရလဒ်ကရော ပေးလိုက်ရတာနဲ့ တွက်ခြေကိုက်နိုင်သလားဆိုတာတွေပါ စဉ်းစားဖို့လိုပါတယ်။

**၉။ သစ်တောပြန်လည်တည်ထောင်ထားပြီးပါက အပြမပြတ်ကြီးကြပ်စောင့်ကြည့်ဖို့နဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေ လိုအပ်သလိုဆောင်ရွက်နေဖို့ပါ။**

သစ်တောပြန်လည်တည်ထောင်တယ်ဆိုတာ စီမံကိန်းရေးဆွဲတဲ့အဆင့်၊ တည်ထောင်တဲ့အဆင့်တွေ အရေးပါသလို တည်ထောင်ပြီး နောက်ပိုင်းလုပ်ငန်းတွေကလည်း ဆတူအရေးပါပါတယ်။ နိုင်ငံတော်တော်များများမှာ ဖြစ်လေ့ရှိတတ်တာက ကြီးကြပ်စောင့်ကြည့် အကဲဖြတ်တဲ့အဆင့်၊ ထိန်းသိမ်းတဲ့အဆင့်တွေမှာ အားနည်းတတ်ကြပါတယ်။ လုပ်ငန်းတွေ ရာနှုန်းပြည့် အောင်မြင်ဖို့ဆိုရင် ဒီအချက်တွေကိုလည်းအလေးထားဆောင်ရွက်ဖို့လိုပါတယ်။

**၁၀။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကိုလည်းထည့်သွင်းစဉ်းစားပါ။**

ရာသီဥတုပြောင်းလဲတဲ့ဒဏ် အများဆုံးခံနေရတဲ့ နိုင်ငံထဲမှာပါတဲ့နိုင်ငံအနေနဲ့ ရာသီဥတု ပြောင်းလဲတဲ့ဒဏ်ကို ခံနိုင်ရည်ရှိတဲ့အပင်မျိုးတွေကို ရွေးချယ်စိုက်ပျိုးနိုင်အောင် ဖော်ထုတ်သိရှိထားဖို့လိုပါတယ်။

သစ်တော ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် စီမံချက်ရေးဆွဲတာ၊ အကောင်အထည်ဖော်တာနဲ့ ကြီးကြပ်ထိန်းသိမ်းတာစတဲ့ အဆင့်တိုင်းဟာ ဆတူအရေးကြီးပါတယ်။ FLR နည်းလမ်းကတော့ အဆင့်တိုင်းမှာ ဆက်စပ်ပတ်သက်သူတွေရဲ့ အခန်းကဏ္ဍကို အလေးထားတာပါ။ သစ်တောတွေ ပြုန်းတီးပျက်စီးစေခဲ့တဲ့အကြောင်းအရင်းတွေ၊ ယခင်က သစ်တောတွေပြန်လည်တည်ထောင်ခဲ့တဲ့နည်းလမ်းတွေကိုလည်း စနစ်တကျခွဲခြမ်း စိတ်ဖြာပြီး ဆောင်ရွက်မယ့် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းတွေ ပိုကောင်းမွန်အောင်မြင်အောင် ဆောင်ရွက်နိုင်ပါတယ်။ အတိတ်ကသင်ခန်းစာကိုယူပြီး အမှားတွေကို ထပ်ကျော့မမှားဖို့ ဂရုပြုဖို့လိုပါမယ်။

တကယ်တော့ အားလုံးညီမှ ပြည်သာပါလိမ့်မယ်။ အားလုံးညီညွတ်မှ သစ်တောတွေ ပြန်လည်စိမ်းလန်းလာပါလိမ့်မယ်။ အများစုရဲ့ ပူးပေါင်းပါဝင်မှုက ရေရှည်အောင်မြင်ဖို့အတွက် အခရာကျပါတယ်။ ဒါကြောင့်မို့ ပြည်သူအများ ပူးပေါင်းပါဝင်နိုင်မယ်၊ ဆက်စပ်ပတ်သက်သူတွေ ပူးပေါင်းပါဝင်နိုင်မယ့် အခြေအနေကောင်းများကိုဖန်တီးပြီး သစ်တောထိန်းသိမ်းရေး၊ သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းတွေကို အတူတကွ ပိုင်းဝန်းဆောင်ရွက်နိုင်ဖို့ ရေးသားတင်ပြလိုက်ပါတယ်။

**ကိုးကား။** Anon. 2016. Sustainable Forest Management toolbox: basic knowledge of forest restoration and rehabilitation (www.fao.org)



## “ ပီတိအပြုံး ”

အသိတွေပေး
အတတ်တွေပေးလို့
ပီတိကိုသာစားသူတွေ
ရင့်ရော်အိုဆွေး
ဘဝအတွေ့တွေ
ဖြတ်သန်းနေကြတဲ့
ပီတိကိုစားခဲ့သူတွေ
မျိုးဆက်သွေးကို
မွေးခဲ့သူကို
ယခုနေများ
ရှိနေသေးလျှင်
မွေးထုတ်ခဲ့သော
သွေးသစ်လေးတွေဆောင်ရွက်နေပုံ
ကဏ္ဍစုံကို
အမြင်ကြည်လို့
ပီတိတွေဝေ ． ． ．။
(ဆရာသုံးပါးအား ဦးညွှတ်လျက်)

**တင်သောင်း (တောအုပ်)**
**စီမံကိန်းနှင့်စာရင်းအင်းဌာန**

# Saemaul Undong (ဆယ်မား- အွန်ဒုံ)အလွန်နှင့် အောင်မြင်မှု၏ ပုံတင်သံ



**ပန်းပျိုးသူ (FRI)**

"Saemaul Undong" သစ်တောပြန်လည်တည်ထောင်ရေးလူထုလှုပ်ရှားမှု

စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လိုပါက မစတင်မီကတည်းကပင် စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်ရရှိလာနိုင်သည့် ကောင်းကျိုးများနှင့် ခံစားရနိုင်သော ဆိုးကျိုးသက်ရောက်မှုများအား ကြိုတင်တွက်ချက်ပြီးမှ လုပ်ဆောင်လေ့ရှိကြသည်ကို ကျွန်ုပ်တို့အားလုံး သိရှိကြပြီးဖြစ်ပါသည်။ ပိုမို၍ ထိရောက်အောင်မြင်သော စီမံကိန်းတစ်ခုဖြစ်လာစေရန်အတွက် အလားတူစီမံကိန်းများ၏ အောင်မြင်မှုအတွေ့အကြုံများနှင့် အောင်မြင်ရသည့်အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်ရန် လိုအပ်သကဲ့သို့ကျရှုံးခဲ့ရသည့် စီမံကိန်းများထံမှလည်း သင်ခန်းစာများ လေ့လာနည်းယူရန်လိုအပ်ပါသည်။ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းကို(၁၇၀၀-၁၉၄၀) ကိုလိုနီခေတ်ကာလများမှပင် ရာစုနှစ်နှင့်ချီ၍လုပ်ဆောင်လာခဲ့ကြသော်လည်း မြန်မာနိုင်ငံအပါအဝင် အပူပိုင်းဒေသနိုင်ငံအတော်များများ၌ အောင်မြင်မှုပန်းတိုင်ဆီသို့ ရောက်ရှိရန်နေ့ရက်သည် မျှော်လင့်ထားသည်ထက် ပိုမိုကြာမြင့်နိုင်ပါသည်။ သို့ဆိုလျှင် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအား အရှိန်အဟုန်နှင့်ပြည်သူလူထုတို့၏အင်အားဖြင့် "တောင်ကတုံးကို သျှောင်ထုံး" ခဲ့သည့် ကိုရီးယားနိုင်ငံမှ "Saemaul Undong" အောင်မြင်သူတို့၏ သမိုင်းပုံပြင်ကိုလေ့လာကြည့်ကြပါစို့။

## Saemaul Undong နှင့် နောက်ခံသမိုင်းကြောင်း

ကိုရီးယားနိုင်ငံသမိုင်းနှင့် နီးစပ်သူများကတော့ "Saemaul Undong" နှင့် ရင်းနှီးကျွမ်းဝင်ပြီး အဓိပ္ပါယ်ကိုလည်း နားလည်ပြီးသား ဖြစ်ပါလိမ့်မည်။ "Saemaul Undong" ဆိုသည်မှာ ကိုရီးယားနိုင်ငံအတွင်း ၁၉၇၀-ခုနှစ် များဆီမှ စတင်ဆောင်ရွက်ခဲ့သော "ကိုရီးယားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု"တစ်ခုဖြစ်ပါသည်။ ထိုစဉ်အချိန်က ကိုရီးယားနိုင်ငံအတွင်း၌ ကဏ္ဍပေါင်းစုံ ပါဝင်သော ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်သာယာလှပရေး၊ သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုအတွက် အခြေခံအဆောက်အဦ တိုးတက်မြင့်မားလာရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရေးအစရှိသည့် ရည်ရွယ်ချက်များဖြင့် "Saemaul Undong"ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ "Saemaul Undong" ၏ အနှစ်သာရမှာ ဒေသခံပြည်သူလူထုများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခြင်း၊ ပြည်သူလူထု၏ အခြေခံအသိစိတ် ပြောင်းလဲပေးခြင်းနှင့် "ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရာရာတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် Can-Do Spirit " ဟူသော အခြေခံအသိစိတ် ပေါ်ပေါက်လာစေခြင်းပင်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျေးလက်နေ ပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအသွင်ဖြင့် စတင်ခဲ့သော Saemaul Undong သည် မြို့ပြများသို့ပါ ပျံ့နှံ့လာခဲ့ပြီး နိုင်ငံတော်၏ အခြေခံအဆောက်အဦနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်အထိ တစ်နိုင်ငံလုံး ပါဝင်လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။

"Saemaul Undong - ကိုရီးယားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလှုပ်ရှားမှု"ကို မည်သည့်အတွက်ကြောင့်ဆောင်ရွက်ခဲ့ပါသနည်း။

၁၉၇၀ ခုနှစ်၊ နှစ်ဦးပိုင်း Saemaul Undong စတင်အကောင်အထည်ဖော်စ ကာလများက ပို့ကုန်အခြေပြု စက်မှုလုပ်ငန်းသည် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်ရှိနေပြီး၊ ကိုရီးယားနိုင်ငံ၏မြို့တော်နှင့် ကိုရီးယားနိုင်ငံအရှေ့တောင်ရှိ Yeongnam ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်

လာနေပါသည်။ သို့ သော်လည်း ကျေးလက်ဒေသများတွင်မူ ဖွံ့ဖြိုးတိုးတက်မှု အလွန်နှေးကွေးပြီး ကိုရီးယားနိုင်ငံတော် စီးပွားရေးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ၂.၈% သာ ပါဝင်နိုင်ကြောင်းသိရှိရပါသည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံမြို့ပြနှင့် ကျေးလက်ဒေသကြား ကွာဟမှု လျှော့ချရန်အတွက် Saemaul Undong စတင် ပေါ်ပေါက် လာခဲ့ပါသည်။

Professor Dong Geun Han ၏အဆိုအရ- ကျေး လက် ဒေသနေ ဒေသခံပြည်သူများ၏ ဆင်းရဲမွဲတေမှုသည် Saemaul Undong ကို အကောင်အထည်ဖော် ဆောင်ရွက် ရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ကြောင်းသိရှိရပါသည်။ Saemaul Undong မတိုင်မီက ကျေးလက်ဒေသနေ ကိုရီးယားနိုင်ငံသား အများစုသည် မူးယစ်သောက်စားလောင်း ကစားခြင်း၊ ပျင်းရိခြင်း၊ မနာလိုမှုများခြင်းတို့ကဲ့သို့သော အခြေခံအသိစိတ်ပြုပြင်ရန်လိုအပ်မှုများ၊ ဝင်ငွေရရှိစေနိုင် မည့် အရင်းအမြစ်နည်းပါးခြင်း၊ လယ်သမားတစ်ဦးချင်း လယ်ယာပိုင်ဆိုင်မှုနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကဲ့သို့သော အခြေခံအဆောက်အဦ လိုအပ်မှု များနှင့် နှင်းခဲခြင်းအပြင် ရေကြီးခြင်းနှင့် မြေတိုက်စားခြင်း တို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်ထူပြောခြင်း အစရှိ သည်တို့ကြောင့် ဆင်းရဲနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၁၉၆၅ ခုနှစ်အချိန်က ကိုရီးယားနိုင်ငံစုစုပေါင်းလူဦးရေ၏ ၄၁ ရာခိုင်နှုန်းနီးပါးသည် အလွန်ဆင်းရဲသည့် အနေအထား ဖြစ်ပါသည်။ ၁၉၇၀ ခုနှစ်မတိုင်မီအထိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ကျေး လက်ဒေသနေ ကိုရီးယားပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ကြသော်လည်း သမ္မတ Park Chung Hee လက်ထက်၌ စတင်အကောင် အထည်ဖော်ခဲ့သည့် "Saemaul Undong - ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု"သည်သာလျှင် ကမ္ဘာ တစ်ဝန်းလုံးမှ စံနမူနာထားလေ့လာရသည့် အောင်မြင်မှု၏ ပြရုပ်တစ်ခုဖြစ်ခဲ့ပါသည်။

"ကြိုးစားသေချာ၊ ကိုယ့်အားကိုးကာ ပူးပေါင်းဆောင် ရွက်ပါ - Diligence, Self-help, Cooperation "ဟူသော ဆောင်ပုဒ်ဖြင့်လုပ်ဆောင်ခဲ့ကြသော "Saemaul Undong" ကို ကျေးရွာတစ်ရွာချင်းဆီသို့ ဘိလပ်မြေအိတ်အလုံး ၃၀၀ ခွဲဝေပေးပြီး ကျေးရွာပေါင်း ၃၃၀၀၀ ဖြင့်စတင်ခဲ့ပါသည်။ ကိုရီးယားအစိုးရမှ မည်သို့မည်ပုံအသုံးပြုရန် ညွှန်ကြားချက် မပေးခဲ့ဘဲ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် မည် သည့် ရည်ရွယ်ချက်နှင့် စီမံကိန်းအတွက်မဆို အသုံးပြုနိုင် ကြောင်းဖြင့်ခွင့်ပြုခဲ့ပါသည်။ ဤသို့ဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် ခွဲဝေချထားပေးခဲ့သော ဘိလပ်မြေအိတ်များကို လက်ခံရရှိသည့်ကျေးရွာများက မည် ကဲ့သို့ အသုံးပြုခဲ့ကြပါသနည်း-။ စိတ်ဝင်စားဖွယ် ကောင်း သောအချက်မှာ ဤဘိလပ်မြေအိတ်များကြောင့်ပင် ကျေးရွာ အမျိုးအစား(၃)မျိုး ပေါ်ထွက်လာပါသည်။ ခွဲဝေချထားပေး ခဲ့သောဘိလပ်မြေအိတ်များနှင့် ၎င်းတို့၏အရင်းအနှီးများ ထည့်သွင်း အသုံးချသောကျေးရွာများ၊ ဘိလပ်မြေအိတ်များ ကို အသုံးမပြုသောကျေးရွာများနှင့် ရရှိသည့် ဘိလပ်မြေ အိတ်ကိုအကြောင်းပြု၍ အသုံးချရေးဆိုင်ရာ သဘောကွဲလွဲ ပြီး အချင်းများရန်ဖြစ်သော ကျေးရွာများဟူ၍ ပေါ်ပေါက် လာပါသည်။

ဘိလပ်မြေအိတ်များခွဲဝေပေးပြီး နောက်နှစ်တွင် ကိုရီးယားအစိုးရမှ ကျေးရွာများအလိုက်အသုံးချပုံကို ပြန် လည်စိစစ်၍ လုပ်ဆောင်ချက်ကောင်းမွန်သောရွာများနှင့် လုပ်ဆောင်ချက်ညံ့ဖျင်းသောကျေးရွာများအဖြစ် အုပ်စု ခွဲခြင်း၊ လုပ်ဆောင်ချက်ကောင်းမွန်သော ကျေးရွာများအား နောက်ထပ်ဘိလပ်မြေအိတ် ၅၀၀ နှင့်သံမဏိတစ်တန်ပံ့ပိုး ပေးခြင်း၊ လုပ်ဆောင်ချက်ညံ့ဖျင်းသော ကျေးရွာများအား ထောက်ပံ့ကူညီမှု ရပ်ဆိုင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။ လုပ်ဆောင်ချက်ကောင်းမွန်သော ရွာများအား ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားစီမံကိန်းများ ဆောင်ရွက်စေခဲ့ရာ ကျေးရွာကော်မတီမှကျွမ်းကျင်သူငှား ရမ်း၍ လမ်းဖောက်လုပ်ခြင်းနှင့် တံတားဆောက်လုပ်ခြင်း များ ဆောင်ရွက်ခဲ့ခြင်း၊ အလုပ်ကြမ်း လုပ်သားအဖြစ် ကျေး ရွာသားများမှ အခကြေးငွေဖြင့်လုပ်ဆောင်စေပြီး ၎င်းတို့ရရှိ သောလုပ်ခ၏ရာခိုင်နှုန်းအချို့ကို ကျေးရွာရန်ပုံငွေအဖြစ် ထည့်ဝင်စုဆောင်းစေခြင်းများပြုလုပ်ခဲ့ပြီး၊ ကျေးရွာရန်ပုံငွေ တိုးတက်အောင် ဆောင်ရွက်လာနိုင်ကြပါသည်။ ဤကဲ့သို့ လုပ်ဆောင်ချက်ကောင်းမွန်သော ရွာများအား ထပ်မံ ထောက်ပံ့ခြင်း၊ လုပ်ဆောင်ချက်ကောင်းမွန်သော ကျေးရွာ များမှ ရွာလူကြီးများအား အစိုးရမှ ညစာစားပွဲတည်ခင်း ဧည့်ခံပေးခြင်းနှင့် လုပ်ဆောင်ချက်ညံ့ဖျင်းသော ကျေးရွာများ အား ထောက်ပံ့ကူညီမှုရပ်ဆိုင်းခြင်း- ဆုပေးခြင်းနှင့် ဥပေက္ခာ ပြုခြင်းကို လုပ်ဆောင်လာရာ ထောက်ပံ့ကူညီမှုမရရှိသည့် ကျေးရွာများမှ ကူညီမှုကိုလိုလားကြောင်း တောင်းဆိုလာကြ သဖြင့် အစိုးရမှအဆိုပါကျေးရွာများအတွက်မူ အစိုးရ၏ အထောက်အပံ့ကိုရယူလိုပါက လုပ်ဆောင်ချက်ပြရန်လိုအပ် ကြောင်း၊ ၎င်းတို့၏လုပ်ဆောင်ချက်ကောင်းမွန်မှုရှိမှသာ ထောက်ပံ့မှုပေးနိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ဤတွင် လူတို့၏သဘောသဘာဝအရ ကျေးရွာ အချင်းချင်း ယှဉ်ပြိုင်လိုစိတ်များလာပြီး မိမိတို့၏ကိုယ်ပိုင် အရင်းအနှီးများ စိုက်ထုတ်လုပ်ဆောင်လာကြခြင်းဖြင့် ကိုရီးယားအစိုးရ၏ အထောက်အပံ့ရရှိအောင် ဆောင်ရွက် လာကြပါသည်။ ဤသို့ဖြင့် ၁၉၇၄-ခုနှစ်တွင် ကိုရီးယား နိုင်ငံအဝှမ်းရှိ ကျေးရွာများအားလုံးသည် "Saemaul Undong" အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။ Saemaul Undong

သည် ၁၉၇၀-ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၇၇-ခုနှစ်သို့အရောက်တွင် ၁၉၇၀ခုနှစ် ကျေးလက်ဒေသကုန်ထုတ်လုပ်မှု၏ လေးဆအထိ တိုးတက်ထုတ်လုပ်လာနိုင်ပြီး မြို့ပြကုန်ထုတ်လုပ်မှုထက်ပင် ကျော်လွန်သွားကြောင်းတွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအသွင်ဖြင့် စတင်ခဲ့သော "Saemaul Undong"သည် သစ်တောပြန်လည်တည်ထောင်ရေးဆိုင်ရာ သစ်တောစီမံအုပ်ချုပ်မှု အပေါ်တွင်လည်း ကောင်းမွန်သောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ရရှိစေခဲ့ပါသည်။ သစ်တောကဏ္ဍဆိုင်ရာတွင်လည်း "Saemaul Undong" သည် တောင်ကတုံးကို သျှောင်ထုံးပေးခဲ့သော သစ်တောပြန်လည်တည်ထောင်ခြင်း လူထုလှုပ်ရှားမှု အသွင်သဏ္ဍာန်ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၉၂၀ ခုနှစ်မတိုင်မီကာလများက ကိုရီးယားနိုင်ငံ သစ်တောများအား အစိုးရမှစီမံအုပ်ချုပ်ပြီး ထင်းရှူးတောများကိုသာ သစ်လိုအပ်ချက် အတွက်ကာကွယ်ထားသော်လည်းအခြားတောများကို ပြည်သူလူထုမှ အသုံးပြုခြင်းအား ခွင့်ပြုထားပါသည်။ အအေးပိုင်းနိုင်ငံဖြစ်သည့်အတွက် လောင်စာလိုအပ်ချက်များခြင်း၊ စိုက်ပျိုးမြေ တိုးချဲ့ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် သစ်အသုံးချခြင်းတို့ကြောင့် ကျေးရွာများ အနီးအနားရှိ သစ်တောများမှာ ကိုလိုနီခေတ်မတိုင်မီကပင် ပြုန်းတီးနေပြီဖြစ်ပါသည်။ ကိုလိုနီခေတ်ကာလတွင် ဂျပန်နိုင်ငံဒေသတွင်းအသုံးပြုရန်နှင့်ဆောက်လုပ်ရေး၊ လောင်စာနှင့် စစ်ရေးရည်ရွယ်ချက်များအတွက် ကိုရီးယား သစ်တောများအား ထုတ်ယူသုံးစွဲသဖြင့် ထင်းရှူးတောများ အကြီးအကျယ်ပြုန်းတီးခဲ့ကြောင်းသိရှိရပါသည်။ ကိုရီးယားပြည်တွင်းစစ်ကာလများ၌လည်း သစ်တောပြုန်းတီးမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး သစ်တောပြုန်းတီးမှု၏ နောက်ဆက်တွဲရလဒ်အဖြစ် ရေကြီးခြင်းနှင့် မြေဆီလွှာရေတိုက်စားခြင်း များကြုံတွေ့လာရပါသည်။

ရေကြီးခြင်းနှင့် မြေဆီလွှာရေတိုက်စားခြင်းများကြောင့် စိုက်ပျိုးသီးနှံများ နှစ်စဉ်ပျက်စီးခြင်း၊ နေအိမ်အဆောက်အဦများပျက်စီးခြင်းနှင့် အသက်ဆုံးရှုံးမှုများ ကြုံတွေ့လာခြင်းတို့ကြောင့် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းကို အလေးထားလုပ်ဆောင်လာကြပါသည်။ ကိုရီးယားနိုင်ငံသစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းအား အစားအစာနှင့်ဒေသခံပြည်သူလူထု၏ လူမှုစီးပွားရေး ပျက်စီးဆုံးရှုံးမှုများမှကာကွယ်ရန် အရေးကြီးလိုအပ်ချက်အရ စတင်အကောင်အထည်ဖော်ဆောင်ရွက်လာခြင်း ဖြစ်ပါသည်။ ကိုရီးယားအစိုးရအနေဖြင့် မူဝါဒရေးဆွဲခြင်းနှင့် ဥပဒေများ၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်းများ ဆောင်ရွက်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း သစ်တောပြန်လည်တည်ထောင်ခြင်း၏ အရေးကြီးသောအကြောင်းအရာများအား ပြည်သူများ သဘောပေါက်နားလည်လာစေရန်အတွက် ပညာပေးသည့် အမျိုးသားရေးလှုပ်ရှားမှုများ အဆက်မပြတ်လုပ်ဆောင်ပေးခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရမဟုတ် သောအဖွဲ့အစည်းများမှ ကိုရီးယားပြည်သူလူထုတို့၏ အသိစိတ်တွင် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများ၌ ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ယုံကြည်ချက်ပေါက်ဖွား ခိုင်မာလာအောင်မြှင့်တင်ပေးခဲ့ကြပါသည်။

ကိုရီးယားနိုင်ငံ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအား အရှိန်အဟုန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်စေရန် အဓိကတွန်းအားပေးသည့် အကြောင်းအရာမှာ သမ္မတ Park Chung Hee ကိုယ်တိုင်နှင့် ယင်း၏ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအပေါ်တွင် ထားရှိသည့်သဘောထားပင် ဖြစ်ပါသည်။ သမ္မတ၏ ပုဂ္ဂိုလ်ရေးခံယူချက်အရ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးစီမံကိန်းတွင် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအား အဓိကကျသော အခန်းကဏ္ဍအဖြစ် ထည့်သွင်းထားပါသည်။ ကိုရီးယားနိုင်ငံ သစ်တောပြန်လည်တည်ထောင်ခြင်းအား အပိုင်း(၂)ပိုင်း ခွဲခြားလေ့လာနိုင်ပြီး၊ (၁၉၆၂-၁၉၇၁)ခုနှစ် ကာလများအထိ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းသည် အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း တစ်စိတ်တစ်ပိုင်းအဖြစ်မြင်တွေ့ရပါသည်။ သမ္မတ Park Chung Hee လက်ထက်၊ ၁၉၇၃ ခုနှစ်မှစတင်၍ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းကို "Saemaul Undong" ၏အစိတ်အပိုင်းအဖြစ် ထည့်သွင်းခဲ့ပြီး ကိုရီးယား သစ်တောဌာန (Korea Forest Service–KFS)မှ သစ်တောပြန်လည်တည်ထောင်




**သစ်တောပြန်လည်တည်ထောင်ရေးလူထုလှုပ်ရှားမှုအပြီး ယနေ့ခေတ်သစ်တောများ**

ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သစ်တောပြန်လည်တည်ထောင်ခြင်း(၁၀)နှစ် စီမံကိန်းကို ပထမစီမံကိန်းကာလ(၁၉၇၃-၇၉)ခုနှစ်များနှင့် ဒုတိယစီမံကိန်း ကာလ (၁၉၇၉-၁၉၈၇) ခုနှစ်များနှင့် ၁၉၈၈ ခုနှစ်မှစတင်၍ တတိယစီမံကိန်းကာလ အဖြစ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ "Saemaul Undong" သစ်တောပြန်လည်တည်ထောင်ရေး လူထုလှုပ်ရှားမှုအတွက် လိုအပ်သည့်ပျိုးပင်များကို အစိုးရမှထောက်ပံ့ပေးခြင်း၊ သစ်တောနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ပံ့ပိုးပေးခြင်းနှင့် ဒေသခံကျေးရွာများ စိုက်ပျိုးထုတ်လုပ်ခြင်းများမှ ရရှိစေပါသည်။

ဤနေရာတွင် စိတ်ဝင်စားဖွယ်ရာ ကောင်းသောအချက်မှာ အစိုးရမှ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအတွက် ဒေသခံပြည်သူများအား ပျိုးဥယျာဉ်မြေနေရာ၊ သစ်စေ့၊ မြေဩဇာ၊ လိုအပ်သည့်ပစ္စည်းကိရိယာများနှင့် အမတော်ကြေးငွေများ ပံ့ပိုးကူညီပေးသည့်အပြင် ကျေးရွာများမှ စိုက်ပျိုးထုတ်လုပ်ပေးသောပျိုးပင်များအား အစိုးရမှ ပြန်လည်ဝယ်ယူခြင်းဖြစ်ပါသည်။ "Saemaul Undong" ကျေးရွာပေါင်း (၃၀၀)ကျော်သည် ထိုအချိန်က ပျိုးပင်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်လာစေပြီး ပျိုးပင်ရောင်းချခြင်းမှရရှိသည့်ဝင်ငွေ၏ ၅၀% ကို ကျေးရွာရန်ပုံငွေအဖြစ်ထည့်သွင်း၍ ကျေးရွာအတွက် အကျိုးအမြတ်ပိုမိုရရှိစေမည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်လာကြပါသည်။ ဤနည်းအားဖြင့် သစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်းတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ရယူနိုင်ခဲ့ပါသည်။ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံကိန်းတွင် အသုံးပြုစိုက်ပျိုးမည့် သစ်မျိုးများ ရွေးချယ်ရာတွင်လည်း ဒေသခံများအတွက် လောင်စာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သည့် အကြီးမြန်သစ်မျိုးများ၊ ပုံမှန်ဝင်ငွေနှင့် အစားအစာဖူလုံစေမည့် သီးပင်စားပင်များနှင့် ရေကြီးခြင်းနှင့် မြေဆီလွှာရေတိုက်စားခြင်း တို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်နှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အရည်အသွေးမြင့်သစ်ထုတ်နိုင်မည့် နှစ်ရှည်သစ်တောသစ်ပင်များကိုစိုက်ပျိုးစေခဲ့ပါသည်။ နည်းပညာပိုင်းထောက်ပံ့ပေးခြင်းများနှင့် ကျွမ်းကျင်မှုတိုးလာစေရန်အတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် သင်တန်းပေးခြင်းများပါ ပေါင်းစပ်ပံ့ပိုးပေးခဲ့ပါသည်။




**သစ်တောပြန်လည်တည်ထောင်ရေးလူထုလှုပ်ရှားမှုအပြီး ယနေ့ခေတ်သစ်တောများနှင့် မြို့ပြတည်ထောင်လာခြင်းများ**

လူထုလှုပ်ရှားမှုအခြေပြု သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းအကြီးအကျယ်အောင်မြင်ခဲ့ရခြင်းမှာအဘယ်ကြောင့်နည်း-။

(က)နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအား အဓိကအရေးကြီးသော အခန်းကဏ္ဍမှ ထည့်သွင်းရေးဆွဲကာ အစိုးရမှဦးဆောင်မှုပေးခြင်း၊

(ခ) သစ်တောကဏ္ဍမှ သစ်တောပြန်လည်တည်ထောင်ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီပေးခြင်း၊

(ဂ) အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း

(ဃ) ဒေသခံပြည်သူများကိုယ်တိုင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း ကောက်နုတ်တင်ပြအပ်ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းလုံးရှိဖွံ့ဖြိုးဆဲ နိုင်ငံများ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာ၌လည်းကောင်း၊ သစ်တောပြန်လည်တည်ထောင်ခြင်း စီမံကိန်းများ၌လည်းကောင်း ကိုရီးယားနိုင်ငံ၏ အောင်မြင်မှုအတွေ့အကြုံဖြစ်သည့် "Saemaul Undong - ကိုရီးယားနိုင်ငံ၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု"အား စံနမူနာထားဆောင်ရွက်လာကြပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



# မြေရှိလျှင် သစ်ပင်စိုက်ပါ

ခင်အောင် (ငြိမ်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)ထိပ် ငမိုးရိပ်ချောင်းနံဘေးတွင် မူလတန်းကျောင်းကလေးတစ်ကျောင်းရှိပါသည်။ အ-မ-က(၁၄)၊ သံထည်အုတ်ညှပ် တစ်ထပ်အဆောက်အအုံ အသစ်စက်စက်၊ ဖက်ဖူးရောင်ဆေးသုတ်ထားပြီး အစိမ်းရောင်လိုက်ကျဲသွပ်ပြား မိုးထား၏။ လေးဧကခန့်ကျယ်သည့် ခြံဝင်းအတွင်းဆောက်လုပ်ထားပါသည်။

စာရေးသူ မနက်စောစောလမ်းလျှောက်ထွက်တိုင်း သည်ကျောင်းကလေးကို ငေးမောကြည့်သွားစမြဲ။ အလွန်လှပသော ကျောင်းကလေးဟုလည်း စိတ်ထဲတွင် တွေးထင်စမြဲ။ ကျောင်းတံစက်မြိတ်အောက်တွင် ရွက်လှပင်များ စီစီရီရီလှပစွာစိုက်ထားသည်ကိုတွေ့ရ၏။ ကျောင်းရှေ့ခြံစည်းရိုးအနီးတွင် သစ်ပင်ငယ်များကို တန်းစီပြီး စိုက်ပျိုးထားပါသည်။ စိန်ပန်း၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ မဲဇလီစသည့် အပင်ငယ်များနှင့် ကွမ်းသီးပင်ကလေးများကိုလည်း ကြိုကြားကြိုကြားတွေ့ရသည်။ အလှဆုံးမှာ မဥ္ဇူသကခေါ် မယ်ဇယ်ပင်ကလေး ဖြစ်၏။ လူတစ်ရပ်ခန့်မြင့်ပြီး သန္တာရောင်ရွက်နုများဝေနေသည်။ အရှေ့ဘက်ယွန်းယွန်းတွင် လူနှစ်ရပ်ခန့် ဗာဒံပင်နှင့်စိန်ပန်းပင်အချို့ရှိသည်။

ကျောင်းကလေးက လှပသော်လည်း ကြည့်ရသည်မှာ တစ်စုံတစ်ရာ လစ်ဟာနေသည်ဟု ခံစားမိ၏။ စင်စစ် ကျောင်းသစ်ကလေးမှာ မြေကွက်အသစ်ပေါ်တွင်ဆောက်လုပ်ထား၍ အရိပ်ရအပင်ကြီးများ ကင်းမဲ့နေခြင်းပင်ဖြစ်ပါသည်။ ယခုမိုးဥတုကာလဖြစ်၍ အဆင်ပြေနေသော်လည်း ဆောင်းနှင့်နွေဥတုကာလများတွင် အရိပ်အာဝါသကင်းမဲ့မှုကြောင့် ကျောင်းသား၊ ကျောင်းသူကလေးများ နေပူရှိန်ဒဏ်ကို ခံစားကြရပေမည်။ ၎င်းအပြင် နေရောင်ခြည်နှင့်တွဲဖက်ရောက်ရှိလာတတ်သည့် “ခရမ်းလွန်ရောင်ခြည်” ဒဏ်ကိုလည်း ခံစားကြရမည်သာပင်။ စာရေးသူတို့မူလတန်း၊ အလယ်တန်းအရွယ် ကျောင်းသားငယ်ဘဝက ကျောင်းဝင်းအတွင်းရှိ ပိတောက်၊ မျောက်ငို၊ ကုက္ကို၊ သစ်တို၊ ညောင်ညိုရိပ်များအောက်တွင် ခုန်ပေါက်ပြေးလွှား ဆော့ကစားခဲ့ကြသည်ကို လွမ်းမိသေး၏။

ဤမျှ ကျယ်ပြောလှသော ကျောင်းခြံဝင်းထဲတွင် အရိပ်ရလေကာပင်များစိုက်ပျိုးပေးနိုင်လျှင် မည်မျှကောင်းမည်နည်း။ ယခုချက်ချင်းလက်ငင်း အကျိုးမပြုနိုင်သေးသည့်တိုင်အောင် နောင်ဆယ်နှစ် ဆယ့်ငါးနှစ်ကြာလျှင် အပင်ကြီးများဖြစ်လာကြပေမည်။ သစ်ရိပ်ဝါးရိပ်အောက်တွင် အပူအပင်ကင်းစွာ ကျောင်းသား၊ ကျောင်းသူကလေးများ နားခို ပျော်ပါးကစားမြူးတူးနိုင်ကြပေမည်။ ၎င်းအပြင် ဤသစ်ပင်ကြီးများသည် ကျောင်းစာသင်ကြားရာတွင် အထောက်အကူပြုနိုင်ပါသေးသည်။ “သင်ထောက်ကူ” ပစ္စည်းများဟုပင် ဆိုနိုင်လောက်၏။ ဥပမာ-မြန်မာ့ ကျွန်းသစ်ရတနာအကြောင်း သင်ကြားရာတွင် ကလေးများကို ကျွန်းပင်ကြီးအောက် အရောက်ခေါ်သွားနိုင်မည်။ ဤကား ကျွန်းရွက်၊ အခက်၊ အလက်၊ ပင်စည် စသည်ဖြင့် လက်တွေ့မျက်မြင်သင်ကြားပေးနိုင်မည်။ ဗုဒ္ဓဝင်ကို သင်ကြားနေစဉ် အင်ကြင်းပင်ကြီးနှင့်တကွ အင်ကြင်းပန်းတို့ကို မြင်ဖူးအောင် ပြသပေးနိုင်မည်။ ဆရာမင်းသုဝဏ်၏ “ပျဉ်းမငုတ်တို” ကဗျာနှင့်ဆက်စပ်၍ ကျောင်းခြံဝင်းထဲရှိ ပျဉ်းမပင်ကြီးကို လက်ညှိုးထိုးပြနိုင်မည်။ ကျောင်းသားသူငယ်များ ပညာဗဟုသုတရ၍ ပျော်လည်းပျော်ရွှင်ကြရမည်။ အဘယ်မျှနေရာကျလိုက်ပါသနည်း။ ၎င်းအပြင် ဤသစ်ပင်ကြီးများသည် ကျောင်းကလေးရေရှည် တည်တံ့ရန် မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်မှ ကာကွယ်ပေးကြဦးမည်။ စာရေးသူအရှည်ကြီးတွေးနေမိပါသည်။

ဇူလိုင်လကား သစ်ပင် စိုက်ပျိုးသည့်လဖြစ်၏။ သည်လရာသီတွင် အမီစိုက်မှဖြစ်ပေမည်။ ထို့ကြောင့် အရိပ်ရပင် စိုက်ပျိုးမည့်ကိစ္စကို ကျောင်းအုပ်ဆရာကြီးထံ ဆောလျင်စွာ သွားရောက်တင်ပြလိုက်ပါသည်။ ကျောင်းအုပ်ဆရာကြီးက ဝမ်းပန်းတသာခွင့်ပြုပါသည်။ ပထမဆင့်ကား အောင်မြင်ပေပြီ။ ဒုတိယအဆင့်မှာ စိုက်ပျိုးမည့်အပင်များရရှိရေးဖြစ်၏။ ပျိုးပင်ငယ်များ အဘယ်တွင် ရရှိနိုင်မည်နည်း။ ပန်းပင်များ၊ အလှပင်များ၊ အပင်ပေါက်ကလေးများ ခင်း

ကျင်းရောင်းချသည့် နေရာအချို့ကို စာရေးသူတွေ့မြင်ဖူးသည်။ သူတို့ဈေးနှုန်းများကို ကပ်နိုင်မည်မထင်ပါ။ ဆယ်ပင်၊ ဆယ့်ငါးပင်ခန့် ဝယ်လျှင် ကိစ္စမရှိသော်လည်း အပင်ရာနှင့်ချီ၍ ဝယ်ရန်ကိုကား မတတ်နိုင်ချေ။

စာရေးသူက သည်နှစ်တွင် နိုင်နိုင်နင်းနင်း အပင်နှစ်ရာခန့် စတင်စိုက်ပျိုးလိုသည်။ နွေရာသီတွင် ရေလောင်းပေးရမည့်ကိစ္စရှိနေ၏။ အပင်ကလေးများ တစ်နှစ်သားရ၍ သန်မာတောင့်တင်းလာသောအခါ နောင်နှစ် နောင်နှစ်များတွင် တိုး၍ တိုး၍ စိုက်ပျိုးသွားမည်။ ကျောင်းအုပ်ဆရာကြီးခွင့်ပြုပါက ကျောင်းဝင်းတစ်ခွင်နေပြောက်ပင်မထိုးအောင် စိုက်ပစ်လိုက်မည်ဟု စိတ်ကူးထား၏။ မြေနေရာအကျယ်အဝန်းကလည်း လုံလောက်စွာရှိနေသည်။ ခက်သည်က ပျိုးပင်ငယ်ရရှိရေး။ မည်သို့ကြံရပ့်။

ဤသို့ဖြင့် ဇူလိုင်လ ပထမပတ်တစ်ရက်တွင် စာရေးသူသည် ကိစ္စတစ်ခုဖြင့် အင်းစိန်ပေါက်တောသို့ အမှတ်(၈၁)လိုင်းကားစီး၍ ဘုရင့်နောင်လမ်းမကြီးအတိုင်း သွားနေပါသည်။ ဘုရင့်နောင်လမ်းမကြီးနှင့် ဘီပီအိုင်လမ်းဆုံ မီးပွိုင့်အလွန်ကလေးတွင် ဘတ်(စ်)ကားမှတ်တိုင်ရှိသည်။(၈၁)လိုင်းကားသည် ထိုမှတ်တိုင်တွင် "ကျောက်ချ" တော့၏။ ဆယ်မိနစ်ခန့် ကြာမည်ထင်ပါသည်။ စာရေးသူသည် ကားပေါ်တွင် စိတ်မရှည်စွာ ငူငူကြီးထိုင်စောင့်နေရလေသည်။ ခရီးသည် ငါးယောက်၊ ခြောက်ယောက်ခန့် တက်လာသောအခါ စပယ်ယာက "မောင်း"ဟု အမိန့်ပေးလိုက်၏။ ထိုအချိန်တွင် စာရေးသူလွှားခနဲ ကားပေါ်မှ ခုန်ချလိုက်လေသည်။ စပယ်ယာ၏ မကျေမနပ် ဗျစ်တောက် ဗျစ်တောက် လှမ်းပြောလိုက်သံနှင့်အတူ ကားလည်း မှတ်တိုင်မှဆောင့်ထွက်သွားလေတော့သည်။

ဤသို့ ဘတ်(စ)ကားပေါ်မှ ဒရောသောပါးခုန်ဆင်းလိုက်ရခြင်းမှာ ကားမှတ်တိုင်နောက်ဘက် ခပ်လှမ်းလှမ်း၌ အစိမ်းရောင်နောက်ခံတွင် အဖြူရောင်စာလုံးဝိုင်းများဖြင့် ရေးသားထားသော ဆိုင်းဘုတ်တစ်ခုကို လှမ်းမြင်လိုက်ရသောကြောင့်ပင်ဖြစ်၏။ ဆိုင်းဘုတ်ပေါ်တွင် အောက်ပါစာသားများရေးထား၏။

**သင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်**
**သစ်ပင်စိုက်ပျိုးလိုပါသလား။**
**ပျိုးပင်များ အခမဲ့ လာရောက်ထုတ်ယူနိုင်ပါသည်။**
**အလုံမြို့နယ် သစ်တောဦးစီးဌာန**

"အချိုရှာသကာနှင့်တွေ့"ချေပြီ။ မှတ်တိုင်တွင် အကြာကြီးကျောက်ချထားခဲ့သည့် (၈၁)လိုင်းကားကို ကျေးဇူးတင်မိ၏။ စာရေးသူကလည်း ကားထွက်တော့မှ ဆိုင်းဘုတ်ကို လှမ်းမြင်မိခြင်းဖြစ်ပါသည်။ ဤနေရာကား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန၏ "အလုံမြို့နယ် သစ်တောပျိုးဥယျာဉ်"ပေတည်း။

စေ့ထားသော ဝင်းခြံတံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်လိုက်ပါသည်။ သစ်သားဖြင့် ဆောက်လုပ်ထားသည့် ထူးဆန်းသောဒီဇိုင်းပုံစံရှိ အဆောက်အအုံသေးသေး ကလေးတစ်ခုတွေ့ရ၏။ ပျိုးဥယျာဉ်ရုံးကလေးပင်ဖြစ်ပါသည်။ ရုံးကလေးပေါ်မှ လှမ်းကြည့်လိုက်လျှင် စိမ်းလန်းသောပျိုးခင်းများကို တွေ့မြင်ရသည်။ ရုံးထဲတွင် အမျိုးသားဝန်ထမ်းတစ်ဦးနှင့် အမျိုးသမီးဝန်ထမ်းနှစ်ဦး တာဝန်ထမ်းဆောင်နေကြ၏။ ပျိုးခင်းတာဝန်ခံမှာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးအဆင့်ရှိသူဖြစ်ကြောင်း သိရပါသည်။ သစ်ပင်အမျိုးအမည်နှင့် ကိန်းဂဏန်းများပါသော ဇယားကွက်များ နံရံတွင်ချိတ်ထားသည်။ "ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့" "ရှင်အောင်စိုက်ပျိုး ကြီးအောင်ပြုစု မြဲအောင်ထိန်းသိမ်း" အစရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပိုစတာလေးငါးချပ်လည်းနံရံတွင် ကပ်ထားသေး၏။

စာရေးသူက ပျိုးပင်ကလေးများ ရနိုင်လျှင် လိုချင်ကြောင်း ပြောပြရာ "အန်ကယ်ကြီးမှာ ကားပါသလားခင်ဗျာ" ဟု အမျိုးသားဝန်ထမ်းက မေးလာပါသည်။ စကားပင် မဆုံးသေး၊ ကားပါရဲ့လားမေးနေလေပြီ။ ဝမ်းသာစရာကောင်းလှပါဘိ။ အပင်နှစ်ရာခန့် ရနိုင်လျှင် လိုချင်ကြောင်း မရဲတရဲပြောကြည့်လိုက်ပါသည်။ ဝန်ထမ်းက ဆယ်ပင်၊ ဆယ့်ငါးပင်ဆိုလျှင် ခုချက်ချင်းပေး၍ရကြောင်း၊ အပင်များများလိုချင်လျှင် ဦးစီးအရာရှိရုံးတွင် လျှောက်ရကြောင်း၊ ခွင့်ပြုချက်ရပါက ၎င်းတို့အနေဖြင့် ထုတ်ပေးရန် အသင့်ရှိကြောင်း ပြောပြပါသည်။ ဦးစီးအရာရှိရုံးသို့ သွားရာခရီးကိုလည်း နတ်လမ်းညွှန်လိုက်ကြပါသေးသည်။ စိတ်စေတနာကောင်းကြပါပေသည်။ လမ်းမကြီးတစ်ဖက် ဖြတ်ကူး၍ သစ်တောရုံးဝင်းအတွင်း ငါးမိနစ်ခန့်လျှောက်သွားသောအခါ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်သို့ ရောက်ရှိပါတော့၏။

မူလတန်းကျောင်းအသစ်ကလေးတွင် စိုက်ပျိုးရန်အတွက် သစ်ပင်ကလေးများ ရရှိရေးအကူအညီ လာတောင်းကြောင်း ပြောပြရာ ရုံးဝန်ထမ်းများ ပျာပျာသလဲကူညီကြပါသည်။ လျှောက်လွှာတင်ရမည်ဖြစ်သဖြင့် လျှောက်လွှာရေးရန် စာရွက်ဖြူအလွတ်တစ်ရွက်ထုတ်ပေးပါသည်။ နမူနာကြည့်ရေးရန်အတွက် လျှောက်လွှာစာရွက်အဟောင်း တစ်ရွက်ကိုရှာဖွေပေးသည်။ စာထိုင်ရေးရန် ကုလားထိုင်တစ်လုံးကိုလည်း ထိုးပေးကြသေး၏။ အလွန်ဖော်ရွေသည့်ဝန်ထမ်းများဖြစ်သည်။

ပျိုးပင်စာရင်းစာအုပ်အရ မိမိလိုချင်သော သစ်ပင်အမျိုးအစားနှင့်အရေအတွက်ကို လျှောက်လွှာတွင် ဖော်ပြပေးရပါသည်။ ဤအပင်မျိုးက အရိပ်ရသည်၊ အကြီးမြန်သည်၊ အပွင့်လှသည်။ ရှားပါးသည်၊ အဖိုးတန်သည် စသည်

ဖြင့် စိုက်မည့်သစ်ပင်နှင့်ပတ်သက်၍ အကြံကောင်းများ ပေးကြပါသေးသည်။ ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းမ၊ ကံ့ကော်၊ မဲဇလီ၊ စိန်ပန်း၊ခရေ၊ ရေတမာ၊ မန်ဂျန်ရှား၊ မယ်ဇယ်ဟူ၍ သစ်ပင်ဆယ်မျိုး၊ စုစုပေါင်း အပင်နှစ်ရာတိတိလျှောက်ထားခဲ့ပါသည်။ ဤသစ်ပင်ဆယ်မျိုးမှ ဘုရားတင်၊ နတ်တင်၍ ရသော "ပန်းဆယ်မျိုး"ပွင့်လာကြမည်ဟု အတွေးရောက်ပြီး ဝမ်းမြောက်မိသေး၏။ ခွင့်ပြုချက်ချက်ချင်းရရှိအောင် ဝန်ထမ်းများက ဆောင်ရွက်ပေးကြပါသည်။ စေတနာကောင်းလှသော၊ တာဝန်ကျေသော ဝန်ထမ်းကောင်းများပေတည်း။ ယခုဘဏ္ဍာနှစ်(၂၀၁၆-၂၀၁၇)တွင် အလုံမြို့နယ် သစ်တောပျိုးဥယျာဉ်မှ ပျိုးပင်ငယ်(၃၀၀၀၀)ဖြန့်ဝေရန် လျာထားကြောင်း ဤရုံးမှ စုံစမ်းသိရှိရပါသည်။

သစ်ပင်ကလေးများ ထုတ်ယူရန် ပျိုးခင်းသို့ တစ်ခေါက်ပြန်သွားရပါသည်။ မိုးရွာနေသော်လည်း ပျိုးခင်းဝန်ထမ်းများက မိုးတိတ်အောင်ပင်မစောင့်ဘဲ ပျိုးခင်းထဲဆင်းသွားကြ၏။ စာရေးသူလည်း သူတို့နောက်လိုက်သွားသည်။ စိမ်းလန်းစိုပြည်သော ပျိုးခင်းများက ရုံးကလေး၏ဘေးတစ်ဖက်တစ်ချက်တွင် အလျားလိုက် တည်ရှိနေ၏။ ပျိုးပင်ကလေးများကို အမျိုးအစားအလိုက်၊ အကွက်အလိုက်၊ အကန့်အလိုက်တန်းစီပြီး ပျိုးထားသည်ကို တွေ့ရသည်။ အကွက်တစ်ခုစီထိပ်တွင် ဆိုင်းဘုတ်ငယ်ကလေး စိုက်ထူထားပြီး သစ်ပင်အမျိုးအစားကို ရေးသားထားသည်။ အားလုံးစနစ်တကျ၊ နုထွားပျိုမျစ် စိမ်းစိုသစ်လွင်သော အပင်ပေါက်ကလေးများသည် မိုးသက်လေပြည်ထဲတွင် လက်ဝှေ့ယမ်းကြိုဆိုနေကြသယောင်။

ပျိုးဥယျာဉ်ဝန်ထမ်းများသည် အမျိုးအစားအလိုက် အကြီးဆုံး၊ အတောင့်ဆုံး၊ အသန်မာဆုံးအပင်များကို ရွေးချယ် ပြီး အောက်ခြေတွင် စွပ်ထားသော ပလတ်စတတ်အိတ်မြေထုပ်ကလေးများအား တယုတယပွေ့ဖက်သယ်ယူလာကြသည်။ စင်စစ် ဤပျိုးပင်ငယ်များကို အစေ့ဘဝမှသည် ယခုကဲ့သို့ တစ်တောင်ခန့်မြင့်လာသည်အထိ ဝန်ထမ်းများ ကိုယ်တိုင် အချိန်ယူပြုစုခဲ့ရသဖြင့် သားသမီးများသဖွယ် ဖြစ်နေပုံရပါသည်။ ယခုကဲ့သို့ ပျိုးပင်ငယ်များကို အခမဲ့ဖြန့်ဝေပေးသည်မှာ "ရက် ၁၀၀ စီမံချက်" ကြောင့်ပေလောဟု စာရေးသူ စပ်စုကြည့်မိ၏။ လွန်ခဲ့သည့် နှစ်နှစ် သုံးနှစ်ခန့်မှစ၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ငယ်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်းဝန်ထမ်းများထံမှ သိရှိရပြီး သစ်ပင်စိုက်နည်းကိုပါ ပြောပြကြသေး၏။ ဥလက်မအနက် မြေကျင်းတူးပြီး ဖွဲ့ခွံ၊ သစ်ဆွေး၊ မြေသြဇာအနည်းငယ်ထည့်ရကြောင်း၊ ပျိုးပင်အောက်ခြေတွင် မြေလုံးအား စွပ်ထားသည့် ပလတ်စတစ်အိတ်ကိုခွဲပြီးမှ ဂရုစိုက်ပြီး မြေလုံးမကွဲအောင် မြေချစိုက်ရကြောင်း၊ စိုက်ပြီးပျိုးပင်များကို တုတ်ကလေးများဖြင့်တွဲမှီ ထောက်ထားရကြောင်း အသေးစိတ်ရှင်းပြကြသည်။ သူတို့သည် စာသင်ကျောင်းအတွက် သစ်ပင်ကလေးများ ပေးလှူရသဖြင့် ကျေနပ်ဝမ်းမြောက်နေပုံရ၏။

ပျိုးပင်ကလေးများကို သယ်ယူမည့် မော်တော်ယာဉ်ဘေးတွင် တန်းစီပြီးချထားသည်။ ယင်းနောက် အမျိုးအစားနှင့် အရေအတွက်ကို စစ်ဆေး၏။ သစ်ပင်အမျိုးအစားကို စာရေးသူမှတ်မိစေရန် အပင်ကို ကိုင်တွယ်၍ သေချာစွာ ပြသပေးကြပါသည်။ ရှေ့ဆုံးတွင် တန်းစီထားသော အပင်ကလေးဆယ့်ငါးပင်ကို လက်ညှိုးညွှန်ပြီး "မယ်ဇယ်" ပင်ကလေးတွေဟု အမျိုးသမီးဝန်ထမ်းက ပြောပြ၏။ စာရေးသူကမူ တစ်တောင်ခန့်မြင့်သည့် ဤအပင်ကလေးများကို မမြင်။ မျက်လုံးထဲတွင် မဥ္ဇူသကပန်းတွေပွင့်ဝေပြီး ဝင့်ထည်နေသည့် မယ်ဇယ်ပင်တန်းကြီးသာ ပေါ်လွင်နေပါတော့သည်။ ပျိုးဥယျာဉ်ဝန်ထမ်းများသည် အပင်ကလေးများကို မော်တော်ယာဉ်ပေါ်အရောက် စီစီရီရီမလဲမပြိုအောင် ဂရုစိုက်တင်ပေးကြပါသည်။ လေးစားစရာကောင်းသော ဝန်ထမ်းကောင်းများပေတည်း။

ဤတွင် စာရေးသူပါးလိုသည့် "သတင်းစကား"မှာ-

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာနသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်အတူ ယင်းနှင့်ဆက်နွယ်သည့် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာရေးကို ဦးတည်၍ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းအား ကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။
- ပြည်သူတိုင်း သစ်တစ်ပင်မှသည် ရာ၊ ထောင်ချီ၍ အသင့် စိုက်ပျိုးနိုင်ရန် သန်စွမ်းသည့် သစ်မျိုးကောင်းပျိုးပင်ငယ်များကို (အခမဲ့)ဖြန့်ဝေပေးလျက် ရှိပါကြောင်း၊
- သစ်တောပျိုးဥယျာဉ်ဝန်ထမ်းများက စိတ်ကောင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးလျက် ရှိပါကြောင်း။



# သစ်တစ်ပင်၏ တန်ဖိုး

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက် ထုတ် ကြေးမုံ သတင်းစာပါ (မောင်သစ်တော)ရေးသားသော ဆောင်းပါးအား မူရင်းအတိုင်းပြန်လည်ဖော်ပြအပ်ပါသည်။

**သစ်ပင်သစ်တောများမှ ပေးသောအကျိုးကျေးဇူး**

"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း နားခိုနိုင်သည်"ဟု ဆိုရိုးစကားရှိပါသည်။ ရှေးဘိုးဘွားမိဘများကလည်း "သစ်တစ်ပင်စိုက်လျှင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်နှင့်တူ၏"ဟူ၍ ဆိုခဲ့ပါသည်။ လက်တွေ့တွင် သစ်ပင်တစ်ပင်စိုက်ပျိုးအောင်မြင်လျှင် ထိုမျှမကသော အကျိုးကျေးဇူးမြောက်မြားစွာကို ရရှိခံစားနိုင်ပါသည်။

သစ်တောသစ်ပင်များသည် လူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းပေးပါသည်။ အပင်၏အသီး၊ အပွင့်၊ အရွက်၊ အမြစ်တို့ကို အစားအစာအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။ ဝါ၊ ဂုန်လျှော်စသော အပင်များ၏ အစိတ်အပိုင်းများဖြင့် အဝတ်အထည်ကို ထုတ်လုပ်အသုံးပြုကြပါသည်။ သစ်တောသစ်ပင်များမှ သစ်သားများဖြင့် နေအိမ်ပရိဘောဂ၊ အဆောက်အအုံ၊ လယ်ယာသုံးပစ္စည်းကိရိယာများ ပြုလုပ်သုံးစွဲကြရပါသည်။ သစ်ပင်သစ်တောများသည် သားငှက်တိရစ္ဆာန်တို့အတွက်လည်း အစားအစာနှင့်နေရင်းဒေသများ အထောက်အပံ့ပြုပေးပါသည်။

သစ်ပင်သစ်တောများမှ သစ်တောထွက်ပစ္စည်းများအပြင် ပတ်ဝန်းကျင် ဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း အထောက်အပံ့ပြုပါသည်။ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းကာကွယ်ခြင်းဖြင့် လေကောင်းလေသန့်များရရှိစေခြင်း၊ ရာသီဥတု အေးမြ၍ မျှတစေခြင်း၊ ရေကောင်းရေသန့်များရရှိစေခြင်း၊ ရေလုည့်ပတ်မှုစနစ်မှန်ကန်စေရန် ထိန်းသိမ်းပေးခြင်း၊ ရေအရင်းအမြစ်များ၊ သဘာဝစမ်းရေထွက်များဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝစေခြင်း၊ မြေဆီလွှာများထိန်းသိမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားကြရပါသည်။ သစ်ပင်ပင်စည်များနှင့် အမြစ်တို့သည် အပေါ်ယံနှင့် မြေအောက်ရေတို့ကို ထိန်းသိမ်းထားနိုင်မှုကြောင့် ရေကြီးခြင်းနှင့် ခြောက်သွေ့မှုတို့ကို ထိန်းချုပ်ထားနိုင်ပါသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးမှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအား လေထုအတွင်းမှ စုပ်ယူ၍ အပင်အစိတ်အပိုင်းများနှင့် မြေဆီလွှာအတွင်းသို့လှောင်ပေးခြင်းနှင့် လူနှင့်သက်ရှိသတ္တဝါများအတွက် လိုအပ်သည့် အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်းဖြင့် သက်ရှိလောကအတွက် အရေးကြီးဆုံး ဝန်ဆောင်မှုကို သစ်တောသစ်ပင်များမှ အကျိုးပေးလျက် ရှိပါသည်။

လေကောင်းလေသန့်နှင့် တောရိပ်တောင်ရိပ်၊ သစ်ရိပ်ဝါးရိပ်သည် စိတ်ကို အေးချမ်းစေပါသည်။ ကြည်လင်လန်းဆန်းစေပါသည်။ သစ်ပင်များ၏ အစုအဝေးဖြစ်သည့် သဘာဝတောတောင်များသည် ဘုရား၊ ရဟန္တာနှင့် သူတော်စင်၊ သူတော်မြတ်များ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့ကျင့်ကြရာ၊ ဖြန့်ဖြူးရာ ဘူမိနက်သန်များဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူသောဘုရားအဆူဆူတို့သည် ဆိတ်ငြိမ်အေးချမ်းသော တောတောင်များရှိ သစ်တစ်ပင်ရိပ် ဝါးတစ်ပင်အောက်တွင် ကျင့်ကြံအားထုတ်ပြီး ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ကြပါသည်။ သစ်ပင်သစ်တောများမှ ပေးစွမ်းသည့် အရိပ်အာဝါသ၊ မျှတသော ရာသီဥတု၊ စိတ်ငြိမ်မှု၊ လေကောင်းလေသန့်၊ ကြည်လင်သော စိမ့်စမ်းရေနှင့် စားဖွယ်သစ်သီးသစ်နှံ အထောက်အပံ့များဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ကြပါသည်။ သစ်ပင်သစ်တောများမှပေးစွမ်းသော အကျိုးကျေးဇူးများမှာ အလွန်ပင်များပြားလှပါသည်။ ထို့ကြောင့် သစ်တစ်ပင်၏ တန်ဖိုးအစစ်အမှန်ကိုတွက်ချက်ရန် အလွန်ခက်ခဲပါသည်။ ရောင်းဝယ်မှုအတွက် သစ်မျိုးအလိုက် ငွေကြေးသတ်မှတ်ခြင်းသည် သစ်ပင်တစ်ပင်၏ တန်ဖိုး အစစ်အမှန်မဟုတ်ချေ။ သစ်တောသစ်ပင်များသည် လူအပါအဝင် သက်ရှိသတ္တဝါများအားလုံးအတွက် သစ်တန်ဖိုးထက် အဆပေါင်း များစွာတန်ဖိုးရှိသည့် ဝန်ဆောင်မှုများကို အထောက်အပံ့ပြုလျက် ရှိပါသည်။ မမြင်နိုင်၊ အဖိုးမဖြတ်နိုင်သော တန်ဖိုးကိုပေးပါသည်။

**စက်မှုစိုက်ခင်းများနှင့် သစ်တောပြုန်းတီးမှုများ**

ယနေ့အချိန်တွင် ကမ္ဘာနှင့် တစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများအား အကြီးအကျယ် စိုက်ပျိုးလျက်ရှိကြသည်။ သဘာဝတောများကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးသောကြောင့် ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တောကြီးများသည် အကြီးအကျယ် ပြုန်းတီးလျက်ရှိပါသည်။ အလားတူပင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံတို့တွင်လည်း ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများအတွက် သဘာဝတောများ ပြုန်းတီးပျက်စီးခဲ့ကြရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆီအုန်းစိုက်ခင်းဧရိယာ ဟက်တာ ၄ ဒသမ ၁သန်းနှင့် မလေးရှားနိုင်ငံတွင် ဟက်တာ ၃ ဒသမ ၆သန်းရှိနေပြီဖြစ်သည်။ ကမ္ဘာတွင်ဆီအုန်းစိုက်ပျိုးသော နိုင်ငံပေါင်း ၄၃ နိုင်ငံ ရှိပြီး ကမ္ဘာ့အမြဲတမ်းစိုက်ပျိုးမြေ၏ ၁၀ ပုံလျှင် ၁ပုံရှိနေပြီဖြစ်သည်။ ၂၀၁၀ခုနှစ် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စာရင်းများအရ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် သစ်တောပြုန်းတီးမှုနှုန်းသည် တစ်နှစ်လျှင် ဟက်တာ ၁၃သန်းခန့်ရှိပြီး ဘရာဇီးနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် သစ်တောပြုန်းတီးမှုနှုန်း အများဆုံးနိုင်ငံများဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်ရန် အတွက် မူလရည်ရွယ်ချက်အတိုင်း သစ်တောပြုန်းတီးပျက်စီးနေသော မြေနေရာများတွင် ဆီအုန်းနှင့်ရော်ဘာစိုက်ခင်းများတည်ထောင်ခြင်းအား ဆိုဖွယ်မရှိသော်လည်း ပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့် ဂေဟာစနစ်ကို အထောက်အပံ့ပြုပေးနေသည့် သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးခြင်းသည် အလွန်အန္တရာယ်များပါသည်။ ပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟာစနစ်ကို ပျက်စီးစေ၍ သဘာဝဘေးအန္တရာယ်များ ကျရောက်စေပါသည်။ သစ်ပင်သစ်တောများ ခုတ်ထွင် ရှင်းလင်း၍ အခြားမြေအသုံးချမှု

အား ပြောင်းလဲခြင်းသည် သစ်တောများ ပြုန်းတီး၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်စေပါသည်။ အပင်များ အပါအဝင် သက်ရှိသတ္တဝါများသည် ဂေဟစနစ်တစ်ခုတွင် အချင်းချင်းမှီတင်းနေကြရသည်။ သစ်မျိုးတစ်မျိုး သက်ရှိ မျိုးစိတ်တစ်ခု ပျောက်ကွယ်သွားပါက ဆက်စပ်မျိုးစိတ်များပါ ပျောက်ကွယ်ကြရသည်။ ထို့ကြောင့် သက်ရှိမျိုးစိတ်တိုင်း ဂေဟစနစ်တန်ဖိုးတစ်ခုစီ ရှိကြသည်။ ထိုတန်ဖိုးကို ငွေကြေးဖြင့် အဖိုးဖြတ်၍မရနိုင်ချေ။

သစ်ပင်သစ်တောများခုတ်ထွင်၍ ဆီအုန်းနှင့် ရော်ဘာကဲ့သို့ စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများသည် လတ်တလောအားဖြင့် အကျိုးအမြတ်ရှိသည်ဟု ထင်ရသော်လည်း ရေရှည်တွင် ကောင်းကျိုးထက်ဆိုးကျိုးက ပိုမို များပြားပါသည်။ အဆိုပါ လုပ်ငန်းများမှရရှိသော ငွေကြေးအကျိုးအမြတ်ထက် ပတ်ဝန်းကျင်ပျက်စီးခြေင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် ကုန်ကျရသည့်ငွေကြေးပမာဏများက အတိုင်းအဆမရှိများပြားနိုင်ပါသည်။

## သစ်တောပြုန်းတီးမှု၏ အကျိုးဆက်များ

သစ်တောပြုန်းတီးခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ မကြာခဏကျရောက်ပြီး ပျက်စီးဆုံးရှုံးရသည့်ပမာဏများမှာ ၁၉၈၀ပြည့်လွန်နှစ်များတွင် အမေရိကန်ဒေါ်လာ ၃၉၀ဘီလီယံခန့်နှင့် ၁၉၉၀ပြည့်လွန်နှစ်များတွင် ဒေါ်လာ ၄၀၀ ဘီလီယံခန့်ရှိသည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားပါသည်။ အထူးသဖြင့် ၂၀ရာစုနောက်ပိုင်းကာလများနှင့် ၂၁ရာစုအစောပိုင်းကာလများတွင် ကမ္ဘာသူကမ္ဘာသားများအနေဖြင့် ပိုမိုဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး ၂၀၀၄ခုနှစ်တွင် ဒေါ်လာ ၁၄၅ဘီလီယံခန့်နှင့် ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၂၀၀ဘီလီယံတန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း စီးပွားရေးပညာရှင်များက ဆိုပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် ငွေကြေးနှင့်လူ့ အသက်အိုးအိမ် စည်းစိမ်များသာမက နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေးတို့ပါ တစ်ဆက်တည်း ထိခိုက်စေနိုင်ပါသည်။

သဘာဝသယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်အပေါ် အနည်းနှင့်အများဆိုသကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ ဥပမာအားဖြင့် ၂၀၁၀ ခုနှစ် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စာရင်းများအရ မြန်မာနိုင်ငံတွင် သစ်တော



သစ်တောကြောင့် သန့်ရှင်းသောရေ ဖြစ်ပေါ်ပုံ



မြေဆီလွှာအကာအကွယ်ပေးပြီးမြေအောက်ရေအား စုပ်ယူပေးထားသော သစ်မြစ်များ

ဖုံးလွှမ်းမှုမှာ ၁၉၉၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးဧရိယာ၏ ၅၂ ရာခိုင်နှုန်းရှိရာ ၂၀၁၀ခုနှစ်တွင် ၄၇ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ခုနှစ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် သစ်တောများပြုန်းတီးမှုပမာဏမှာ တစ်နှစ်လျှင် ပျမ်းမျှ ၃၇၂၂၅၀ဟက်တာ ပြုန်းတီးခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံဧရိယာ၏ ၄၇ရာခိုင်နှုန်းမှာ သစ်တောများ ဖြင့်ဖုံးလွှမ်းလျက်ရှိနေပါသေးသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် ယနေ့အထိ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် အပူပိုင်းမုတ်သုံသစ်တောကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။

ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီးရှိ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများအတွင်း ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ခင်းမြေဧရိယာ ၄၃၆၅၀၈ဧက (၁၇၆၇၂၄ ဟက်တာ)နှင့်ရော်ဘာစိုက်ခင်း၊ မြေဧရိယာ ၂၈၆၄၂ဧက (၁၁၅၉၆ဟက်တာ)တို့တွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယနေ့အချိန်အထိ ဆီအုန်းစိုက်ခင်း ၉၈၁၃၄ဧက (၃၉၇၃၀ဟက်တာ) စိုက်ပျိုးပြီးစီး၍ ၃၃၈၈၂၀ဧက (၁၃၇၁၇၄ ဟက်တာ) မှာ စိုက်ပျိုးရန် ကျန်ရှိနေပါသည်။ အလားတူပင် ရော်ဘာစိုက်ခင်း ၁၀၀၂၃ဧက (၄၀၅၈ ဟက်တာ)သာ စိုက်ပျိုးပြီးစီး၍ ၁၈၆၁၈ဧက (၇၅၃၈ ဟက်တာ)စိုက်ပျိုးရန် ကျန်ရှိနေပါသေးသည်။ ယေဘုယျအားဖြင့် ကုမ္ပဏီများနှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များသည် စိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေဧရိယာ၏ ၂၅ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ကြသည်ကို ကြိုဆိုကြရမည် ဖြစ်ပါသည်။ သို့သော်မှန်ကန်သော ရည်ရွယ်ချက်ချမှတ်လျက် လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များရှိသလို စိုက်ပျိုးရန်ထက် သစ်တောများရှင်းလင်းခုတ်လှဲခြင်းမှ ရရှိသောအကျိုးအမြတ်ကိုသာ မျှော်ကိုးပြီး ဆောင်ရွက်နေသော ကုမ္ပဏီများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း ရှိနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

သဘာဝသစ်တောများအား ခုတ်ထွင်ရှင်းလင်း၍ဆီအုန်းနှင့် ရော်ဘာများ စိုက်ပျိုးခြင်းသည် သစ်တောများပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ သဘာဝသစ်တောများစုပ်ယူသိုလှောင်ထားနိုင်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏနှင့်နှိုင်းယှဉ်လျှင် ဆီအုန်း၊ ရော်ဘာစိုက်ခင်းများက စုပ်ယူမှုပမာဏနည်းပါးသောကြောင့် ရာသီဥတုပြောင်းလဲမှုကို

ပိုမိုဖြစ်ပေါ်စေခြင်းနှင့် သစ်တောများမှရရှိနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများဆုံးရှုံးခြင်းစသည့် အကျိုးဆက်များကို ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ သစ်တောများပြုန်းတီးမှုများကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ အပူပိုင်းမုတ်သုံတောများတွင်တွေ့ရသော တောင်ငုံးရင်မဲငှက်နှင့်အောင်လောင်ငှက်မျိုးစိတ်များမှာ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေတွင် ရှိနေသည်မှာ ထင်ရှားသောသာဓကပင်ဖြစ်ပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့် မြေဆီလွှာတိုက်စား ပို့ချမှုများဖြစ်ပေါ်ပြီး ကမ်းခြေများပျက်စီးခြင်း၊ ကမ်းရိုးတန်း ရေထုညစ်ညမ်းခြင်းနှင့် တနင်္သာရီကမ်းရိုးတန်းတွင်သာ တွေ့ရသည့် သဘာဝသန္တာကျောက်တန်းများ ပျက်စီးစေပါသည်။ ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ရေပြင်နှင့် ဆက်စပ်နေသော သစ်တောများဖြစ်သောကြောင့် သစ်တောများပြုန်းတီးမှုသည် ပင်လယ်ရေနေသတ္တဝါများနှင့် ဂေဟစနစ်ကိုပါပျက်စီးစေပါသည်။

သစ်တောများခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ မြေပြုပြင်ခြင်းများကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြားထွက်ပေါ်လာပြီး ကမ္ဘာ့လေထု ပိုမိုပူနွေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်စေပါသည်။ အကျိုးဆက်အားဖြင့် အပူချိန်တိုးလာမှုနှင့်အတူ မြန်မာ့ပင်လယ်ပြင်နှင့်အနီးအနားပတ်ဝန်းကျင်တွင် လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်ပြီး အပူပိုင်းမုန်တိုင်းများ မကြာခဏဖြစ်ပေါ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ သဘာဝသစ်တော သယံဇာတများ ဆက်လက်ပျက်စီးပါက ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်နေသော မိုးအပြင်းအထန်ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း အပူလှိုင်းကျရောက်ခြင်း၊ အအေးလှိုင်းကျရောက်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံတွင်လည်း အလားတူကျရောက်လာနိုင်ပါသည်။

**သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း(REDD Plus)ဆိုင်ရာ အစီမံရောင် စီးပွားရေးလုပ်ငန်း**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၀ ခုနှစ် အစီရင်ခံစာအရ လွန်ခဲ့သည့်ဆယ်စုနှစ်ကာလ (၂၀၀၀–၂၀၁၀)အတွင်း နှစ်စဉ်ဟက်တာ ၁၆သန်း သစ်တောများ ပြုန်းတီးခဲ့ပါသည်။ ကမ္ဘာ့သစ်တောများသည် ကာဗွန် ၂၈၉ ဂစ်ဂါ တန်ခန့်ကို စုပ်ယူသိုလှောင်ထားပြီး ၂၀၀၅–၂၀၁၀ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုကြောင့် နှစ်စဉ် ၀ ဒသမ၅ ဂစ်ဂါတန် လေထုအတွင်းသို့ ထုတ်လွှတ်ခဲ့ပါသည်။ သစ်တောများပြုန်းတီးခြင်းမှ ထုတ်လွှတ်သောကာဗွန်ပမာဏသည် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်မှု စုစုပေါင်း ၂၀ရာခိုင်နှုန်းအထိ ရှိပါသည်။

ထို့ကြောင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းမှ သစ်တောများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့ပြီး သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစား လျော့ကျလာခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊ သစ်တောများကို ထာဝစဉ်တည်တံ့စေရန်စီမံအုပ်ချုပ်ခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောများပြုန်းတီးနေသောနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန် တွန်းအားပေးလျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်များကို သစ်တောပြုန်းတီးခြင်းနှင့်အတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း (Reducing Emission From Deforestation and Forest Degradation and Enhancement of Carbon Stock-REDD-Plus)ဟု ခေါ်ဆိုပြီး ကာဗွန်ရောင်းဝယ်မှုပုံစံ၊ ငွေကြေးထောက်ပံ့မှုပုံစံများဖြင့် ကမ္ဘာနှင့်အဝန်း အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက် ရှိပါသည်။

REDD-Plus ၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာ့လေထုအတွင်း ကာဗွန်စုစည်းမှုနည်းနိုင်သမျှ နည်းစေ၍ ရာသီဥတုပြောင်းလဲမှုကိုလျော့ပါးသက်သာစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါသည်။ သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျော့ချခြင်းကို အမှန်တကယ်အကောင်အထည်ဖော်နိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများအား အဆိုပါကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် စွန့်လွှတ်မှု အနစ်နာခံမှုများအား ဘဏ္ဍာငွေကြေးဖြင့် ဂုဏ်ပြုထောက်ပံ့ရန်ဖြစ်ပါသည်။ REDD-Plus နည်းဗျူဟာများသည် အပင်များတွင် သိုလှောင်ထားသော ကာဗွန်ပမာဏအတွက် ငွေကြေးတန်ဖိုးတွက်ချက်ဖော်ပြခြင်းဖြင့် သစ်တောများကို ခုတ်လှဲခြင်းထက် ပင်ထောင်အတိုင်း တည်ရှိစေခြင်းမှာ ပိုမိုတန်ဖိုးကြီးမားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် REDD-Plus လုပ်ငန်းစဉ်များသည် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောကဏ္ဍဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများပင်ဖြစ်ပါသည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုပမာဏမှာ စုစုပေါင်းဧရိယာ၏ ၄၇ ရာခိုင်နှုန်းရှိပြီး အကျယ်အဝန်းအားဖြင့် ဟက်တာ ၃၅ဒသမ၄သန်းကျော်ရှိနေသဖြင့် REDD-Plus နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကဲ့သို့ သစ်တောကဏ္ဍဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိပါသည်။

**သစ်တောကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ်(၃၀)အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ သဘာဝသစ်တောများကို ထာဝစဉ်တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်နေသကဲ့သို့ သစ်တောပြုန်းတီးနေသောတောများတွင် သစ်တော



ရေသံသရာ
လည်ပတ်ခြင်းအား
သစ်ပင်မှ
အထောက်အကူ
ပြုပုံ

စိုက်ခင်းများကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက်ရှိပါသည်။ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဟူ၍ စိုက်ခင်းအမျိုးအစားများခွဲခြားလျက် စီးပွားရေးပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းရေးကို ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံအဝန်း တောပြုန်းပျက်စီးနေသောမြေနေရာများတွင် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် သစ်တောစိုက်ခင်းများ နှစ်စဉ် တည်ထောင်လျက်ရှိရာ ၂၀၁၁ခုနှစ်၊ ဩဂုတ်လအထိ ဟက်တာ ၅ သိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိက ကဏ္ဍတွင်လည်း သစ်တောကဏ္ဍ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက် သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် စိုက်ခင်းတည်ထောင်ရေး လုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့်မြစ်ကြီးများနှင့် ဆည်များ၏ ရေဝေရေလဲဒေသများရှိ သစ်တောများကို လွန်ခဲ့သော နှစ်ပေါင်း၁၀၀ကျော်ကပင် စတင်၍ စနစ်တကျစီမံအုပ်ချုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဓိကရေဝေရေလဲဒေသကြီးများဖြစ်သည့် မြောက်ဖျားခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းများနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်းပဲခူးရိုးမမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသနှင့်အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများကို နည်းလမ်းမျိုးစုံဖြင့် စွမ်းစွမ်းတမံထိန်းသိမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဒေသများ(ဥပမာ-ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ရေးစီမံကိန်း)တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့် ပျက်စီးမှုများကို ပြန်လည်ကုစားရန် သစ်တောများ ပြန်လည်တည်ထောင်ရေး၊ သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝသစ်တောကြီးများကို ခုတ်လှဲရှင်းလင်း၍ ဆီအုန်းနှင့်ရော်ဘာစိုက်ခင်းများတည်ထောင်ခဲ့သော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ယခုအခါ ရာသီဥတု ပြောင်းလဲမှုလျော့ကျစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံတွင် ဆီအုန်းစိုက်ခင်းကုမ္ပဏီများနှင့် ဆီအုန်းစက်မှုလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထင်ရှားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းခြင်း၊မြစ်ချောင်းတစ်လျှောက် သစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်း၊ မြေဆီလွှာသိပ်သည်းစေသည့် လုပ်ဆောင်ချက်များကိုရှောင်ကြဉ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ အင်းဆက်ပိုးမွှားများအား ပေါင်းစပ်နည်းစနစ်များဖြင့် ကာကွယ်တားဆီးခြင်း၊ ထုတ်ကုန်အလေအလွင့်ပစ္စည်းများ စီမံခန့်ခွဲခြင်း၊ ကျေးလက်ဒေသနေပြည်သူများနှင့် အလုပ်သမားများ၏စားဝတ်နေရေး၊ လူနေမှုဘဝမြင့်မားရေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ကူညီဆောင်ရွက်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ကမ္ဘာ့မိုးသစ်တောများ၊ မုတ်သုံတောများသည် ယနေ့အချိန်အခါတွင် သိသာစွာလျော့ပါးလာလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တနင်္သာရီတိုင်းဒေသကြီးတွင်သာ အများဆုံးပေါက်ရောက်သည့် အပူပိုင်းမုတ်သုံသစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများ အလွန်ကြွယ်ဝပြီး ပတ်ဝန်းကျင်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသောကြောင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် သဘာဝသစ်တောများထူထပ်သည့် နေရာများကို ကာကွယ်ထိန်းသိမ်းကြပြီး သစ်တောများပြုန်းတီးပျက်စီးနေသော မြေနေရာများတွင်သာ ဆီအုန်းနှင့်ရော်ဘာကဲ့သို့ စက်မှုစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများထူထောင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရေရှည်အကျိုးကျေးဇူးများကို မျှော်မှန်း၍ ချင့်ချင့်ချိန်ချိန်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ သစ်တောများပြုန်းတီးပျက်စီးမှုဆိုင်ရာ ခါးသီးသောအတွေ့အကြုံကို သင်ခန်းစာယူပြီး ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကို သဟဇာတမျှတအောင် ဘက်စုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ သဘာဝသယံဇာတများကိုသာအသုံးပြု၍ မိရိုးဖလာလုပ်ငန်းစဉ်များဖြင့် အလျားလိုက်ဖွံ့ဖြိုးတိုးတက်စေခြင်း(Horizontal Development) ထက် နည်းပညာများနှင့် သယံဇာတကို မျှတအောင် အသုံးပြု၍ ဒေါင်လိုက်ဖွံ့ဖြိုးတိုးတက်စေရန်(Vetrical Development) ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**သစ်တစ်ပင်၏တန်ဖိုး**

''ဥတုရာသီ တောကိုမှီ''ဟု ဆိုစကားရှိပါသည်။ ရာသီဥတုကောင်းမွန်မျှတရေးသည် သစ်ပင်သစ်တောများပေါ်တွင်သာ မှီတည်နေပါသည်။ သစ်ပင်သစ်တောများရှိပါမှ ရာသီဥတု ကောင်းမွန်မျှတမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်များပြားလာကာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်မှအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သစ်တစ်ပင်၏ တန်ဖိုးတစ်နည်းအားဖြင့် တောတစ်တော၏တန်ဖိုးမှာ မမျှော်မှန်းနိုင်လောက်အောင် တန်ဖိုးကြီးမားလှသည်။ ''နွယ်မြက်သစ်ပင် ဆေးဖက်ဝင်''ဟု ဆိုသည့်အတိုင်း နွယ်ပင်၊ မြက်ပင်မှအစ သူ့နေရာနှင့်သူတန်ဖိုးအသီးသီး ရှိပါသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်၊ တောတစ်တော၏ တန်ဖိုးအစစ်အမှန်ကို ထိုးထွင်းသိမြင်နိုင်၍ ''နှိုင်းနှိုင်း ချိန်ချိန်၊ သုခမိန်''ဆိုသကဲ့သို့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မျှတစွာ ချင့်ချိန်ဆောင်ရွက်နိုင်ကြပါရန် ''သစ်တစ်ပင်၏တန်ဖိုး''ကို မီးမောင်းထိုးတင်ပြလိုက်ရပါသည်။

**(၂၀၁၀ခုနှစ် ကိန်းဂဏန်းအချက်အလက်များအား အခြေပြုဖော်ပြထားပါသည်)**





**တနင်္သာရီ သဘာဝကြိုးဝိုင်းစိမ်းကိန်း၊ ထမံသိတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၏ နိုင်ငံတကာကျားထိန်းသိမ်းရေးနေ့ (၂၉-၇-၂၀၁၆) ကျားထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ အထိမ်းအမှတ်ဂုဏ်ပြုသည့်ဟောပြောပွဲမှ ကောက်နုတ်ဖော်ပြချက်**




တနင်္သာရီ သဘာဝကြိုးဝိုင်းစိမ်းကိန်း

ယနေ့ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်ပေါင်း(၉)မျိုးရှိပြီး၊ ယင်းကျားမျိုးစိတ်များ ပျံ့နှံ့ကျက်စားသည့်နိုင်ငံများစွာအနက် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ရုရှား၊ ထိုင်းနှင့် ဗီယက်နမ် စသည့်(၁၃)နိုင်ငံတို့တွင် ကျားများကျန်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကျားထိန်းသိမ်းရေးလုပ်ငန်းများအား ဒေသတွင်းနိုင်ငံများအဖွဲ့ Global Tiger Forum-GTF ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၄ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ကျင်းပပြုလုပ်ခဲ့သော International Symposium on Tiger ဝန်ကြီးအဆင့်ညီလာခံတွင် ဝင်ရောက်ခဲ့ရာ မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်(၇)နိုင်ငံပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ကျားနှင့်ပတ်သက်၍ ကွင်းဆင်းစာရင်းကောက်ယူခြင်းများနှင့် သုတေသနလေ့လာချက်များအရ ခန့်မှန်းကျားကောင်ရေ(၈၅)ကောင်ခန့်ကျန်ရှိနေပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ဧရိယာများတွင် ဘင်္ဂလားကျားမျိုးစိတ် Bengal Tiger (*Penthra tigris tigris*)နှင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ဧရိယာများတွင် အင်ဒိုတရုတ်ကျားမျိုးစိတ် Indo-Chinese Tiger(*Penthra Tigris Corbetti)*တို့ ကျက်စားလျက်ရှိပါသည်။ သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ၁၉၉၄ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကျားမျိုးစိတ်ကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ကာကွယ်လျက် ဧရိယာ(၁၅၇၄၄၀၀)ဧကရှိသော ဟူးကောင်းချိုင့်ဝှမ်းကျားထိန်းသိမ်းရေးနယ်မြေ (Tiger Reserve)ကို (၂၀၁၀)ခုနှစ် မေလ(၂၇)ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်အမှတ်(၇၁/၂၀၁၀)ဖြင့် ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် ကမ္ဘာ့အကြီးဆုံးသဘာဝကျားထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်လာပါသည်။

ထို့အပြင် သစ်တောဦးစီးဌာနအနေဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) Wildlife Conservation Society (WCS- Myanmar Programme) နှင့်၂၀၀၇ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ (၄)နှစ်သက်တမ်းရှိ MoU (Memorudum of Understanding) ရေးထိုးကာ ဟူးကောင်းဒေသကျားထိန်းသိမ်းရေးအပြင် နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျားများကျန်ရှိနေသော နိုင်ငံများတွင်လည်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေများနှင့်ကျားများကျန်ရှိနေကြခြင်းဖြစ်ကာ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အိန္ဒိယ၊ ရုရှားနှင့်ဘူတန်(၃)နိုင်ငံတွင် ကျားအကောင်ရေ တိုးပွားလာခဲ့သော်

လည်း လာအို၊ ကမ္ဘောဒီးယားနှင့်ဗီယက်နမ်နိုင်ငံများတွင် လုံးဝမျိုးသုဉ်းပျောက်ကွယ်လုနီးပါးအခြေအနေ (သို့) မျိုးသုဉ်းသွားခြင်း အခြေအနေများနှင့်ရင်ဆိုင်နေကြရပြီဖြစ်ပါသည်။ ကျားများနေထိုင်ကျက်စားရာ နေရင်းဒေသများ၏ပမာဏနှင့်အရည်အသွေး များသည်လည်း များစွာလျော့နည်းပျက်စီးပါသည်။ ရုရှားနိုင်ငံစိန့်ပီတာစဘတ်၌ ၂၀၁၀ခုနှစ်က ကျင်းပပြုလုပ်ခဲ့သော ကျားထိပ်သီးညီလာခံ(Tiger Summit)တွင် ကြေညာချက်စာတမ်းထုတ်ပြန်ခဲ့ပြီး ၂၀၂၂ခုနှစ်အရောက်တွင် ကျားအကောင်ရေ (၂)ဆတိုးတက်လာစေရန် ရည်မှန်းထားရှိပြီးဖြစ်သဖြင့် ကျားများရှိသောနိုင်ငံများအနေဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းသည် ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို သိပ္ပံနည်းကျစနစ်တကျ လေ့လာစာရင်းကောက်ယူမှတ်တမ်းတင်ခြင်းဆောင်ရွက်ရာတွင် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ပျံ့နှံ့လျက်ရှိသောကျားများ၏ နေထိုင်ကျက်စားမှုနှင့်နေရင်းဒေသများ၊ ပျံ့နှံ့မှုနှင့် ပေါကြွယ်ဝမှုတို့အား လေ့လာလျက်၂၀၀၅ခုနှစ်မှ စတင်၍ ကင်မရာထောင်ချောက်များကို အသုံးပြု၍ တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းအနေဖြင့်ကျားများကို လေ့လာသုတေသနပြုလုပ်နေဆဲဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သဘာဝကြိုးဝိုင်းအုပ်ချုပ်မှုအဖွဲ့ (Reserve Management Team)သည် ကျားအကောင်ရေ (၃၀)ခန့် ကျက်စားလျက်ရှိသော တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်း၏ ဧရိယာနှင့်ဆက်စပ်ဒေသများသည်လည်း အင်ဒို တရုတ်ကျား(Indo Chinese Tiger)များ ကျက်စားလျက် ရှိသေးသည့် ဧရိယာဖြစ်ခြင်းကြောင့် International Tiger Day (အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့)၂၀၁၆ခုနှစ် ဇူလိုင်လ(၂၉)ရက်နေ့တွင် ကျားထိန်းသိမ်းရေးလုပ်ငန်းဟောပြောပွဲကို ကျင်းပပြုလုပ်ရာဒေသခံပြည်သူများ၊ တောလိုက်မုဆိုးများ၊ အခြေခံပညာအထက်တန်းကျောင်း (ကလိန်အောင်ကျေးရွာ)နှင့် အခြေခံပညာအလယ်တန်းကျောင်း( ကျောက်ရှပ်ကျေးရွာ)တို့မှ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ စုစုပေါင်း(၈၁၈)ဦး တက်ရောက်ခဲ့သည်။



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

အလားတူထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများမှ အပြည်ပြည်ဆိုင်ရာကျားထိန်းသိမ်းရေးနေ့ ပညာပေး ဟောပြောပွဲကို ဟုမ္မလင်းမြို့နယ်၊ ထမံသီရွှေ့တန်းစခန်းရှင်းလင်းဆောင်တွင် ကျင်းပပြုလုပ်ပြီး ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ/သားများနှင့် ဘေးမဲ့တောများ စုစုပေါင်း(၅၀)ဦး တက်ရောက်ခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများလည်း တနိုင်းမြို့၊ အခြေခံပညာအလယ်တန်း ကျောင်း (လမုန်ကျေးရွာ)၌ ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ မကောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ WCS မှ ဌာနေဝန်ထမ်းနှင့် ဘေးမဲ့တောမှဝန်ထမ်းများ စုစုပေါင်း(၂၂၀)ဦးတက်ရောက်ခဲ့ကြပါသည်။

ဟောပြောပွဲတွင် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးမှ "ဟူးကောင်းကျားမှန် ရာသက်ပန်ကျက်စားရှင်သန်ဖို့" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်၊ ပေတံလျှုဒါန်းခြင်းများဆောင်ရွက်ခဲ့ကြပါသည်။








ဘာသာပြန်ဆိုသူ - တက်နေထွန်း (တိုးချဲ့) ၊ မေဇင်မြင့် (တိုးချဲ့)




## ရေဝေရေလဲဒေသများမြေအသုံးချမှုပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာ့မြို့ကြီးများ၏သောက်သုံးရေ သန့်စင် စရိတ်မြင့်တက်လာ



အမေရိကန်နိုင်ငံ The Nature Conservancyအဖွဲ့မှ ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများ၏ ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ၊ လူဦးရေတိုးပွားနှုန်းနှင့် ၁၉၀၀-၂၀၀၅ကာလ အတွင်း မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ လေ့လာမှုတရပ်ကိုပြုလုပ်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုရလဒ်အရ ကမ္ဘာ့မြို့ကြီးသုံးမြို့အနက် တစ်မြို့သည် မြို့သောက်သုံးရေ သန့်စင်ရန်အတွက် ယခင်ကုန်ကျစရိတ်ထက် ၅၀ရာခိုင်နှုန်း ပိုမိုသုံးစွဲနေရသည်ကိုတွေ့ရှိခဲ့ရပါသည်။

မြို့ပြရေအရင်းအမြစ်များ၏ရေဝေရေလဲဒေသများ အဆင့်အတန်း ကျဆင်းခြင်းသည်ကမ္ဘာအနှံ့ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေပြီး မြို့ကြီး(၁၀)မြို့တွင်(၉)မြို့၏ သောက်သုံးရေကို ထောက်ပံ့ပေးနေသောရေဝေရေလဲဒေသများကို စိုက်ပျိုးမြေများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ပြောင်းလဲအသုံးပြုနေကြပါသည်။ ရလဒ်အဖြစ် ယင်းရေအရင်းအမြစ်များမှ ထွက်ရှိလာသောရေများသည် ပိုမိုညစ်ညမ်းလာကာ သန့်စင်စရိတ်ပိုမိုအသုံးပြုလာရပြီး အမေရိကန်ဒေါ်လာ၁၀၀-ဘီလီယံခန့် ယခင်ကထက်ပို၍အသုံးပြုလာရပါသည်။ ထိုသို့ တိုးမြင့်လာသောကုန်ကျစားရိတ်ကို မြို့နေလူထုမှ ကောက်ခံရရှိသောအခွန်ငွေများမှ သုံးစွဲရခြင်းဖြစ်သဖြင့် မြို့ပြလူဦးရေသန်းရာပေါင်းများစွာအပေါ် သက်ရောက်စေပါသည်။

အဆိုပါတွေ့ရှိချက်များက ညွှန်ပြနေသည်မှာ မြို့ပြ ရေသန့်စင်စရိတ်သည် ရေအရင်းအမြစ်များကိုမည်ကဲ့သို့ စီမံအသုံးချနေသည့်အချက်ပေါ် မူတည်နေပါသည်။ သဘာဝတောများနှင့် အခြားသော သဘာဝဂေဟစနစ်များသည် သဘာဝအလျောက် ရေအရည်အသွေးထိန်းသိမ်းသန့်စင်ခြင်းကို ဆောင်ရွက်ပေးနိုင်သော်လည်း စိုက်ပျိုးမြေများနှင့် မြို့ပြဧရိယာများသည် ယင်းကဲ့သို့ မစွမ်းဆောင်နိုင်ပါ။လေ့လာမှုတစ်ခုအရ ၂၀၅၀-ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံခန့်သည် မြို့ပြများတွင် နေထိုင်မည်ဟု ခန့်မှန်းထားပြီး တိုးပွားလာမည့်လူဦးရေအတွက် မြို့ပြဧရိယာများချဲ့ထွင်ရန်လိုအပ်သကဲ့သို့ သောက်သုံးရေလည်း ပိုမိုဖြန့်ဝေပေးရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက မိုးခေါင်ရေရှားပြဿနာများ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်စေပြီး သောက်သုံးရေပြတ်လပ်မှုကပ်ဆိုးကို ခံစားလာရစေပါသည်။ သို့ဖြစ်၍ မြို့ပြစီမံခန့်ခွဲရေးတာဝန်ရှိသူများ ရွေးချယ်ရမည့်နည်းလမ်းနှစ်ခုမှာ အခွန်အခတိုးမြှင့်ကောက်ခံ၍ ဒေါ်လာဘီလျံများစွာကို ရေသန့်စင်စနစ်တွင် တိုးမြှင့်အသုံးချမည့် နည်းလမ်းနှင့် ရေဝေရေလဲဒေသများကို စနစ်တကျအုပ်ချုပ်၍ အဖိုးတန်ရေအရင်းအမြစ်များ ညစ်ညမ်းပျက်စီးမှုကာကွယ်ရေး နည်းလမ်းဖြစ်ပါသည်။ The Nature Conservancy အဖွဲ့မှ သိပ္ပံပညာရှင် Rob McDonald မှ ဒုတိယနည်းလမ်းသည် ပိုမိုသင့်တော်ပြီးမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ရာတွင် သဘာဝဂေဟစနစ်အပေါ်သက်ရောက်မှုကို ထည့်သွင်းစဉ်းစားပြီး ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းသည် ရေဝေရေလဲဒေသများကိုကာကွယ်နိုင်ကာ ရေသန့်စင်စရိတ်မြင့်တက်လာခြင်းပြဿနာကို ဖြေရှင်းနိုင်သည်ဟုအကြံပြုထားပါသည်။ The Nature Conservancy အဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိမြို့ကြီးများနှင့် ကုမ္ပဏီများဖြင့်ပူးပေါင်းကာ Water Fundsဟုခေါ်သိများသော အစီအစဉ်တစ်ရပ်ထူထောင်ကာ သောက်သုံးရေအရင်းအမြစ်များ၏ ရေဝေရေလဲဒေသများ ကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးရေးနည်းဗျူဟာများချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

## တောင်တန်းဒေသပတ်ဝန်းကျင်များသည် ယခင်ကသိထားသည်ထက်ပို၍ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားလွယ်ခြင်း



အမေရိကန်နိုင်ငံ Montana တက္ကသိုလ်မှ မြေယာရှုခင်း ဂေဟဗေဒ ပါမောက္ခ Solomon Dobrowski နှင့် အဖွဲ့၏ သုတေသန အသစ်တစ်ခုတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရှိများ၏ နေရင်းဒေသများပျက်စီးကာ ပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ခက်ခဲမှုများကို ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း ဩဂုတ်လ (၂)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။

ဤလေ့လာမှုတွင် သုတေသီများသည် သက်ရှိများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် မည်သည့် နေရာသို့ရွှေ့ပြောင်းရမည်၊ မည်မျှလျင်မြန်စွာ ပြောင်းရမည်နှင့် ပတ်သက်၍ model ပြုလုပ်နိုင်မည့်နည်းလမ်းသစ်တစ်ခုကို အဆိုပြုတင်ပြခဲ့ကြပါသည်။

တောင်တန်းများသည် ကမ္ဘာပေါ်ရှိ ကုန်းနေဇီဝမျိုးစုံမျိုးကွဲများ၏ (၄)ပုံ(၁)ပုံကို ထောက်ပံ့နေပြီး ကမ္ဘာပေါ်ရှိ သဘာဝနယ်မြေ အားလုံး၏ (၃)ပုံ(၁)ပုံမှာ တောင်တန်းဒေသများတွင် တည်ရှိနေပါသည်။ သို့ဖြစ်ရာ တောင်တန်းဒေသများသည် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ စုံလင်သောဒေသများ၏ တစ်ဝက်နီးပါးကို နေရာယူထားပါသည်။ တောင်တန်းများရှိ ရှုပ်ထွေးသော မြေမျက်နှာသွင်ပြင်သည် ရာသီဥတုပုံစံမျိုးစုံကို ဖန်တီးနေပြီး အဆိုပါ ရာသီဥတုပုံစံများသည်လည်း တစ်ခုနှင့်တစ်ခုနီးစပ်မှုရှိပါသည်။

သိပ္ပံပညာရှင်များအနေဖြင့် နေရာဒေသတစ်ခု၏ ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားလွယ်မှုကို တိုင်းတာသည့် နည်းလမ်းတစ်ခုမှာ ထိုဒေသရှိသက်ရှိများက ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ တသမတ်တည်းဖြစ်မည့် အပူချိန်ကိုထိန်းသိမ်းထားရန် မည်သည့်အကွာ အဝေးအထိရွှေ့ပြောင်းရန်လိုအပ်သည်ကို ခန့်မှန်းခြင်းပင်ဖြစ်ပါသည်။ တောင်တန်းဒေသများတွင် ရာသီဥတုပုံစံမျိုးစုံရှိသောကြောင့် အပူချိန်မြင့်တက်လာချိန်၌ သက်ရှိများအနေဖြင့် အေးမြသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်အတွက် အကွာအဝေးအနည်းငယ် သွားရုံဖြင့်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

သုတေသီများ၏ပြောကြားချက်အရ သက်ရှိများ အနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရေးအတွက် မည်မျှ အကွာအဝေးအထိ ရွှေ့ပြောင်းရမည်ကို ခန့်မှန်း တိုင်းတာရုံဖြင့် မလုံလောက်ကြောင်းသိရပါသည်။ သက်ရှိများတစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သည့်လမ်းတစ်လျှောက်တွင် မတူညီသော ရာသီဥတုများကို မည်မျှကြုံတွေ့ရသည်ကိုလည်း လေ့လာရန် လိုအပ်ပါသည် ဤသို့လေ့လာခြင်းဖြင့် တောင်တန်းဒေသများ၌ အကွာအဝေးတိုအတွင်း ရွှေ့ပြောင်းသွားလာရာ၌ပင် မတူကွဲပြားသော ရာသီဥတုများစွာကို ကြုံတွေ့ရသည်ကို တွေ့ရှိခဲ့ကြပါသည်။ ဤအခြေအနေကြောင့် သက်ရှိများအနေဖြင့် ကမ္ဘာကြီးဆက်လက်ပူနွေးလာပါက မိမိတို့နှင့်သင့်တော်သည့် ရာသီဥတုကို ထိန်းသိမ်းနိုင်ရန် ခက်ခဲနိုင်ကြောင်းသုတေသီများက ယူဆထားကြပါသည်။ တောင်တန်းဒေသတစ်ခုအတွင်းမှာပင်ရှိသော ဧရိယာများသည် သီးခြားရာသီဥတုရှိကြသောကြောင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားလွယ်ကြောင်းသိရှိရသည်။

## အရှေ့တောင်အာရှဒေသတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းအတွက် သဘာဝတောများကို ခုတ်ထွင်ရှင်းလင်းခြြင်းကြောင့် တိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းအန္တရာယ်ကြုံတွေ့နေရခြင်း



အမေရိကန်နိုင်ငံ Duke တက္ကသိုလ်၏ လေ့လာမှုအသစ်တစ်ခုအရ အရှေ့တောင်အာရှဒေသတွင် သစ်တောစိုက်ခင်းများတည်ထောင်ရန် သစ်တောများကို ရှင်းလင်းခြင်းပိုများလာသဖြင့် ထိုသစ်တောများတွင် ရှင်သန်နေထိုင်ကြသော နို့တိုက်သတ္တဝါ၊ ငှက်နှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ်များ၏ ၄၂ ရာခိုင်နှုန်းသည် နေရင်းဒေသပျက်စီး၍ မျိုးသုဉ်းသည့်အန္တရာယ်ပိုမိုမြင့်တက်လာကြောင်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။

အဆိုပါ သတ္တဝါမျိုးစိတ်များသည် နယ်စပ်ဒေသများရှိ ဝေးလံသောသစ်တောများထဲတွင် နေထိုင်ကျက်စားကြပါသည်။ သို့ဖြစ်ရာ ထိုတိရစ္ဆာန်များ ဆက်

လက်ရှင်သန်ရေးအတွက် နယ်စပ်ကျော်ဖြတ် သဘာဝ နယ်မြေများလိုအပ်သကဲ့သို့ မျိုးသုဉ်းအန္တရာယ်စောင့်ကြည့် လေ့လာရန် အဝေးမှစူးစမ်းလေ့လာခြင်းနည်းပညာကို ပိုမိုအသုံး ပြုရန်လိုအပ်နေကြောင်း သုတေသီများက ပြောကြားထားပါသည်။

**ယခင်က သိထားသည်ထက်ပို၍ နေရင်းဒေသများလျော့နည်း ဆုံးရှုံးနေခြင်း**

ယခုလေ့လာမှုတွင် မျိုးသုဉ်းအန္တရာယ်မြင့်မားနေကြောင်း အသစ်သတ်မှတ်လိုက်သည့် နို့တိုက်သတ္တဝါ၊ ငှက်နှင့်ကုန်းနေ ရေနေသတ္တဝါမျိုးစိတ်များထဲမှ မျိုးစိတ်(၂၀၀)ကျော်သည် လက်ရှိ အချိန်၌ IUCN ၏ မျိုးသုဉ်းအန္တရာယ်ရှိနေသည့် မျိုးစိတ်စာရင်း တွင်မပါဝင်သေးပါ။ ထိုမျိုးစိတ်များ နေထိုင်ကျက်စားရာနေရာ များသည် အလွန်သေးငယ်သဖြင့် မျိုးသုဉ်းအန္တရာယ်ကို အလွန် အမင်းထိခိုက်ခံစားလွယ်ကြောင်း သုတေသီ Binbin Li က ပြော ကြားခဲ့ပါသည်။ အဆိုပါတိရစ္ဆာန်များကို မျိုးသုဉ်းအန္တရာယ် ရှိသည့် မျိုးစိတ်များအဖြစ် တရားဝင်စာရင်းသွင်းရန် အချက် အလက် လုံလုံလောက်လောက်မရမီပင် မျိုးသုဉ်းသွားနိုင်ကြောင်း ယင်းကပြောကြားခဲ့ပါသည်။

ဤသုတေသနတွင် သုတေသီ Li နှင့်အဖွဲ့သည် IUCN စာရင်းမသွင်းထားသေးသောမျိုးစိတ်များနှင့် ၎င်းတို့၏ နေရင်းဒေသများကို ခွဲခြားသတ်မှတ်နိုင်ရန်အတွက် အဝေးမှ စူးစမ်းလေ့လာခြင်းမှ ရသောအချက်အလက်များကို အသုံးပြု ခဲ့ကြပါသည်။ သုတေသီအဖွဲ့၏ တွေ့ရှိချက်အရ အဆိုပါမျိုးစိတ် အများစုသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း၊ စကော့ပူနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့ဖြင့် ဝန်းရံနေသောဒေသရှိ ကွေ့ကောက်သွယ် တန်းနေသည့် ဝေးလံသော တောင်ပေါ်သစ်တောများထဲတွင် နေ ထိုင်ကျက်စားကြကြောင်း သိရပါသည်။

IUCN က မျိုးသုဉ်းအန္တရာယ်ရှိသော မျိုးစိတ်အဖြစ် စာရင်းမသွင်းထားသော်လည်း မျိုးသုဉ်းအန္တရာယ် မြင့်မားသည်ဟု သတ်မှတ်ခံထားရသော မျိုးစိတ်စာရင်းမှာ ငှက်မျိုးစိတ်(၂၈)မျိုး၊ ကုန်းနေရေနေသတ္တဝါ မျိုးစိတ်(၁၄၇)မျိုးနှင့် နို့တိုက်သတ္တဝါမျိုး စိတ်(၄၂)မျိုးဖြစ်ပါသည်။ ထိုမျိုးစိတ်များ၏ အရေအတွက်နှင့် ပထဝီဝင်အရ ပျံ့နှံ့မှုတို့နှင့်ပတ်သက်၍ သိရှိမှုနည်းပါးသော ကြောင့် သိပ္ပံပညာရှင်များက အချက်အလက် ပြည့်စုံမှုမရှိသည့် မျိုးစိတ်များအဖြစ် သတ်မှတ်ထားကြပါသည်။

ယခုလေ့လာမှုတွင် သုတေသီများသည် အဝေးမှစူးစမ်း လေ့လာခြင်း နည်းပညာသုံး၍ ရလာသောသတင်းအချက်အလက် အသစ်များကို အရှေ့တောင်အာရှဒေသရှိ အမျိုးသားဥယျာဉ်များ၊ ထိန်းသိမ်းရေးနယ်မြေများထဲရှိ သဘာဝသစ်တောများ၏ မြေပုံ များနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြပြီးနောက် တိရစ္ဆာန်မျိုးစိတ်များ၏ ၄၀ရာခိုင်နှုန်းနီးပါးသည် ၎င်းတို့နေရင်းဒေသများအား အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုကြောင့် ပျက်စီးခြင်း သို့မဟုတ် သစ်တောပြုန်း တီးမှုမှ ကာကွယ်ထားရှိမှုမှာ (၁၀)ရာခိုင်နှုန်းအောက် လျော့နည်း နေကြောင်း သုတေသီများက လေ့လာဖော်ထုတ်ခဲ့ကြပါသည်။ ထို့အပြင် အချက်အလက်ပြည့်စုံမှုမရှိသည့် မျိုးစိတ်များ၏ (၄)ပုံ (၁)ပုံကျော်သည် သဘာဝနယ်မြေများ တည်ထောင်၍ ကာကွယ် ထားခြင်းလုံးဝမရှိကြောင်း သိရပါသည်။

ကာကွယ်ထိန်းသိမ်းမှုမရှိသော နေရင်းဒေသအများစု သည် နိုင်ငံနယ်စပ်များကို ဖြတ်ကျော်တည်ရှိကြောင်း သုတေသီ Li က ပြောကြားခဲ့ပါသည်။ ဆိုလိုသည်မှာ ဗီယက်နမ်နှင့် လာအို နိုင်ငံကြားမှ Annamite တောင်တန်းကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝ သော အဓိကနေရာများ၌ နယ်စပ်ကျော်ဖြတ်သဘာဝနယ်မြေများ ဖန်တီးတည်ထောင်ခြင်းအပါအဝင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲမျိုး စိတ်များ၏ ရှင်သန်မှုအတွက် အရေးကြီးကြောင်း ဆိုလိုခြင်း ပင်ဖြစ်သည်။

မကြာသေးမီ နှစ်များအတွင်း အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းတစ်လျှောက်တွင် ရာဘာ၊ ဆီအုန်းကဲ့သို့ စိုက်ပျိုး သီးနှံထုတ်လုပ်မှု လျင်မြန်စွာများပြားလာခဲ့ပါသည်။

သုတေသီများ၏ ပြောကြားချက်အရ ယခုအခါတွင် ကမ္ဘာ့ရာဘာထုတ်လုပ်မှု၏ ၅၆ ရာခိုင်နှုန်းကျော်နှင့် ဆီအုန်းထုတ် လုပ်မှု ၃၉ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှဒေသမှ ထုတ် လုပ်နေခြင်း ဖြစ်ပြီး အဆိုပါ ထုတ်လုပ်မှုအတွက် မြေနေရာများမှာ ယခင်က သဘာဝသစ်တောများ ဖြစ်ခဲ့သောမြေများဖြစ်ကြောင်း သိရပါသည်။ စိမ်းလန်းသန်စွမ်းပြီး မျိုးစိတ်ကြွယ်ဝသော သဘာဝ သစ်တောများနှင့် နှိုင်းယှဉ်ပါက အဆိုပါတောပြုန်းနေသောနေရာ များတွင် ရှင်သန်နေထိုင်နိုင်သောမျိုးစိတ်အရေအတွက် အနည်း ငယ်သာရှိပါသည်။

အဝေးမှစူးစမ်းလေ့လာခြင်းနည်းပညာများကို တိုးမြှင့် အသုံးပြုခြင်းအားဖြင့် သိပ္ပံပညာရှင်များနှင့် အစိုးရများအနေဖြင့် ဦးစားပေးသတ်မှတ်ထိန်းသိမ်းသင့်သည့် သဘာဝတောကျန်များကို ပိုမိုကောင်းမွန်စွာ ခွဲခြားသတ်မှတ်၍ ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

ယခုလက်ရှိ ထိန်းသိမ်းရေးဦးစားပေးဒေသများ၏ ၂၀ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းတွင် သစ်တောများ သို့မဟုတ် သဘာဝတောများမရှိပါ။ အဆိုပါနေရာများတွင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဦးစားပေးသတ်မှတ်ရန် လိုအပ်မှုရှိ မရှိကို အဝေးမှစူးစမ်းလေ့လာခြင်းမှရသည့် အချက်အလက်များ သုံး၍သာ သိရှိနိုင်ပါသည်။ ထိုအချက်အလက်များမရရှိဘဲ ဦးစားပေး ထိန်းသိမ်းရမည့်နေရာများကို ရွေးချယ်ဆောင်ရွက်ပါက ကြိုး ပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်သွားနိုင်ပါသည်။ သို့ဖြစ်ရာ အဝေးမှစူးစမ်းလေ့လာခြင်းနည်းပညာများသည် ကျွန်ုပ်တို့၏ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အလွန်တန်ဖိုးရှိပါသည်။ အထူး သဖြင့် ကျွန်ုပ်တို့၏ ထိန်းသိမ်းကာကွယ်ရေးအစီအစဉ်တွင် လစ် လျူရှုခံထားရသည့် IUCN စာရင်းမသွင်းထားသော မျိုးစိတ် များ၏ မျိုးသုဉ်းအန္တရာယ်အဆင့်ကို တန်ဖိုးတွက်ရေးအတွက် ပိုမိုတိကျ ခေတ်မီသောနည်းလမ်းကို အဝေးမှစူးစမ်းခြင်း နည်း ပညာက ထောက်ပံ့ပေးနေပါသည်။



# တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ရေးအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်စေမည့် ခိုလှုံရာနေရာဒေသများကို စီမံအုပ်ချုပ်ခြင်း



US Geological Survey ၏ လေ့လာမှုအသစ်တစ်ခုအရ ရာသီဥတုပြောင်းလဲမှုဖြစ်နေသော်လည်း ရှိနေသောအနေအထားအတိုင်း မပြောင်းလဲဘဲဆက်လက်ရှိနေနိုင်သည့် သဘာဝနယ်မြေများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာဒေသများကို ခွဲခြားသတ်မှတ်ကာ မျိုးသုဉ်းအန္တရာယ်ကြုံတွေ့နေရသည့် မျိုးစိတ်များ၏ ခိုလှုံရာနေရာများအဖြစ် စီမံအုပ်ချုပ်ထိန်းသိမ်းရန် လိုအပ်ကြောင်း ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့ အင်တာနက် သတင်းအရ သိရပါသည်။

ဤလေ့လာမှုတွင် သုတေသီအဖွဲ့သည် အပင်များ၊ တိရစ္ဆာန်များနှင့် ငါးများအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ပိုခံနိုင်သည့် ခိုလှုံရာနေရာဒေသများကို ခွဲခြားသတ်မှတ်စီမံအုပ်ချုပ်ရာတွင် အထောက်အကူပြုနိုင်မည့်အဆင့်များကို ရှင်းလင်းတင်ပြထားကြပါသည်။ အဆိုပါ နေရာဒေသများကို ရာသီဥတုပြောင်းလဲမှုဒဏ်မှ ကာကွယ်သွားမည်ဖြစ်ရာ အနည်းဆုံးအနေဖြင့် ထိုဒေသ၏ အနီးဝန်းကျင်နေရာများနှင့် နှိုင်းယှဉ်ပါက ရာသီဥတုပြောင်းလဲမှုဒဏ် ပိုမိုခံနိုင်ရည်ရှိလာမည်ဖြစ်ကြောင်း သုတေသီခေါင်းဆောင် Toni Lyn Morelli က ပြောကြားခဲ့ပါသည်။ စီမံအုပ်ချုပ်မှုလုပ်ငန်းများသည် အနှောင့်အယှက် (သို့မဟုတ်) ကျူးကျော်ဝင်ရောက်လာသော မျိုးစိတ်များကဲ့သို့သော အခြားဖိစီးမှုများကို လျှော့ချပေးမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် အဆိုပါ နေရာများသည် ထိန်းသိမ်းရန်လိုအပ်နေသည့်မျိုးစိတ်များနှင့် အရေးကြီးသောသဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များကို ရေတိုထိန်းသိမ်းထားရန်အတွက် ဘေးမဲ့တောများအဖြစ်ရှိနေနိုင်ပါသည်။

ယခုလေ့လာမှုတွင် သုတေသီများသည် တောရိုင်းတိရစ္ဆာန်များ၏ ခိုလှုံရာနေရာများနှင့် အပင်နှင့်သတ္တဝါများကို အနှောင့်အယှက်များမှ ကာကွယ်ပေးပြီး အချိန်ကြာသည်နှင့်အမျှ ပျောက်ပျက်သွားနိုင်သောနေရာများကို ခွဲခြားပြသခဲ့ကြပါသည်။ ရေခဲခေတ်ကဲ့သို့အချိန်များတွင် အပင်နှင့်တိရစ္ဆာန်များသည် ပထဝီအနေအထားအရ သီးခြားဖြစ်နေသောနေရာဒေသများတွင် နေထိုင်နေကြပြီး ထိုကဲ့သို့ သီးခြားဖြစ်နေခြင်းကြောင့် မျိုးသုဉ်းအန္တရာယ်မှ လွတ်မြောက်ခဲ့သည့်အခြေအနေများကို ဖော်ပြရာ၌ ခိုလှုံရာနေရာဆိုသည့်အယူအဆသဘောတရားကို အသုံးပြုဖော်ပြလေ့ရှိခဲ့ပါသည်။

သဘာဝသယံဇာတစီမံအုပ်ချုပ်သူများသည် မျိုးစိတ်များအတွက် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေ နေနိုင်မည့် နေရာများကို ရှာဖွေနေထိုင်ရေးကို ကူညီရန် ကြိုးပမ်းလျက်ရှိပါသည်။ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုများအနေဖြင့် နေရာတိုင်းတွင် အရာအားလုံးကို ဆောင်ရွက်ပေးရန်မဖြစ်နိုင်သောကြောင့် မိမိတို့အနေဖြင့် ရာသီဥတုပူနွေးမှု၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှုများဖြစ်ပွားနေသော်လည်း အပင်နှင့်တိရစ္ဆာန်များကို နဂိုနေရာများတွင် ဆက်လက်နေထိုင်နိုင်အောင် ကူညီပေးနိုင်သည့် ရာသီဥတုဒဏ်ခံနိုင်သောနေရာဒေသများကို ဦးစားပေးရန်အတွက် ခိုလှုံရာနေရာများသတ်မှတ်ခြင်းကို အသုံးပြုနိုင်ကြောင်း သုတေသီ Morelli က ပြောကြားခဲ့ပါသည်။

ယခုသုတေသနတွင် သုတေသီများသည် အပင်နှင့်တိရစ္ဆာန်များအတွက် ခိုလှုံရာနေရာများကို စီမံအုပ်ချုပ်ရာတွင် ကြုံတွေ့ရမည့် အဆင့်များ၊ အခက်အခဲများနှင့် အခွင့်အလမ်းများကို အသေးစိတ်ဖော်ပြခဲ့ကြပါသည်။ ဥပမာ– တစ်ကောင်ချင်းစီကကီလိုမီတာ ရာပေါင်းများစွာ ကျယ်ပြန့်သောနေရာများတွင် ကျက်စားသည့် မြောက်အမေရိကဖျံနီညိုများအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ကာကွယ်ရန် ခိုလှုံရာနေရာများကို ကာကွယ်ရေးသည် စိတ်ကူးရန်ပင်ခက်ခဲပါသည်။ သို့ရာတွင် အဆိုပါဖျံနီညိုများသည် ခိုလှုံရာနေရာများရရှိရန် နှင်းထုပမာဏလိုအပ်ချက်ရှိပြီး အဆိုပါ နှင်းပြင်ခိုလှုံရာနေရာများကို အဓိကဦးစားပေးထိန်းသိမ်းခြင်းဖြင့် ဖျံနီညိုများအတွက် အကျိုးရှိနိုင်ပါသည်။

သုတေသီများသည် အခြားဥပမာတစ်ခုအနေဖြင့် ဆော်လမွန်ငါးကဲ့သို့ ရေအေးအပေါ်မှီခိုရှင်သန်နေသည့်မျိုးစိတ်များအတွက် ရေချို ခိုလှုံရာနေရာဒေသများကို အထောက်အထားအကိုးအကားပြခဲ့ကြပါသည်။ ဒေသလေအပူချိန်များနှင့် ကြားခံနယ်ခြားနေသော ရေအောင်းလွှာများမှတစ်ဆင့် ရေချောင်းနှင့်မြစ်များအတွင်းသို့ စီးဝင်သည့် အေးမြသောမြေအောက်ရေသည် ရေအပူချိန်အလွန်ပူနွေးလာနိုင်သော (သို့မဟုတ်)ချောင်းရေစီးဆင်းမှု အလွန်နည်းသောဒေသများတွင် ရေအေးထောက်ပံ့ပေးခြင်း၊ ချောင်းရေစီးဆင်းမှုရေရှည်တည်တံ့စေခြင်းစသည်တို့ကို ထောက်ပံ့ပေးပါသည်။

သုတေသီများ၏ ပြောကြားချက်အရ ရာသီဥတုပူနွေးမှုနှင့် အခြားသောသက်ရောက်မှုများကြောင့် မျိုးသုဉ်းအန္တရာယ်ကြုံတွေ့နေရသော ငါးမျိုးစိတ်များ၏ ခိုလှုံရာဖြစ်သော မြစ်ချောင်းကွန်ရက်များအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေကြောင်း သိရပါသည်။

သုတေသီ Morelli နှင့်အဖွဲ့၏ တွေ့ရှိချက်များအရ လက်ရှိကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ပမာဏသည် ယခင်သမိုင်းတစ်လျှောက်က ရာသီဥတုအပြောင်းအလဲများနှင့်မတူဘဲ ပိုမိုတိုးလာနိုင်ချေရှိကြောင်းသိရပါသည်။ သို့ဖြစ်ရာ ယနေ့ခေတ်ကာလတွင် သတ်မှတ်ထားကြသည့် ရာသီဥတုပြောင်းလဲမှုဒဏ်သက်သာရေး ခိုလှုံရာနေရာများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ခံစား

နေရသည့် မျိုးစိတ်များအတွက် ရေရှည်အဆင်ပြေစေမည့်အဖြေ မဖြစ်နိုင်ကြောင်း။ သို့ရာတွင် အဆိုပါ ရာသီဥတုပြောင်းလဲမှုဒဏ် လျော့ပါးစေမည့်ခိုလှုံရာနေရာများတွင် စီမံအုပ်ချုပ်မှုမဟာဗျူဟာများ ပေါင်းစပ်ထည့်သွင်း၍ ထိန်းသိမ်းပါက ထိုနေရာများသည် မျိုးရိုးဗီဇဆိုင်ရာ အရင်းအမြစ်များ သိုလှောင်ပေးနိုင်သည့်နေရာများဖြစ်လာနိုင်ကြောင်းသိရပါသည်။ ထိုကဲ့သို့ မဟာဗျူဟာတစ်ခု ပေါ်ပေါက်လာရန် အမှန်တကယ်လိုအပ်နေပါသည်။ အမေရိကန်ပြည်ထောင်စုရှိ အမျိုးသားဥယျာဉ်များ၏ (၈၀)ရာခိုင်နှုန်းကျော်သည် ယင်းတို့၏သမိုင်းတစ်လျှောက်တွင် အပြင်းထန်ဆုံးရာသီဥတုပူနွေးမှုကို ကြုံတွေ့နေရကြောင်း။ ဤအနေအထားအတိုင်း ဆက်လက်သွားနေပါက လွန်ခဲ့သော ရာစုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အပူချိန်များထက် လွန်ကဲသောအနာဂတ်ပြောင်းလဲမှုများကို ကြုံတွေ့ရမည်ဖြစ်ကြောင်း သုတေသီများက သတိပေးပြောကြားထားပါသည်။

သုတေသီ Morelli ၏ ပြောကြားချက်အရ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်ခံစားလွယ်သော နေရာဒေသများတွင် ဆောင်ရွက်ရမည့် စီမံအုပ်ချုပ်မှုများ ပါဝင်သည့် မဟာဗျူဟာများ ချမှတ်၍ ထိန်းသိမ်းပါက အနာဂတ်တွင် ထိရောက်မှုအရှိဆုံး နည်းလမ်းတစ်ခုဖြစ်နိုင်ကြောင်း သိရပါသည်။

## သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် (Agroforestry) ၏ ကာဗွန်စုပ်ယူမှုအခန်းကဏ္ဍ



အပူပိုင်းသစ်တောဇေယျာများဆက်တိုက်ကျဆင်းနေချိန်တွင် Wold Agroforestry Centre ၏လေ့လာချက်တစ်ခုအရ စိုက်ပျိုးမြေများပေါ်ရှိ သစ်ပင် များသည် နှစ်စဉ်ကာဗွန် ၀ . ၇၅ Gts (1 Gt = 1 Gigatonne = 10 9 tonnes)ခန့် စုပ်ယူသိုလှောင်ထားသည်ကိုတွေ့ရှိခဲ့ရသည်။

International Panel on Climate Change (IPCC) ၏ဖော်ပြချက်အရ စိုက်ပျိုးရေးကဏ္ဍနှင့် မြေအသုံးချမှုပြောင်းလဲမှုများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုစုစုပေါင်း၏ ၂၄ ရာခိုင်နှုန်း ခန့်ရှိပါသည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေအတွက် လိုအပ်သော စားနပ်ရိက္ခာထုတ်လုပ်ရန် နှစ်စဉ်သစ်တောများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲအသုံးချခြင်းမှ ကာဗွန်တန်ပေါင်းများစွာကို လေထုထဲသို့ထုတ်လွှတ်လျက်ရှိပါသည်။ နောက်ဆက်တွဲရလဒ်အဖြစ် ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဖြစ်စဉ်၌ စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်ပတ်သက်မှုသည် အမြဲတစေစောင့်ကြည့်ခံရပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးသောစိုက်ပျိုးရေး နည်းစနစ်များ ဖော်ထုတ်သုံးစွဲရေးသည် ဦးစားပေးခေါင်းစဉ်တစ်ရပ်ဖြစ်လာပါသည်။

ယင်းအချိန်တွင် သစ်တောသစ်ပင်များနှင့် စိုက်ပျိုးရေးသီးနှံများရောနှော စိုက်ပျိုးသောသီးနှံသစ်တောရောနှောစိုက်ပျိုးနည်းစနစ်များ (Agroforestry systems) သည် တန်ဖိုးမဖြတ်နိုင်သောဂေဟဝန်ဆောင်မှုများနှင့် စားနပ်ရိက္ခာကိုတိုးမြှင့် ထောက်ပံ့ပေးနိုင်ရုံသာမက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ချရေးအတွက်ပါ အလားအလာရှိသည်ကို တွေ့ရှိခဲ့ရသည်။ ကမ္ဘာ့ဘဏ်၏ခန့်မှန်းချက်အရ ကမ္ဘာလုံးအတိုင်းအတာအရ လူဦးရေ သန်း ၁၂၀၀ခန့် ယင်းစနစ်အပေါ်တွင် မှီခိုနေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွင်ကျယ်စွာ ကျင့်သုံးလျက်ရှိပါသည်။ သို့ရာတွင် အဆိုပါစနစ်၏ ကာဗွန်စုပ်ယူနိုင်မှု အလားအလာကို IPCC၏ ဖန်လုံအိမ်ဓာတ်ငွေ့တွက်ချက်ရေး မူဘောင်တွင် ထည့်သွင်းစဉ်းစားခြင်းမရှိသေးပါ။

အာရှ၊ ဥရောပနှင့် အာဖရိကနိုင်ငံများမှသိပ္ပံပညာရှင်များသည် စိုက်ပျိုးမြေများပေါ်ရှိသစ်ပင်များ၏ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းစုပ်ယူသိုလှောင်ထားသည့် ကာဗွန်ပမာဏနှင့် ၎င်းတို့၏ အလားအလာကိုသိရှိနိုင်ရန် ကမ္ဘာလုံးဆိုင်ရာအချက်အလက်များကိုအသုံးပြု၍ လေ့လာမှုတစ်ရပ်ကိုပြုလုပ်ခဲ့ပါသည်။ ယင်းလေ့လာမှုမှသိရှိလာရသည်မှာ ကမ္ဘာ့စိုက်ပျိုးမြေများ၏ ၄၃ ရာခိုင်နှုန်းတွင် အနည်းဆုံးသစ်ပင်ဖုံးလွှမ်းမှု ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ကိုတွေ့ရှိရပြီး ယခင်ကာလ ၈ ရာခိုင်နှုန်းမှ တိုးတက်လာခြင်းဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံအားလုံးတွင် တိုးတက်လာခြင်းတော့အဟုတ်ပါ။ ဥပမာအားဖြင့် ဘရာဇီးလ်၊ အင်ဒိုနီးရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများတွင် တိုးတက်မှုကိုတွေ့ရှိရသော်လည်း အာဂျင်တီးနား၊ မြန်မာနှင့် ဆီရာလီယွန်နိုင်ငံများတွင် ဖုံးလွှမ်းမှု လျော့နည်းသွားသည်ကိုတွေ့ခဲ့ရသည်။

ယခုလေ့လာမှုအရသိရှိလာရသောစိုက်ပျိုးမြေများ ပေါ်ရှိသစ်ပင်များ (သို့) သီးနှံသစ်တောရောနှောစိုက်ပျိုးစနစ်၏ နှစ်စဉ်ကာဗွန်စုပ်ယူပမာဏကို ထောက်ရှုခြင်းအားဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့လျော့ချရေးလုပ်ငန်းစဉ်တွင် ယင်းတို့၏ အခန်းကဏ္ဍကိုလျစ်လျူရှု၍ မရပါ။ တဖက်တွင်လည်း ယင်းတို့၏ သစ်ပင်ဖုံးလွှမ်းမှုကို ပိုမိုတိုးတက်စေနိုင်သော၊ လျော့ကျမှုကို တားဆီးနိုင်သော မူဝါဒများကို ချမှတ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ၎င်းတို့ စုပ်ယူသိုလှောင်ထားသောကာဗွန်ပမာဏကို ပို၍ ကျယ်ကျယ်ပြန့်ပြန့်တိတိကျကျ သိရှိနားလည်နိုင်စေရန် စနစ်တကျ လေ့လာမှုများလည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

# Highlights of Forest Soil Research in Myanmar

By

*U Sein Thet, Director (Retired)*

the last previous month

**28. Study on Relationship between Soil Reaction (PH) and Nutrient Contents of Soils in Dry Zone Areas By Daw Thida Swe, and Daw Tin Tin Htwe**

As the population pressure is increased, the great demand of fuelwood and other needs for local people are also increased. Therefore, Dryzone greening afforestation programme has been launching in these areas. Soil pH determination is one of the most commonly requested analyses undertaken for plantation establishment because of soil conditions tasks that can be made to diagnose the plant growth problems. The main value of pH measurement is that not only it shows a soil to be acid or alkaline but it gives the information about the associated soil properties such as nutrient availability, base status and so on. Soil pH influences the nutrient availability for plant growth. Based on the relationship between soil pH and nutrient contents in soils, we can establish a regression model between soil pH and other properties. Finding the relationship of pH and nutrients is one of the parameters which could be suggested for successful establishment of plantation in central dry zone of Myanmar. Measuring soil pH is rather time saving, least cost and can easily be measured, whereas measuring other chemical properties is complicated and the cost for analyzing is very expensive. The main objective of this study is to predict the existing nutrients status with regression equations easily by only measuring the soil pH value in Dry Zone Areas, for successful establishment of plantations.

**29. Socio-economic and Environmental Conditions of Forest Dependent Local Communities A Case Study: Sinthe Dam Watershed Area in Tatkon Township By Daw Phyu Phyu Swe, U Billy Ne Win, and Daw Khin Hnin**

Shortage of water is a common problem of arid and semiarid areas of central dry zone of Myanmar. Construction of dams and reservoirs is to overcome the water shortage problem. Agricultural, Forestry, Soil Conservation and Dry Zone Greening activities are implemented using water from dams and reservoirs. At the same time establishment of sufficient watershed plantations is a necessity for the sustainable utilization of irrigated water. The extent of deforestation and forest degradation depends on the situation of the livelihood of the people living around the dams. The paper deals with the points to be taken into consideration in management of watershed areas, socio-economic aspects and sustainable utilization of forest production in dry zone greening areas. The study area is watershed of Sinthe Dam in Tatkon Township. The researcher find out that degradation of forests in the watershed area is attributed to the very poor livelihood of the local population.

**30. Study on the Relationship between Plant and Soil Water Potential to Estimate Growth Pattern of Some Drought Resistant Tree Species in Dry Zone Areas By Dr. Nyi Nyi Kyaw, and Daw Swe Swe Tun**

Species site matching is very important in reforestation activities in dry zone area. To know easy rapid measurement for the assessment of site conditions, five drought resistant exotic and indigenous tree species were chosen in three study sites in Thazi, Nahtogyi and Nyaung-Oo Townships. In this study, the internal water potential of tree species was investigated by using Scholander apparatus and soil water potential by using gypsum soil block method during dry and rainy seasons. The plotted diagrams with 45° bisecting line of midday and predawn water potential revealed that trees were not in water limited condition in all study sites. The midday and predawn water potential of tree species at different sites with respect to the actual water availability in dry and rainy seasons were investigated. Tree species in Thazi and Nyaung-Oo can get capillary water in dry season. However, tree species in Nahtogyi are hardly access water due to the amount of silt content in soil. In the rainy season, tree species in all sites can easily be available through the accessible ground water. There was no equilibrium of water potential between plant and soil in the dry season. In the rainy season, predawn plant water potential and soil water potential reach

equilibrium stage. Therefore predawn water potential can be used to estimate the soil water potential in rainy season. The result of direct measurement of leaf water potential under field conditions shows that the mean annual increment of tree height is positively correlated to the difference between midday and predawn water potentials.

### 31. The Preliminary Study on DC Power Generation by Using The Dung of Elephant, Buffalo and Cow By Daw Su Myint Than , Daw Khin May Lwin and Daw Thida Cho

Biological batteries use bacteria to convert chemical energy into electrical energy known as the new study of cellulose-based microbial fuel cells, the bacteria feed on cellulose and release hydrogen that is oxidized within a fuel cell, creating electricity. The only by product is water ($H_2O$). The source of power for these fuel cells come from the breakdown of cellulose by a variety bacteria in rumen fluid, the microbe-rich fluid found in a cow's rumen, the largest chamber of a cow's stomach. Some of the microorganisms found in the fluid are also found in the cow dung, which may prove to be a good source for generating electricity. Therefore the ruminant animals of buffalo dung and cow dung are studied. The non-ruminant animal of Elephant dung is also tested because of this animal is more utilized in our forest, this animal is herbivorous animal and "can non- ruminant animal be produced the electricity?" The tested materials are cow dung, buffalo dung and elephant dung; are studied in three replications and two treatments or two methods such as traditional method and modified method. Traditional method is the mixture of 1:1 ratio of salt and animal dung and modified method is the mixture of 1:1:1 of salt, animal dung and waste paper (used paper), which as cellulose to survive the microorganisms and to more produce hydrogen ion. Accordance with the studies, the electricity productivity of buffalo dung is lowest and the electricity productivity of cow dung is highest. The electricity productivity by two methods use of buffalo and elephant dung is not different, modified method is higher than traditional method use of cow dung. Moreover, among the two methods, the modified method is lower the cost and weight content of material than the tradition method. Therefore animal dung could one day help to meet the rise in demand for alternative energy sources. And socio- economic of rural people enhance through the usage the animal dung as bio- battery. Cow dung, left to decompose naturally, emits two particularly potent greenhouse gas emissions (GHGs) - nitrous oxide and methane. Rumen fluid should also be tested as bio battery because the hydrogen ion produced in fermentation is utilized in reduction of carbon dioxide to methane. In this way, cow dung should be also tested; the hydrogen ion produced in decomposition is utilized in battery and another carbon dioxide which react with water within cellulose break down and metal from oxidizing agent to form salt. Therefore biological battery can be cleaned the green house gas. So cow dung can be source of clean, renewable power.

### 32. Study on Soil Nitrogen Enrichment in Mixed Species Trial with Teak (*Tectona grandis* Linn.f.) By Daw Swe Swe Tun, U Billy Ne Win, and Daw Phyu Phyu Swe

Concerning to promote in soil fertility and long-term productivity of teak plantation, it has been interested by using $N_2$ fixing tree as mixed species for establishment of Teak Plantations. Nitrogen fixing trees are able to fix atmospheric nitrogen that they may allow them to perform better soil condition on degraded soils. Teak and nitrogen fixing trees species including Bawzagaing (*Luecaena leucocephala)*, Kokko (*Albizzia lebbek)* and Sha (*Acacia catechu)* were planted in different proportions (50:50, 40:60 ,30:70) to compare with pure teak system (100:0) which were tested in 2000, in Ngalaik Reserved Forest, Compartment No.24. Soil nitrogen concentration and nitrogen fixation rate in surface soil layer (0-20 cm) were assessed in different time intervals. Nitrogen fixation rate was determined by using Total Nitrogen Difference method (TND). The result of mixing different nitrogen fixing species indicated that mixtures containing Teak and Kokko showed the highest soil nitrogen content and nitrogen fixation in this trial. Teak and Sha is the second and then followed by Teak and Bawzagaing. Although soil $N_2$ gradually increase in pure teak in six years of planting because of sufficient soil $N_2$ and young-age of the plantation and slightly decrease from 2007. As the study period is relatively short (within 9 year), long-term observations are required for better understanding of the nutritional status and growth benefits. Especially, teak and $N_2$-fixing trees should be established at the limited soil $N_2$ site.

### 33. Study on the Effect of Fertilizer Application in Tung–Oil (*Aleurites montana* (Lour.) Wils) Plantation By Daw Swe Swe Tun, Daw Phyu Phyu Swe, and U Billy NeWin

As worldwide increase in demand for oil plants and their derivates, the cultivation of oil producing plants have been accelerated and expanded. To provide some technical information and increase soil fertility

for the long-term productivity of tung-oil, a field experiment for two consecutive years was conducted on three tung –oil plantations viz. Namma Reserved Forest (Thipaw Township), Mingli Unclassed Forest (Theinni Township) and Mingyu Industrial Raw Material Plantation (Muse Township) of Northern Shan State in response to differential applied NPK fertilizer. Fertilizer treatment was applied 938g/tree NPK (1:1:1) at 4 years old in 2008 and 1134g/tree NPK (1:0.8:1) at 5 years old in 2009. Results showed that the growth of tung-oil trees in these plantations was found significant. In addition, application of compound fertilizer by increasing application rate gives the better yield performance for tung-oil fruit. In order to obtain complete relevant results, it will also be necessary to conduct socio - economic and ecological impact studies.

**34. Assessment of water quality of Inlay Lake By Daw Thida Swe, and Daw Khin Hnin**

This paper summarizes the results of data collected in 2009 and 2010. The purpose is to assess the water quality and trophic state of the lakes based on the available data. The pH of water is in alkaline condition. With respect to high content of hardness, electrical conductivity, Total Dissolved Solids and Total Suspended Solids, the water from Inlay Lake is not suitable for drinking anymore. The fertilizers and pesticides from the floating gardens and sewage from the catchment are also reaching the lake in addition to sediments and nutrients causing the lake eutrophic. The immediate attention should be paid on the problems of sedimentation associated with the construction and management of floating gardens if the open lake area is to be preserved. Public awareness is essential in playing vital role in the preservation of Inlay Lake and protection of the health of the watershed residents.

**35. Carbon Stock Determination in Peat Soil of Heho Valley Peatland Area By Daw Thida Swe**

Peat soil forms from the accumulation of remnants of dead prehistoric vegetation, part of which has undergone decomposition. It has a minimum organic Carbon content of 12-18% and a minimum thickness of 50 cm (Adinugroho et al., 2005). Peatlands are becoming increasingly important in the context of climate change since they act as sinks and stores of huge amounts of carbon. The majority of peatland in Southeast Asia is located in Indonesia, followed by Malaysia and Papua New Guinea. However, the peatland areas in Myanmar have not been adequately and exactly explored and identified yet. As a consequence, information regarding the exact amount of carbon storage in peatlands in Myanmar is also limited. To this account, peat land areas from Heho, Inlay Lake and Pintaya regions from Southern Shan state have been confirmed as a first attempt by the groups of Forest Resource Environment Development and Conservation Association (FREDA) which is the SEA peat project partner from Myanmar. This study provides the consistent estimates of carbon stocks for the peatland in Heho valley. Total organic carbon (TOC) contents were relatively lower than that of peatlands in other SE Asia countries, which may be due to the historical (peat extraction, drainage) and current land uses. The higher bulk density and lower organic carbon in this study area may be due to the lowering of the water table and the subsequent increased aeration of the peat due to drainage preparations for agriculture purposes. Although carbon stocks of the peatland on Haho valley are relatively low, they can be a significant source of vulnerable carbon which will be able to be transformed to carbon dioxide to release into the atmosphere if the peatland is drained or converted to agriculture for a long period. In this account, planning the wise use of the peatland with low carbon emissions is urgently needed.

**36.** Science is the basic for policy development. Perhaps with a few exception, such as India and China, developing countries, generally do not invest too much in science. Many, especially the developed countries (LDCs) listed by the UN including Myanmar lack or have insufficient resources and capacity to undertake scientific research and assessments on climate change, hence their climate policies are often based not on science but on political and other considerations. Very little is known about the responses of local ecosystems (including agricultural and forest ecosystems) in many developing countries to the changing climate (i.e, how are these local ecosystems adapting to the changing climate?) Accordingly, how are the people in developing countries going to adopt to the these changing local ecosystems due to the changing climate. What are the implications for food security? More research is needed.

**Reference:** Published Research Papers of FRI.



# ကျွန်တော်ပြောပါရစေ

အုန်းလွင်လေး

ပြောပါရစေ-စာရှုသူများခင်ဗျာ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရဲ့ မြို့နယ်တိုင်း ထင်းအစားအခြားလောင်စာတိုးချဲ့သုံးစွဲရေးအတွက် မြို့နယ်အတွင်းရှိရွာတွေကို လှည့်လည်ပြီး လစဉ်ပုံမှန်ဟောပြောပွဲ(၃)ကြိမ် ပြုလုပ်ရတယ်။ ဦးစီးအရာရှိကလတိုင်း(၂)ရွာကို(၂)ကြိမ် ဟောပြောရပါတယ်။ ဟောပြောမည့် ကျေးရွာရှိဒေသခံရွာသူ/ရွာသားများ၏ အားလပ်မည့်နေ့ရက်/အချိန်မေးပြီး ဟောပြောမည့်အကြောင်းတစ်ရက်ကြိုတင်အကြောင်းကြားတယ်။ ဟောပြောမည့် ကျွန်တော်ကဟောပြောမည့်ရွာ၊ ဟောပြောဖို့လူစုတဲ့ ဘုန်းကြီးကျောင်း သို့မဟုတ်အုပ်ချုပ်ရေးမှူးအိမ်သို့မဟုတ် ရွာလယ်ဇရပ်ကိုဟောပြောမည့်အချိန် မတိုင်မီကြိုတင်ရောက်နေပြီး အခမ်းအနားပြင်ဆင်ထားရင်း ဟောပြောပွဲအရင်ရောက်နေသူများနဲ့ ဒေသအကြောင်းမေးမြန်းပြောဆိုကာ နောက်ထပ်ရောက်လာမည့်သူများကိုစောင့်နေလိုက်တယ်။ လူစုံတာနဲ့ဟောပြောပွဲစပြီ၊ တက်ရောက်လာတဲ့သူတွေရှေ့မှာ ယူနီဖောင်းပြည့်စုံသပ်ရပ်စွာဝတ် ရည်မွန်တဲ့မျက်နှာရိုကျိုးတဲ့ အမူအရာထားပြီး အားလုံးကြားလောက်တဲ့အသံနဲ့ ကျွန်တော်စပြောပြီ--

"မင်္ဂလာပါ ခင်ဗျာ" ဦးဆုံး ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပါရစေ၊ ကျွန်တော်ကအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ------ မြို့နယ်က ဦးစီးအရာရှိ------- ဖြစ်ပါတယ်၊ အခုလို ဟောပြောပွဲဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနဲ့ တက်ရောက်လာတဲ့ ဒေသခံရွာသူရွာသားအားလုံးကိုကျေးဇူးတင်ပါကြောင်း ပဏာမပြောကြားပါရစေ၊ ကျွန်တော်ဟောပြောပြီးရင်လည်း တက်ရောက်လာသူများကပိုင်းဝန်းဆွေးနွေးကြပြီးနောက်ကျွန်တော်တို့နဲ့အတူ ပါလာတဲ့စွမ်းအားမြှင့်မီးဖိုများကို တက်ရောက်လာသူတွေထဲမဲနှိုက်ပေးသွားမှာဖြစ်ပါတယ်ခင်ဗျာ ကျွန်တော်------"

"အဲ့တော့ -- ဒီလူကြီးတွေကသစ်တောကမဟုတ်ဘူး၊ စိမ်း/စိုကတဲ့" စတင်မိတ်ဆက်ရုံရှိသေး ပရိသတ်အစွန်က ထွက်လာတဲ့ အမျိုးသမီးငယ်တစ်ဦးရဲ့အသံကြားလို့ ကျွန်တော်ကကြားဖြတ်ပြောရင်းဆက်လက်ဟောပြောပါတယ်။

"အော်-- အော် - ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ကစိမ်း/စို ဝန်ထမ်းတွေပါ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်မှာပတ်ဝန်းကျင်ရေးရာနှင့်ပတ်သက်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိတယ်-သစ်တောသစ်ပင်နဲ့ပတ်သက်ပြီး သစ်တောဦးစီးဌာနရှိသလို ကျွန်တော်တို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဆိုပြီးရှိပါတယ်၊ စိမ်း/စိုလို့လည်းအတိုကောက်ခေါ်ပါတယ်၊ ကျွန်တော်တို့ ဦးစီးဌာနကြီးကို ၁၉၉၇ခုနှစ် စက်တင်ဘာလ(၁၈)ရက်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ညွှန်ကြားရေးမှူးချုပ်ရုံးစတင်ဖွင့်လှစ်ခဲ့ပါတယ်၊ ဌာနရဲ့ရည်မှန်းချက် (၈)ရပ်ထားပြီး အဓိကလုပ်ငန်းတာဝန်ကြီး (၄)ရပ်ကို တိုင်းဒေသကြီး(၃)ခု၊ ခရိုင်(၁၃)ခု၊ မြို့နယ်ပေါင်း(၅၃)မြို့နယ်မှာ လက်ရှိ အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၁၃၀၀)ကျော်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ကျွန်တော်တို့ဆောင်ရွက်တဲ့လုပ်ငန်းကြီးတွေကိုလည်းနောက်ပိုင်းမှာအသေးစိတ် ရှင်းပြပါ့မယ်ခင်ဗျာ။ ကျွန်တော်ဟောပြောတာမစမီ အခုတက်ရောက်လာတဲ့ ရှေ့ဆုံးကဘကြီးကို တစ်ခု မေးခွင့်ပြုပါခင်ဗျာ" ပြောပြီး ကျွန်တော်ကအသက်(၇၀)ကျော်ဘကြီးကို ပရိသတ်လည်းကြားအောင်အခုလိုမေးပါတယ်။

"ဘကြီးတို့ကဒီရွာဇာတိ၊ ဒီဒေသခံတွေဆိုတော့ ဒီဒေသမှာဘကြီးတို့ငယ်စဉ်တုန်းကနဲ့ အခု ရာသီဥတု၊ မိုးလေဝသအခြေအနေ ဘကြီးသတိထားမိတာလေး ပြောပြပါလားခင်ဗျာ" မေးတော့ ဘကြီးက-----

"အိုး--ဥတုကကျုပ်တို့ ငယ်စဉ်တုန်းကနဲ့ အခု ဘယ်တူတော့လို့လဲ၊ အခုကမိုးလေကမမှန်၊ ပူတော့ တအားပူမိုးလည်းခေါင်၊ ရေကန်တွေခန်းခြောက်ပြီးရေတွေရှား၊ မိုးရွာတော့လည်း ဒလဟောရွာတယ်၊ ကျုပ်ဆိုမိုးဦးမှစိုက်ထားတဲ့ နှမ်းခင်းလေး မိုးများ ရေဝပ်ပြီးပျက်ပါရောလို့" ပြောတယ် ကျွန်တော်လည်းပရိသတ် ဘက်ပြန်လှည့်ပြီး----

"တက်ရောက်လာကြတဲ့ ပရိသတ်ကြီးခင်ဗျာ၊ ဘကြီးရဲ့အဖြေကိုလည်း အားလုံး ကြားရပါတယ်၊ ဘကြီးဖြေသလိုပါဘဲခင်ဗျာ" အခု ရာသီဥတုကလွန်ခဲ့တဲ့ ဆယ်စုနှစ်၊ ဆယ်စုနှစ် စတာတွေနဲ့ မတူတော့ပါဘူး၊ ဒါဟာရာသီဥတု ပြောင်းလဲမှုပါ၊ အဲ့ဒီရာသီဥတုပြောင်းလဲတာ ဘာကြောင့်ဖြစ်သလဲဆိုရင် ------

"တယ် -ဒီကလေးငြိမ်ငြိမ် နေစမ်းဆို၊ ငါလုပ်လိုက်ရ" ခါးထစ်ခွင်ထဲကလေးထည့်ပြီး ဟောပြောပွဲမှာ နားထောင်တဲ့ ကလေးအမေရဲ့အသံက ပရိသတ်ထဲကထွက်လာတယ်၊ ကျွန်တော်ကမှတ်တမ်း ဓာတ်ပုံရိုက်နေတဲ့ တောခေါင်းဘက် လှည့်ပြီး--

-ဟော့- ဟော့-မောင် -----

ရေဟိုအငြိမ်မနေတဲ့ ကလေးကို တို့မှာ ပါလာတဲ့မုန့်နဲ့သကြားလုံး သွားပေး လိုက်ပါအုံး၊ တခြားကလေးတွေလည်း ပေးထားကွာ"

ဟောပြောပွဲအရှိန်စယူချိန် ကလေးအမေရဲ့ အသံကြောင့် ကျွန်တော်နဲ့အတူပါလာတဲ့ တောခေါင်း ကိုကလေးအတွက် မုန့်နဲ့သကြားလုံး ပေးခိုင်းလိုက်ရတယ်၊ တက်ရောက်သူ ပရိသတ်အခြေအနေကတော့ ကျွန်တော် ဘာဆက်လုပ်လေမလဲ၊ ဘာဆက်ပြော မလေလဲဆိုတာ ငံ့လင့်နေဆဲမို့ ကျွန်တော်ပြောပါရစေအစချီပြီး-- ရာသီပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေး လာမှု၊ပတ်ဝန်းကျင်ပျက်စီးစေတဲ့ အကြောင်း၊ဖြစ်ပေါ်လာတဲ့ သဘာဝ ဘေးအန္တရာယ်များနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ရေးလုပ်သင့်သည့်အ ကြောင်း၊သစ်တောသစ်ပင်တွေရဲ့အ ကျိုးကျေးဇူးတွေကို ဇာတ်နိပါတ်တော်၊ ပုံတိုပတ်စလေးတွေနဲ့ ဥပမာပေးလို့ ဟောပြောပွဲမို့ ဝတ်ကျေတန်းကျေလာ နားထောင်သလိုမဖြစ်စေဘဲ ကျွန်တော် ပြောတဲ့ ဗဟုသုတရစရာတွေကို သူတို့ ရင်ထဲထိရောက်အောင် သူတို့နားလည် တဲ့စကားလုံးတွေ ရွေးပြီးပြောပြတယ်၊ အဲ့ဒီနောက် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနရဲ့ စ. ထ. ထ. ရ လုပ်ငန်းတွေ၊ မီးဖိုဖြန့်ဝေမှု /မီး ဖို အသုံးပြုပုံနဲ့ အိမ်ထောင်စုတိုင်းသုံးစွဲ နိုင်ရေးတွေကို အကျယ်တဝင့် ရှင်း လင်းပြောကြားတယ်၊ ဟောပြောရင် လည်းရီစရာလေးတွေထည့်ပြောပြပါ တယ်၊ ကျွန်တော်လည်းပြောတဲ့ စကား လုံးပေါ်မူတည်ပြီး အသံအနိမ့်အမြင့်၊ ကိုယ်လက်အမူအရာစုံနဲ့ အားပါးတရ ဟောပြောလိုက်တာတစ်နာရီကျော် လာ ပြီဆိုတော့ သူတို့တွေကို အချိန် ပြန်ပေးရဦးမယ်လေ--ဒါ ကြောင့် ကျွန်တော်ရဲ့စကားကိုရပ်၊ ပရိသတ် အားလုံးကိုခြုံပြီးကြည့်ပါတယ်၊ သူတို့ ကကျွန်တော် ဘာဆက်ပြောမလဲရယ် လို့ ခေါင်းလေးတွေ မော့နေစဉ် ကျွန်တော်က ------

"ကျွန်တော်ပြောတာတွေ လည်းများသွားပြီ၊ တက်ရောက်လာ သူတွေကလည်း ကျွန်တော်ဟောပြော ခဲ့တာတွေနဲ့ ပတ်သက်ပြီးမေးမြန်း ဆွေးနွေးပေးကြပါလို့ ဖိတ်ခေါ်ပါရ စေ" ပြောတော့ ပရိသတ်တွေထဲက အမျိုးသမီးတစ်ဦးမတ်တပ်ရပ်လို့ ဒီလို မေးလာပါတယ် ခင်ဗျာ ------

"ကျွန်မ ကြားသိတာလေး မေးပါရစေ၊ ဆရာတို့စိမ်း/စိုကလေ- ကျွန်မတို့ရွာရဲ့ (၂)ရွာကျော် -----ရွာ မှာအိမ်တိုင်း မီးဖိုတစ်လုံးစီပေးတယ် သိရတယ်၊ ကျွန်မတို့ရွာမှာတော့ မီးဖို (၅)လုံးကိုမဲနှိုက်ရမယ်၊ ဒီတော့ ကျွန်မ တို့ရွာရော ဘာကြောင့်အိမ်တိုင်းစေ့ မရတာလဲရှင့်" တဲ့။

"အော်၊ဒါက--ဒီလိုပါခင်ဗျာ၊ အဲဒီရွာကို ဒီဘဏ္ဍာနှစ်ထဲမှာ စိုက်စွန့် ပစ္စည်းကျယ်ပြန့်စွာသုံးစွဲဖို့ ရည်ရွယ် ချက်နဲ့ စွမ်းအားမြင့်အေဝမ်းမီးဖိုသုံးစွဲ သည့် စံပြကျေးရွာတည်ထောင်တာ ဖြစ်လို့မီးဖိုအလုံး(၁၀၀)ပေးခြင်း ဖြစ် ပါတယ်ခင်ဗျာ၊ ဒီရွာမှာကပုံမှန် ဟောပြော ပွဲအနေနဲ့လာရတာမို့ မီးဖို(၅)လုံးဘဲ ပါလာရတာပါ၊ ဒါကိုလည်း တက် ရောက်လာသူအားလုံးကို ပွင့်လင်း မြင်သာစွာမဲနှိုက်ပေးပါမယ် ခင်ဗျာ"

"ကျွန်မတို့ရွာကရော စံပြ ကျေးရွာလုပ်လို့မရဘူးလားရှင့်"

"ထင်းအစားအခြား လောင် စာသုံးစွဲသည့် စံပြကျေးရွာတည်ထောင် ရတဲ့အခါကျွန်တော်တို့ဌာနရဲ့ ရည်ရွယ် ချက်(၄)ချက်အတိုင်း စံပြကျေးရွာ ဖြစ် ဖို့ ကျေးရွာရွေးတာမှာ အချက်(၁၀) ချက်နဲ့ကိုက်ညီရင်ရွေးပါတယ်ခင်ဗျ၊ ရွေးပြီးရင် ကျွန်တော်တို့က လုပ်ငန်း စဉ်(၈)ရပ်နဲ့ ဆောင်ရွက်ပေးပါတယ် ခင်ဗျာ၊ အဒေါ်ကြီးတို့ ရွာမှာလည်း ကိုက်ညီမှုရှိ/မရှိရွာလူကြီးတွေနဲ့ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်ပြီးအချက် (၁၀)ချက်နဲ့ကိုက်ညီရင် နောင်ဘဏ္ဍာ နှစ်ထဲမှာ စံပြကျေးရွာတည်ထောင်နိုင် ဖို့ဦးစားပေးထားပါမယ်လို့ ရှင်းပြပါ ရစေ၊ ကျွန်တော်တို့ဌာနအနေနဲ့ ဒေသခံတွေအကျိုးအတွက်ဆို မီးဖိုတွေ ဖြန့်ဝေပေးသလို ကျေးရွာသုံးစိုက်ခင်း တွေတည်ထောင်ပြီး အရွယ်ရောက်လာ ရင်အကျိုးပြုကျေးရွာတွေ ရွေးပြီးထင်း၊ တိုင်၊မျောတွေလည်း အခမဲ့ဝေပေးတာ ရှိပါတယ်လို့ ဖြည့်စွက်ရှင်းပြပါရစေ၊ နောက်ထပ်လည်းဆွေးနွေးဖို့ ဖိတ်ခေါ် ပါရစေခင်ဗျာ"

ဆွေးနွေးမည့်သူဖိတ်ခေါ် ထားစဉ် တပည့်ကျော် ကိုရွှေတောခေါင်း တဖျပ်ဖျပ်နဲ့ရိုက်ထားတဲ့ ကင်မရာထဲ က ဟောပြောပွဲမှတ်တမ်းဓာတ်ပုံတွေ ကိုလည်းတောင်းယူကြည့်မိတယ်၊ ဓာတ်ပုံ တွေက အဆင်ပြေတယ်၊ တောခေါင်း ကို ကင်မရာပြန်ပေးရင်း-

"ဟောပြောပွဲမှာဆွေးနွေး မည့်သူတွေကိုလည်း မှတ်တမ်းဓာတ်ပုံ ရိုက်နော်" ပြောလိုက်ရာ-

"ဟုတ်ကဲ့ပါ ဆရာ"ဟု တပည့်တောခေါင်းက ပြန်ဖြေပါတယ်။

ထိုစဉ် ပရိသတ်ထဲက ဦးကြီး တစ်ယောက်က မတ်တပ်ရပ်မေးလာ တယ်။

"ကျွန်တော်ကဒီရွာမှာစပါး စိုက်တောင်သူပါ၊ အခုကျွန်တော့် လယ် တွေထဲမှာစပါးစိုက်ပြီးရေလိုနေပါတယ်၊ မိုးကလည်းမရွာ ဆည်မြောင်းတွေက လည်းရေမလွှတ်ဘူး၊ ဒီတော့ ကျွန်တော် တို့လယ်တောက ရေမြောင်းဆည် ရေ လွှတ်ပေးစေချင်ပါတယ်"တဲ့ ၊ ကဲ - ရော့-ခက်ချေပြီ၊ စိမ်း/စိုနဲ့ ဆည်မြောင်း မှားလေပြီ၊ကဲ-တတ်နိုင်ပါဘူး -- အမေး ရှိတော့ အဖြေရှိရတော့မယ်၊

"ဦးကြီးမေးတာကောင်းပါ တယ်၊ ဆည်မြောင်းကရေလွှတ်ရင် ဦးကြီးတို့ရွာထိပ်က ရေကန်ကြီးလည်း အခုရေလျော့နေသေးတယ်၊ အဲဒီ ကန် ထဲကိုလည်း ဆည်မြောင်းရေထပ်ဖြည့် ပေးထားပါဗျာ၊ ဆည်ရေလွှတ်ဖို့ကိုတော့ မြို့နယ်ဌာနဆိုင်ရာ အစည်းအဝေးမှာ သက်ဆိုင်ရာဌာနတွေကို ပြန်လည်တင်

ပြပေးပါမယ်လို့ဘဲပြန်ဖြေပါရစေဗျာ-- ကျွန်တော်လည်းကိုယ်တိုင်မလုပ်ပေးနိုင်တာကိုတော့လုပ်ပေးပါမယ်လို့ အာမမခံခဲ့၊ ဝေ့ကာဝိုက်ကာပဲ သူလက်ခံနိုင်တဲ့အဖြေပြန်ပေးပါတယ်၊ "ကျွန်တော်တစ်ခုမေးပါရစေခင်ဗျာ" ဒီတစ်ခါမတ်တပ်ရပ်မေးသူက ရွာအုပ်ချုပ်ရေးမှူးဖြစ်နေတယ်၊ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်တယ်။

"ကျွန်တော်တို့ရွာမှာက ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးခန်းနဲ့ ရွာချင်းဆက်လမ်းဘေးတွေမှာ သစ်ပင်စိုက်ချင်ပါတယ်ခင်ဗျာ၊ ဘာပင်စိုက်ရင်ကောင်းမလဲသိချင်ပါတယ်"

"ဒီမေးခွန်းလေးအလွန်ကောင်းပါတယ်၊ သစ်ပင်စိုက်ပျိုးရတဲ့ နေရာမှန်သမျှ အကြီးမြန် အရိပ်ရပင်တွေ စိုက်စေချင်ပါတယ်၊ အရွယ်ရောက်လာတော့လည်း ထင်းအဖြစ်သုံးနိုင်ပါတယ်၊ ကျွန်တော်တို့ဌာနမှ ကြီးရင် ထင်းသုံးနိုင်တဲ့ ယူကလစ်၊ မဲဇလီတွေအရိပ်ရတဲ့ တမာပင်တွေပျိုးထားပါတယ်၊ ကျွန်တော်ပေးလို့ရတဲ့ အပင်တွေပြန်ပြီး မျှဝေပေးသွားပါမယ်၊ လိုအပ်သေးရင် မြို့နယ်သစ်တောဦးစီးဌာနမှာ လူထုဖြန့်ပျိုးပင်တွေကိုလည်း အခမဲ့လာယူစိုက်လို့ရပါတယ်၊ သစ်ပင်စိုက်ပျိုးချိန်မှ ပြည်သူတွေကိုယ်တိုင်က လိုလိုလားလားစိုက်ချင်ရင် ကျွန်တော်တို့ဌာနကဆောင်ရွက်တဲ့ ပြည်သူ့ဗဟိုပြုသစ်ပင်စိုက်ပျိုးခြင်းဆိုတာနဲ့လည်း အံဝင်ခွင်ကျပါဘဲခင်ဗျာ"

ကျွန်တော်စကားအဆုံးမှာ အုပ်ချုပ်ရေးမှူးက-"ဆရာပြောခဲ့တဲ့ အထဲမှာအိမ်ထောင်စု(၃)စုက အေဝမ်းမီးဖို(၃)လုံးသုံးရင် ဒါမှမဟုတ် စိုက်စွန့်ပစ္စည်း(၁၂)တန်သုံးရင် သစ်ပင်(၁)ဧကစိုက်တာနဲ့ တူတယ်ပြောပါတယ်၊ နောက်အိမ်ထောင်စု (၁) စုကအေဝမ်းမီးဖို (၁)လုံးနှစ်ပတ်လည်သုံးရင် ထင်း(၁)တန်လျှော့သုံးတာနဲ့ညီတယ်လို့ ပြောပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ရွာက အဲဒီမီးဖိုလိုချင်ရင် ဘယ်လိုရနိုင်မလဲဆိုတာလေးပြောပြစေချင်ပါတယ်"

"အုပ်ချုပ်ရေးမှူးကြီးရေ အေဝမ်းမီးဖိုဆိုတာကမြေကြီးနဲ့ လုပ်တာပါ၊ ဒီရွာမှာမီးဖိုလုပ်တဲ့၊ အိုးလုပ်တဲ့ မြေမျိုးရှိရင်၊ မီးဖိုလုပ်တတ်တဲ့သူရှိရင် ကျွန်တော်တို့က အေဝမ်းမီးဖိုနဲ့ စံချိန်စံညွှန်းတူအောင်လုပ်ဖို့ အားပေးအားမြှောက် ဆောင်ရွက်ပေးနိုင်ပါတယ်၊ ဒါမှမဟုတ် အဲဒီမီးဖိုမျိုး ခုဝယ်ချင်တယ် ဆိုရင်တော့ သက်သာတဲ့ဈေးနဲ့ ဝယ်ယူရရှိအောင်ဆက်သွယ်ပေးနိုင်ပါတယ်ဗျာ"

ဟောပြောပွဲတစ်ခုမှာ အမိက မေးမြန်းသူ(၂)ဦးလောက်နဲ့ ကျန်မေးမြန်းသူ(၂)ဦးလောက်ရှိပါတယ်၊ယေဘုယျတော့ မီးဖိုတွေအိမ်တိုင်းစေ့အခမဲ့ဝေစေချင်ကြောင်းကိုပဲ ပြောကြတာများပါတယ်၊ ကျွန်တော်တို့မှာ ကိုယ့်ဌာနက လုပ်ပေးလို့မရတဲ့ သူတို့ရဲ့လိုအပ်ချက်တွေတင်ပြတာတွေလည်းကြုံခဲ့ရတယ်၊ ကိုယ်ကဘာမှလုပ်မပေးနိုင်ပေမဲ့ သူတို့ပြောတာနားထောင်ပေးရတယ်၊ အလိုက်အထိုက်ပြန်ဖြေရတယ်၊ ကိုယ်လုပ်ပေးနိုင်တာကိုလည်း သူတို့နားလည်လက်ခံအောင်ပြန်ရှင်းပြရတယ်၊ မေးမြန်းသူမရှိရင်ကျွန်တော်က ----

"ကျွန်တော်တို့တိုင်းပြည်မှာ စွမ်းအင်လောင်စာအတွက် လျှပ်စစ်၊ ဂတ်စ်ကျယ်ပြန့်စွာနဲ့လုံလောက်စွာ မသုံးစွဲနိုင်ချိန်မှာ ထင်းလျှော့သုံးပြီး စိုက်/စွန့်ပစ္စည်းကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုစေချင်တဲ့ဆန္ဒ၊ အခုလိုမီးဖို(၅)လုံးကိုမဲစနစ်နဲ့ ကျွန်တော်တို့ဌာနက အခမဲ့ဖြန့်တာမှာ ရွာသူ/ ရွာသားတွေအနေနဲ့ နည်းသည်များသည် ပဓာနမထားပဲ ကျွန်တော့် ဟောပြောချက်တွေထဲက ဒေသခံတွေရဲ့ရင်ထဲထိရောက်ရှိပြီး ရရှိပြီးဗဟုသုတလေးတွေ ဆက်လက်ဖြန့်ဝေစေချင်တဲ့ ကျွန်တော်တို့ဌာနရဲ့အမိကစေတနာပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါရစေ" လို့ပြောပြီး ဟောပြောပွဲကို ပြီးစီးလိုက်တယ်။ အဲ့ဒီနောက် တက်ရောက်လာသူများကို အေဝမ်းမီးဖို(၅)လုံး မဲနှိုက်ပေးလိုက်ပြီး စနစ်တကျမှတ်တမ်းများ ရယူလိုက်တယ်။

ဟောပြောပွဲတစ်ခုတော့ ပြီးမြောက်ပါပြီ၊ ဟောပြောပွဲမစခင်နဲ့ မပြီးမီထိ ကျွန်တော့်ရင်ထဲမှာရှိတဲ့ စိုးရိမ်သောကလည်း ကြက်ပျောက်၊ ငှက်ပျောက်သလိုပျောက်ပျက်သွားပါပြီ၊ ဟောပြောပွဲမစခင်ကြုံရတာလေးတွေ ပြောပါရစေ----

ဟောပြောဖို့ချိန်းဆိုပြီး လိုအပ်တာတွေသယ်သွားတဲ့ ကျွန်တော်နဲ့ဝန်ထမ်းများ ရွာရောက်တော့မှ "ဆရာတို့ရယ် ဆရာတို့ ဟောပြောပွဲ နောက်ရက်မှပြန်လုပ်ပါ၊ ကျွန်တော်တို့ရွာမှာ ညကမှလောလောဆယ် နာရေးကိစ္စပေါ်လာလို့ပါ" ဆိုတာကြောင့် လှည့်ပြန်ရတာရှိတယ်၊ ကြိုတင် အကြောင်းကြားပေမဲ့ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက အရေးတကြီး ခရီးထွက်သွားတယ်၊ ရွာမှာလည်းဘာမှစီစဉ်မထားခဲ့လို့ လှည့်ပြန်ရတာလည်းရှိတယ်၊ ဟောပြောမည့် ရက်မတိုင်မီညက မိုးရွာလို့ ရွာသားတွေယာခင်းထဲသွားကုန်ကြတယ်၊ လူစုမရလို့လှည့်ပြန်ရတာရှိတယ်၊ အဲဒါက ရွာအပိုင်း၊ ကျွန်တော့်ဝန်ထမ်းတွေဘက်ကလည်း ဟောပြောပွဲမတိုင်မီက တဖျပ်ဖျပ်နဲ့ ဓာတ်ပုံရိုက်တယ်၊ အဓိကဟောပြောပွဲ မှတ်တမ်းဓာတ်ပုံရိုက်တော့ ကင်မရာ ဓာတ်ခဲကုန်တာတွေရှိက်တဲ့ ပုံတိုင်းလိုချင်တဲ့မှတ်တမ်းပုံမရတာလဲရှိခဲ့တယ်။ တစ်ခါတရံတော့လည်းဒီဘက်ရွာမှာဟောပြောမယ် မီးဖိုပေးမယ် ဆိုတာသိတဲ့ရွာချင်းကပ်ရွာက ရာအိမ်မှူးရောက်လာတယ်၊

စာမျက်နှာ (၄၄)သို့




ဦးခင်အောင်သန်း
လက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း)
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

## မြန်မာနိုင်ငံပုလဲထုတ်လုပ်မှု

မြန်မာနိုင်ငံ မြိတ်ကျွန်းစုတွင် မွေးပုလဲထုတ်လုပ်မှုလုပ်ငန်းကို ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော South Sea Pearl Company နှင့် မြန်မာနိုင်ငံမှ Burma Pearl Syndicate တို့ပူးပေါင်းကာ ၁၉၅၄ခုနှစ်တွင် မြန်မာနိုင်ငံက ပထမဆုံး မွေးပုလဲများမွေးမြူခဲ့ပါသည်။ မြန်မာ့ရေပြင်မှ ပုလဲများကို ၁၉၅၇ ခုနှစ်တွင် စတင်ဖော်ယူနိုင်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၇)ကြိမ်မြောက်အထိ ပုလဲဖော်ယူခဲ့ပြီး၊ ထိုအကြိမ်အပါအဝင် စုစုပေါင်းပုလဲရောင်းရငွေမှာ ဂျပန်ယန်းသန်း(၁၉၀)ဖြစ်ပါသည်။ ထိုငွေ၏တစ်ဝက်ကို မြန်မာတို့ဘက်မှရရှိခဲ့ပါသည်။

ဂျပန်တို့သည် မြန်မာ့ရေပြင်မှပုလဲများကို(၃၅)ကြိမ် အထိဖော်ယူခဲ့ပါသည်။ (၃၅)ကြိမ်မြောက် ပုလဲဖော်ခြင်းကို ၁၉၆၃ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့ပြီး ပုလဲအလုံး(၂၈၅၉)လုံး၊ အလေးချိန်(၂၂၀၃. ၃)မိုမီဖြစ်၍ ပျမ်းမျှခြင်းပုလဲတစ်လုံးလျှင် အလေးချိန်(၀. ၇၇)မိုမီရှိသဖြင့် ပျမ်းမျှအရွယ်အစား အချင်း(၁၃)မီလီမီတာခန့်ရှိပါသည်။ နိုင်ငံတော်မှ တာဝန်ယူပြီးနောက် ဂျပန်တို့မွေးမြူခဲ့သောပုလဲများကို ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလအထိ (၁၁)ကြိမ်ဖော်ယူခဲ့ပြီး ပုလဲလုံးရေ (၆၃၀၉၀)လုံး၊ အလေးချိန် (၄၈၀၄၃)မိုမီ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပညာရှင်တို့သည် ပူးပေါင်းကြံဆကြိုးပမ်းခဲ့ရာ ၁၉၆၆ ခုနှစ်၊ ဇွန်လတွင် မြန်မာ့ပညာရှင်များအနေဖြင့် မြန်မာ့ပုလဲများကို အောင်မြင်စွာ ဝတ်ဆံသွင်းမွေးမြူနိုင်ခဲ့ပါသည်။ ယင်းဝတ်ဆံသွင်းပုလဲများကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလတွင် စမ်းသပ်ဖော်ခဲ့ရာ ပုလဲများအရည်အသွေးပြည့်မီကောင်းမွန်သဖြင့် ပထမဆုံးအကြိမ်ပုလဲဖော်ခြင်းကို ၁၉၆၉ ခုနှစ်တွင် ဖော်ယူနိုင်ခဲ့ပါသည်။

မြန်မာ့ရေပြင်မှထွက်ရှိသည့် ပုလဲများကို ကမ္ဘာ့ပုလဲဈေးကွက်တွင် လူကြိုက်များ ထင်ရှားလာသည်နှင့်အမျှ မြန်မာ့ပုလဲလုပ်ငန်းအနေဖြင့် တီထွင်ကြံဆမှုများ စမ်းသပ်လုပ်ဆောင်ခဲ့ပါသည်။ ယင်းသို့တီထွင်စမ်းသပ်လုပ်ကိုင်မှုများ အနက် အောင်မြင်ခဲ့သည့်တီထွင်မှုမှာ ပုလဲအိမ်အတွင်းသို့ ဒုတိယအကြိမ် ဝတ်ဆံလုံး ပြန်လည်ထည့်သွင်းမွေးမြူသည့်နည်းဖြစ်ပါသည်။ ယင်းနည်းမှာ မြန်မာပညာရှင်ဦးခင်ညွန့်က မိမိဖာသာ စဉ်းစားတွေးခေါ်ကြံဆကာ အောင်မြင်မှုရရှိခဲ့သည့်နည်းဖြစ်ပါသည်။

မြန်မာ့ပုလဲလုပ်ငန်းသည် ၂၀၀၀ခုနှစ်မှစတင်၍ သားဖောက်မုတ်ကောင်များမွေးမြူပြီး ၂၀၀၂ ခုနှစ်တွင် သားဖောက်မုတ်ကောင်များကို ဝတ်ဆံသွင်းနိုင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းသည် သားဖောက်မုတ်ကောင် (၈၀၀၀၀)ကျော်ကို ဝတ်ဆံသွင်းမွေးမြူနိုင်ခဲ့ပါသည်။ မုတ်ကောင်သားဖောက်ခြင်းလုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် နှစ်စဉ်မုတ်ကောင်ဝတ်ဆံသွင်းခြင်းလုပ်ငန်းကိုလည်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။


မုတ်ကောင်များမှ ပင်လယ်ရေထုအတွင်းသို့ မျိုးဥများလွှတ်ထုတ်နေခြင်း


ဝတ်ဆံသွင်းခြင်း


ဝတ်ဆံသွင်းပြီးမုတ်ကောင်များပင်လယ်ပြင်အတွင်း မွေးမြူရန်ပြင်ဆင်ထားခြင်း


ပုလဲဖော်ယူခြင်း

သို့ဖြစ်ပါ၍ ၂၀၁၅ခုနှစ်၊အောက်တိုဘာလတွင် မြန်မာ့ပုလဲလုပ်ငန်း၊ ပုလဲကျွန်း၏ (၁၁၁)ကြိမ်မြောက် ပုလဲဖော်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ပြီး ပုလဲလုံးရေ စုစုပေါင်း(၅၈၁၇၄)လုံး၊ အလေးချိန်(၃၉၉၈၁. ၂၅)မိုမီ ထုတ်လုပ်နိုင်ခဲ့ပါသည်။ နှစ်စဉ်မြန်မာနိုင်ငံ၏ ပုလဲထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခုနှစ် | ထုတ်လုပ်မှု(မိုမီ) |
|---|---|---|
| (က) | ၂၀၁၀-၂၀၁၁ | ၂၉၁၆၉၄. ၀၄ |
| (ခ) | ၂၀၁၁-၂၀၁၂ | ၂၉၀၈၉၄. ၇၀ |
| (ဂ) | ၂၀၁၂-၂၀၁၃ | ၃၀၂၅၄၂. ၅၅ |
| (ဃ) | ၂၀၁၃-၂၀၁၄ | ၃၅၁၆၄၁. ၄၉ |
| (င) | ၂၀၁၄-၂၀၁၅ | ၄၂၄၆၂၈. ၀၁ |
| (စ) | ၂၀၁၅-၂၀၁၆ | ၄၃၃၆၁၂. ၁၆ |

(၁မိုမီ= ၃ . ၇၅ ဂရမ်-၂၀. ၆၂၅ ရတီ =၁၈ . ၇၅ ကာရက်)

**မြန်မာနိုင်ငံရှိ ပုလဲထုတ်လုပ်ရေးကျွန်းစခန်းများ**

မြန်မာ့ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုတွင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ပိုင် ပုလဲထုတ်လုပ်ရေးကျွန်းစခန်းတစ်ခုနှင့် ပြည်တွင်းပြည်ပဖက်စပ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီ (၁၁)ခု ရှိပါသည်။ ၎င်းပုလဲထုတ်လုပ်ရေးကျွန်းစခန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) နိုင်ငံတော်ပိုင်ကျွန်းစခန်း**

(၁) ပုလဲကျွန်းစခန်း၊ ဘုတ်ပြင်းမြို့နယ်



ဌာနပိုင် ပုလဲကျွန်း

**(ခ) ဖက်စပ်လုပ်ငန်းပိုင်ကျွန်းစခန်းများ**

**(၁) ပြည်တွင်းဖက်စပ်ကုမ္ပဏီများ**

(ကက)မလိကျွန်းစခန်း၊ ပုလောမြို့နယ်
(အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်)
(ခခ)နတ်သမီးရေတွင်းကျွန်းစခန်း၊ ကျွန်းစုမြို့နယ်
(အဏ္ဏဝါပုလဲကုမ္ပဏီလီမိတက်)
(ဂဂ)ပြင်စဘုကျွန်းစခန်း၊ ကျွန်းစုမြို့နယ်
(ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)
(ဃဃ)ဇင်ယော်ကျွန်းစခန်း၊ ဘုတ်ပြင်းမြို့နယ်
(အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်)
(ငင)မန်ကျည်းပင်ဆောင်ကျွန်းစခန်း၊ ဘုတ်ပြင်းမြို့နယ်
(နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမိတတ်)
(စစ)ဂျလန်းကျွန်းစခန်း၊ ကော့သောင်းမြို့နယ်
(အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်)
(ဆဆ)ငလုံးလဖယ်ကျွန်းစခန်း၊ကော့သောင်းမြို့ နယ်
(ပြည့်စုံထက်မြင့်ကုမ္ပဏီလီမိတက်)

**(၂) ပြည်ပဖက်စပ်ကုမ္ပဏီများ**

(ကက) ဒိုမယ်ကျွန်းစခန်း၊ ကျွန်းစုမြို့နယ်
(မြန်မာတာဆာကီကုမ္ပဏီလီမိတက်)
(ခခ) ဒုံးပုလဲအော်ကျွန်းစခန်း၊ ကျွန်းစုမြို့နယ်
(မြန်မာအတ္တလန်တစ်ကုမ္ပဏီလီမိတက်)
(ဂဂ) စိန့်လုခ်ကျွန်းစခန်း၊ ကော့သောင်းမြို့နယ်
(မြန်မာအန်ဒါမန်ပါးလ်ကုမ္ပဏီလီမိတက်)
(ဃဃ) ရွှေကျွန်းနှင့်ဇာဒက်ငယ်ကျွန်းစခန်း၊ ကော့သောင်းမြို့နယ်
(ဘဲပါးလ်မြန်မာကုမ္ပဏီလီမိတက်)

**ပုလဲရောင်းချမှု**

မြန်မာနိုင်ငံမှ ထွက်ရှိသောပုလဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပြီး ကျင်းပလေ့ရှိသည့် မြန်မာ့ပုလဲ လေလံပွဲ အမျိုးအစားနှင့် ရောင်းချမှုအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က)နိုင်ငံခြားငွေဖြင့်ရောင်းချသော မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲ | (၅၀)ကြိမ် |
| ( ခ)နှစ်လည်မြန်မာ့ကျောက်မျက်ရတနာပြပွဲ | (၂၀)ကြိမ် |
| ( ဂ)ကျောက်မျက်ရတနာအထူးရောင်းချပွဲ | (၇)ကြိမ် |
| (ဃ)မြန်မာ့ပုလဲရောင်းချပွဲ | (၅)ကြိမ် |
| ( င)ပြည်ပသို့ သွားရောက်၍ ရောင်းချသော မြန်မာ့ပုလဲလေလံပွဲ(Hong Kong) | (၄)ကြိမ် |
| ( စ)မြန်မာကျပ်ငွေဖြင့်ရောင်းချသော ပြည်တွင်းပုလဲရောင်းချပွဲ | ( ၃၄)ကြိမ် |
| **စုစုပေါင်း** | **(၁၂၀)ကြိမ်** |

တရုတ်ပြည်သူ့သမ္မတနိုင်ငံ(Hong Kong)သို့ ပထမအကြိမ်သွားရောက်ရောင်းချခဲ့သော မြန်မာ့ပုလဲများမှ အချင်း(၁၉)မီလီမီတာ၊ အလေးချိန်(၂. ၆)မိုမီရှိ ရွှေအိုရောင်ပုလဲတစ်လုံးကို " မြန်မာ့အာရုဏ်ဦးပုလဲ" ( New Dawn of Myanmar) အမည်ဖြင့် ရောင်းချခဲ့ရာ အမေရိကန်

ဒေါ်လာ(၃၆၆၈၀)ကို ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ရွှေအိုရောင်ပုလဲများသည် ကမ္ဘာပေါ်တွင် ထင်ရှားပြီး၊ အရည်အသွေးကောင်းသောပုလဲများအဖြစ် အသိအမှတ် ပြုခြင်းခံခဲ့ရပါသည်။




**မြန်မာ့အာရုဏ်ဦးပုလဲ** (New Dawn of Myanmar)

ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုကို အနည်းဆုံးဖြစ်ပေါ်စေပြီး၊ သဘာဝပတ်ဝန်းကျင်ကောင်းမှသာ ပုလဲကောင်းများ ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို အောက်ပါအချက်များကြောင့် ရင်းနှီးမြှုပ်နှံ၍ တိုးတက်ထုတ်လုပ်သင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်-

(က)ထုတ်သုံး၍ မကုန်နိုင်သော သယံဇာတဖြစ်ခြင်း၊
(ခ)လောင်စာနှင့်လျှပ်စစ်စွမ်းအင်အသုံးပြုရန် မလိုအပ်ခြင်း၊
(ဂ)အဆင့်မြင့်စက်ကိရိယာပစ္စည်းများ နိုင်ငံခြားမှ တင်သွင်းရန် မလိုအပ်ခြင်း၊
(ဃ)မြန်မာ့ပုလဲ၏ ကောင်းမွန်သော အရည်အသွေးနှင့် ထုတ်လုပ်မှုစရိတ်သက်သာမှုတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းရှိခြင်း၊
(င)နိုင်ငံခြားငွေအသုံးပြုရန် မလိုဘဲ နိုင်ငံခြားငွေ အလွယ်တကူရရှိနိုင်ခြင်း။



**ပြည်တွင်းပုလဲရောင်းချပွဲ**



**ပြည်ပပုလဲရောင်းချပွဲ**

**စာမျက်နှာ (၄၁)မှအဆက်**

"ဆရာတို့လာတုန်း ကျွန်တော့်ရွာလည်း တခါထဲ ဟောပြောပြီး မီးဖို ပေးသွားပါ"ဆိုတော့ လိုအပ်တဲ့ နှစ်တစ်နှစ်တွင်းဟောပြောမည့် ရွာစာရင်းထဲပါလားပြန်ကြည့်၊ ပါတယ်ဆိုရင် မီးဖိုတွေရှုံးပြန်ယူ တစ်ပွဲပြီးတစ်ပွဲ(၂)ပွဲ ဆက်ဟောပြောပေးရတာတွေလည်းရှိတယ်၊ ဟောပြောပွဲလုပ်ရတာမှာ ဒေသခံပြည်သူတွေရဲ့အပိုင်း၊ ဝန်ထမ်းတွေရဲ့အပိုင်းမှာ ဘယ်လိုအခက်အခဲတွေရှိပါစေ ပြီးမြောက်ပြီဆိုရင်တော့ ရင်ထဲကသောကတွေပျောက်ပြီး ကိုယ့်အတွက် တာဝန်တစ်ခုပြီးတယ်ဆိုတာထက် ကိုယ်ပြောတာတွေ သိရှိနားလည်ပါစေ၊ သိတဲ့အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါစေဆိုတဲ့ ဆန္ဒပြုစေတနာထား ဟောပြောရင်း မိမိရင်ထဲလည်း ပီတိဖြစ်ရတယ်၊ သစ်တောပညာတွေသင်ပြီး သစ်တောဝန်ထမ်းဖြစ်တဲ့ ကျွန်တော် မြန်မာပြည်တစ်နံတစ်လျား တာဝန်ကျရာနေရာတွေမှာ တာဝန်ထမ်းဆောင်ရင်း တရားမဝင်သစ်ခိုးမှုများတဲ့ နေရာတွေမှာလည်း တရားမဝင်သစ်ဖမ်းဆီးနိုင်ရေး သတင်းစုံစမ်း၊ ခိုင်မာတဲ့သတင်းရပြီဆိုလိုအပ်တာတွေစီစဉ်စုဖွဲ့ပြီး အချိန်နေရာမရွေးဖမ်းဆီးအရေးယူခဲ့ရတယ်၊ ဖမ်းဆီးပြီးလည်း အထက်ညွှန်ကြားချက်တွေအတိုင်း ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်တွေကို လိုအပ်သလိုစီမံဆောင်ရွက်ရတယ်၊ တရားခံများကိုလည်း တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခဲ့တယ်၊ တရားမဝင်သစ်ထုတ်လုပ်မှုအား ဖမ်းဆီးအရေးယူခြင်းထက် ထုတ်လုပ်မှုမပြုမီကြိုတင် တားဆီးသည့်အနေဖြင့် တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းရေး ဟောပြောခဲ့တယ်၊ဟောပြောပွဲတိုင်းမှာတက်ရောက်တဲ့ ဒေသခံပြည်သူတွေရင်ထဲ သစ်တောသစ်ပင်နဲ့ပတ်သက်လို့ရှောင်သင့်/ဆောင်သင့်တဲ့ အသိတွေရောက်ပါစေ၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးမှာ ပြည်သူတွေပါဝင်နိုင်ပါစေလို့ဆန္ဒရှိခဲ့တယ်၊ အခုအညာဒေသမှာလည်း ကျွန်တော်တို့ရဲ့စ. ထ. ထ. ရလုပ်ငန်းတိုင်းဟာ ပြည်သူတွေရင်ထဲ သစ်တော သစ်ပင်တွေရဲ့အကျိုးရှိမှုကိုသိရှိပြီး ဒေသခံပြည်သူများပူးပေါင်းပါဝင်ရန် အရေးကြီးတဲ့အတွက် အညာတခွင်စိမ်းလန်းစိုပြည်ဖို့ ကျွန်တော်သိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗဟုသုတများကို ဒေသခံများလည်း နားလည်သဘောပေါက်ပါစေဆန္ဒဖြင့် ဆက်လက်ဟောပြောနေရပါဦးမယ်၊ ကျွန်တော်ပြောပါရစေဗျာ---------

# ၂၀၁၆ ခုနှစ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းပထမအကြိမ် မိကျောင်းအသိုက်များ ကွင်းဆင်းရှာဖွေတွေ့ရှိမှု

မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်း ဒီရေတောများပေါက်ရောက်ရာဒေသ၌ ရေချိုရေငန်မိကျောင်းများ သဘာဝအတိုင်း နေထိုင်ကျက်စားလျက်ရှိပြီး မိကျောင်းများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး၊ မိကျောင်းများ၏ မျိုးဆက်ပြန့်ပွားမှုအခြေအနေ၊ စားကျက်ဧရိယာ(Habitat) အခြေအနေတို့ကို သိရှိနိုင်ရန်အတွက် မိကျောင်းအသိုက်များ ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

မိကျောင်းအသိုက်များ ရှာဖွေခြင်းလုပ်ငန်းအား အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဘေးမဲ့တောဝန်ထမ်း(၆)ဦးနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်အဖွဲ့(FFI)မှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး (၂၄-၇-၂၀၁၆)ရက်နေ့မှ(၂၆-၇-၂၀၁၆)ရက်နေ့အထိ(၃)ရက်ကြာ ဆောင်ရွက်ခဲ့ရာတွင် မိကျောင်းအသိုက်(၃)ခုတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအကွက်အမှတ်(၁၁)ရှိ ပိုးလောင်းလေးချောင်းအတွင်း ချောင်းငယ် အဖျားပိုင်းတွင် အချင်း ၇ပေ၊ အမြင့် ၃ပေ၊ လုံးပတ် ၂၀ပေရှိသည့် မိကျောင်းအသိုက်အမှတ်(၁)ကို တွေ့ရှိရပြီး အသိုက်အတွင်း အပူချိန် ၃၀˚C နှင့် ရေငန်ဓာတ်များ 0 ppt ရှိပါသည်။

အသိုက်ကို သရေပင်၏ အောက်ခြေကုန်းမြင့်နေရာတွင် ပြုလုပ်ထားပြီး အသိုက်အနီးတွင် ငှက်ကျီးတောင်ပင် များစွာပေါက်ရောက်နေပြီး နေရောင်ခြည် ကောင်းမွန်စွာရသဖြင့် စားကျက်ဧရိယာ (Habitat) ကောင်းမွန်သည့်နေရာ ဖြစ်ပါသည်။

အသိုက်အရွယ်အစား ကြီးမားပြီးသေသပ်ကောင်းမွန်သဖြင့် သက်ကြီးမိကျောင်းအမ၏ အသိုက်ဖြစ်နိုင်ကြောင်း၊ ဥလုံးရေခန့်မှန်းအရေအတွက်မှာ ဥ(၄၀)လုံးအထက်ရှိမည်ဟု ခန့်မှန်းရပြီးစက်တင်ဘာလ၏ စတုတ္ထပတ် (ရေထရက်)အတွင်း အကောင်ပေါက်မည်ဟု ခန့်မှန်းရပါသည်။

ဘေးမဲ့တောအကွက်အမှတ် (၁၂)၊ သပြေချောင်းမကြီးအတွင်းရှိ ခရေချောင်းဖျားဧရိယာတွင် အချင်း ၇ပေ၊ အမြင့်၂. ၇ပေ၊ လုံးပတ်၁၅ပေ ရှိသည့် အသိုက်အမှတ်(၂)ကို တွေ့ရှိရပြီး အသိုက်အတွင်းအပူချိန် ၃၂˚C နှင့် ရေငန်ဓာတ်မှာ 0 ppt ရှိပါသည်။

အသိုက်ကို ဒီရေဖုံးလွှမ်းမှု လွတ်ကင်းသောနေရာတွင် တွေ့ရပြီး နေရောင်ခြည်ကောင်းစွာရရှိခြင်း၊ ငှက်ကျီးတောင်ပင်ပေါများစွာ ပေါက်ရောက်သည်ကို တွေ့ရှိရခြင်းတို့ကြောင့် စားကျက်ဧရိယာ(Habitat) ကောင်းမွန်သည့် နေရာ(၁)ခုဖြစ်ပါသည်။

အသိုက်ပြုလုပ်ပုံ ကောင်းမွန်သေသပ်သဖြင့်သက်ကြီး မိကျောင်းအမ၏ အသိုက်ဖြစ်နိုင်ကြောင်း၊ ဥ(၄၀)လုံးခန့်ရှိမည်ဟု ခန့်မှန်းနိုင်ပြီး၊ စက်တင်ဘာလ၏ တတိယပတ်(ရေထရက်)အတွင်းအကောင်ပေါက်မည်ဟုခန့်မှန်းရပါသည်။

ဘေးမဲ့တောအကွက်အမှတ် (၁၁)၊ သပြေချောင်းအဖျားပိုင်း၊ ရှုံးခွဲချောင်းဖျားဧရိယာတွင် အချင်း ၅ပေ ၅လက်မ၊ အမြင့် ၂ပေ ၆လက်မ၊ လုံးပတ် ၁၈ပေ ရှိသည့် အသိုက်အမှတ်(၃)ကို တွေ့ရှိပြီး အသိုက်အတွင်းရှိ အပူချိန်မှာ ၃၃˚C နှင့် ရေငန်ဓာတ်မှာ 0 ppt ရှိပါသည်။

ကုန်းမြင့်နေရာတွင် အသိုက်ကိုပြုလုပ်ထားပြီး နေရောင်ခြည် ကောင်းမွန်စွာရရှိခြင်း၊ ငှက်ကျီးတောင်ပင်များ ပေါများစွာပေါက်ရောက်သည်ကို တွေ့ရှိရခြင်းတို့ကြောင့် စားကျက်ဧရိယာ (Habitat)ကောင်းမွန်သည့်နေရာဖြစ်ပါသည်။

အသိုက်အရွယ်အစား ကြီးမားသေသပ်သဖြင့် သက်ကြီးကောင်မိကျောင်းအမ၏အသိုက်ဖြစ်နိုင်ကြောင်း၊ ဥလုံးရေ ၄၅ လုံးခန့်ရှိပြီး စက်တင်ဘာလ၊ ဒုတိယပတ်(ရေထရက်)အတွင်း အကောင်ပေါက်မည်ဟု ခန့်မှန်းရပါသည်။

အသိုက်များကို ငှက်ကျီးတောင်၊ ဓမင်းနွယ်၊ မျောက်ကြိမ်၊ အလိုလေးနွယ်၊ သမန်း၊ မိကျောင်းနွယ်စသည့်အပင်များဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။

အသိုက် (၁) နှင့် (၂) ပြုလုပ်ထားသော ဧရိယာအတွင်း၌ ယခင်နှစ်များက ပြုလုပ်ခဲ့သောအသိုက်အဟောင်းများကိုလည်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ မိကျောင်းအသိုက်နေရာများ ရှာဖွေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်



**မိကျောင်း အသိုက်(၃)၏ လုံးပတ်အားတိုင်းတာစစ်ဆေးခြင်း**



မိကျောင်းအသိုက်များပြုလုပ်ရာတွင် အဓိကအသုံးပြုထားသည့် ငှက်ကျီးတောင်ပင် (Acrostichun aureum)



မိကျောင်းအသိုက်ရှာဖွေစဉ် သပြေချောင်း ဒုံးရေကျော်အတွင်း တွေ့ရှိခဲ့သည့် အရပ်ခေါ် နွတ်ပြူကြီး(ရေချိုရေငန်စပ်မိကျောင်း *Crocodylus porosus*)

နိုင်ခဲ့ခြင်းကြောင့် -

(၁) နှစ်စဉ်မိကျောင်းကောင်ရေ (Population) တိုးပွားလာမှု၊လျော့နည်းလာမှုတို့ကို ဆန်းစစ်နိုင်ခြင်း၊

(၂) စားကျက်ပြုလုပ်သည့်ဧရိယာ(Habitat)များကို လေ့လာဖော်ထုတ်မှတ်တမ်းတင်နိုင်ခြင်း၊

(၃) အသိုက်အရေအတွက်နှင့် ဥ အရေအတွက်တို့ကို ခန့်မှန်းပြီးစာရင်းကောက်သည့်အခါ ကောက်ယူရရှိသည့် အကောင်ရေနှင့်နှိုင်းယှဉ်ပြီး သဘာဝအတိုင်းသားပေါက်နှုန်းနှင့်ရှင်သန်မှုတို့ကို ဆန်းစစ်လေ့လာမှတ်တမ်းတင်နိုင်ခြင်း၊

(၄) အသိုက်ပြုလုပ်ရာတွင် အသုံးပြုသည့် အပင်မျိုး စိတ်များကို လေ့လာဖော်ထုတ်မှတ်တမ်းတင်နိုင်ခြင်း၊

(၅) အစာကွင်းဆက်(Food Chain)အရ အချို့အသိုက်များကို အခြားတောရိုင်းတိရစ္ဆာန်များ(ဖွတ်၊ တောဝက်၊မြွေစသည်) ဖျက်ဆီးခံရမှုကို လေ့လာသိရှိနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အားနည်းချက်အနေဖြင့်-

(၁) ဝန်ထမ်းများမှ မိကျောင်းအသိုက်များကို ကွင်းနင်းရှာဖွေရာတွင် အသက်အန္တရာယ်ကြုံတွေ့နိုင်ခြင်း၊

(၂) သိုက်အားစောင့်ရှောက်နေသည့် မိခင်မိကျောင်းမနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံသည့်အခါ ခြောက်လှန့် မောင်းနှင်ရမှုကြောင့် မိကျောင်းမများသည် နောင်အသိုက်ပြုလုပ်ရာသီတွင် အသိုက်ဟောင်းနှင့်ဝေးသောနေရာများသို့ ရွှေ့ပြောင်းပြုလုပ်ခြင်း၊

(၃) မိကျောင်းအမများသည် ဘေးမဲ့တောဧရိယာ အတွင်းအသိုက်ပြုလုပ်ရာတွင် လုံခြုံစိတ်ချရမှုမရှိဟု ယူဆလာပါက ဘေးမဲ့တောပြင်ပဧရိယာများသို့ သွားရောက်အသိုက်ပြုနိုင်ခြင်း၊

(၄) ဘေးမဲ့တောပြင်ပဧရိယာများတွင် မိကျောင်းများအသိုက်ပြုလုပ်မှုများပြားလာပါကလူနှင့် မိကျောင်း ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြအပ်ပါသည်။

## သစ်ပင်နှင့် မြစ်

မြစ်နှင့် သစ်ပင်
အို - - ချစ်ခင်လျှင်
သာယာလှပ
တိုင်းပြည်ကဝယ်
စည်ပင်ဖွံ့ ဖြိုး
ဂုဏ်မညှိုးပါဘူးလေ - -

သစ်ပင်နဲ့မြစ်
မုန်းပယ်ပစ်က
ပူလောင်ကန္တာရ
ညှိုးငယ်လှစွာ
တိုင်းပြည်မွဲတေ
ဒုက္ခတွေက - - - များလွန်းမှာ - -

အချစ်နဲ့ အမုန်း
သင် ယူသုံးလို့
ကောင်းဆိုးခွဲခြား
စိတ်ဓာတ်တွေက - - - လှစေသား - -

စိုးပြေ (လှပ်ငန်း)

# ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း ကင်မရာထောင်ချောက်ဖြင့် သုတေသနလုပ်ငန်းများဆောင်ရွက်မှု




ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း ကင်မရာထောင်ချောက်ဖြင့် သုတေသနလုပ်ငန်းများကို WCS အဖွဲ့ နှင့်အတူ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဦးဇော်နိုင်ထွန်း (တောအုပ်)နှင့်တောခေါင်း(၁)ဦးတို့သည် ပန်နန်းဒင်အရှေ့ဘက် ထမ်းချောင်းဖျားဧရိယာ၊ ငါဝါရွာအရှေ့ဘက်ဧရိယာ၊ ဝမ်းခင်ချောင်းဖျားဧရိယာနှင့် တဇွမ်ဒမ်း-တဆူထု တောင်ကြောတစ်လျှောက်ဧရိယာတို့တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် မတ်လအထိ ပထမအကြိမ် သုတေသနပြုလုပ်ခြင်းနှင့် ၂၀၁၆ ခုနှစ် မေလမှ ဇွန်လအထိ ဒုတိယအကြိမ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

Camera Traps တပ်ဆင်ပြီး သုတေသနဆောင်ရွက်ခြင်းကို ကင်မရာ(၁၃)လုံးဖြင့် တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့တပ်ဆင်ရန် Position(၆)ခု သတ်မှတ်ခဲ့ပါသည်။ Camera Trapsတစ်ခုနှင့်တစ်ခုအကွာအဝေးမှာ မြေပြင်အခက်အခဲများစွာရှိသဖြင့် မီတာ ၅၀၀နှင့် ၁၀၀၀ကြား အဆင်ပြေသည့်နေရာများတွင်သာ တပ်ဆင်နိုင်ခဲ့ပါသည်။

ယခု ၂၀၁၅-၂၀၁၆ ခုနှစ်တွင် Position(၁) (၂) (၃)ဧရိယာများတွင် ကင်မရာထောင်ချောက်များတပ်ဆင်ပြီး ပြန်လည်စောင့်ကြည့်ခြင်းကို ပထမအကြိမ်ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် Position (၆) ဧရိယာတွင်သာ ကင်မရာထောင်ချောက်တပ်ဆင်လေ့လာနိုင်ခဲ့ပါသည်။ သားမင်းမှာ ခြေရာနှင့်အမှတ်အသားများသာတွေ့ရှိရပြီး တောင်ဆိတ်နီ၊ တောဆိတ်၊ အင်းကျားစသည့် တောရိုင်းတိရစ္ဆာန်များကို တိုက်ရိုက်မြင်တွေ့ခြင်းနှင့် ကင်မရာထောင်ချောက်မှ မှတ်တမ်းဓာတ်ပုံ၊ ခြေရာတို့ရရှိခဲ့ပြီး ယခင်နှစ်များထက် ကျက်စားကောင်ရေတိုးတက်မှုရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် Position(၆)ခု သတ်မှတ်ပြီး ပန်နန်းဒင်နှင့် ငါဝါရွာ ပတ်ဝန်းကျင်ဒေသများတွင်ရှိ Position (၁) (၂) (၃) သတ်မှတ်၍ ကင်မရာထောင်ချောက်တပ်ဆင်ပြီး သုတေသနပြုလုပ်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဝမ်းစီးဝမ်ဘိုတဲအနီး ထရင်ချောင်းဖျားဒေသ၊ ဂပိုင်ရွာအရှေ့ဘက် ထရယ်ချောင်းဖျားဒေသနှင့် တဇွမ်ဒမ်း-တဆူထု(Loang Madin)တောင်ကြောတစ်လျှောက်တွင် Position (၄) (၅) (၆)တို့ သတ်မှတ် ပြီး ကင်မရာထောင်ချောက်တပ်ဆင်ပြီး သုတေသနပြုလုပ်နိုင်ခဲ့ပါသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် တောရိုင်းတိရစ္ဆာန်များအား သတ်ဖြတ်ခံရမှု မရှိစေရေးအတွက် ဝန်ထမ်းများမှ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းနှင့် ပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

# ရှားပါးပြီးအဖိုးတန် ဂုဏ်သတ္တိရှိသော တားမြစ်သစ် စာရင်းဝင် '' ကန်းဇော်ပင် ''

ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူး ရေးသားပြုစုသည့် """ ရှားပါးပြီးအဖိုးတန်ဂုဏ်သတ္တိရှိသော တားမြစ်သစ် စာရင်းဝင် ကန်းဇော်ပင်များအား ပြည်သူ့ပိုင်ပြုစုနည်းဖြင့် အချိန်မီထိန်းသိမ်းနိုင်ရေး""" စာအုပ်မှ ကောက်နုတ်တင်ပြပါသည်။



ကန်းဇော်ပင်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒီရေထောက်သည့် ရေချိုရေဝပ်ဇရိယာများတွင် သဘာဝအလျောက်အစုအဝေးဖြင့် ပေါက်ရောက်သော အပင်ကြီးမျိုးဖြစ်သည်။ ဒီရေထောက်သော်လည်း ဒီရေမရောက်သည့် ရေချိုဒေသဖြစ်ရန်လိုအပ်ခြင်း၊ အစိုဓာတ် လွန်ကဲမှုနှင့် မြေဆီဩဇာကောင်းကြိုက်နှစ်သက်ခြင်းစသည့် သိသာမြင်သာသော ကန့်သတ်ချက်များအပြင် သိပ္ပံနည်းကျ လေ့လာမှုမပြုရသေးသော အခြားလိုအပ်ချက်များ ရှိနိုင်ခြင်းကြောင့် နေရာအလွန်ရွေးပြီး ပေါက်ရောက်တတ်သဖြင့် ရှားပါးစွာ တွေ့ရသောသစ်မျိုးဖြစ်သည်။

ကန်းဇော်ပင်သည် သစ်အတွက် အရေးမပါသော်လည်း ကန်းဇော်စေ့မှ ရသည့် ကန်းဇော်ဆီ၏ အုံ့မခန်းဆေးစွမ်းထက်မှု၊ ကန်းဇော်ဆီအား ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရမှုတို့ကြောင့် ''ကန်းဇော်ပင်''ကို ရှားပါးပြီး အဖိုးတန် ဂုဏ်သတ္တိရှိသည့် သစ်မျိုးအနေဖြင့် အသိအမှတ်ပြုခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီး၏ တားမြစ်သစ်ပင်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၄-၂-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၃ဖြင့် သတ်မှတ်ကြေညာခဲ့သည်။

FAO မှ (၅)နှစ်တစ်ကြိမ် ထုတ်ပြန်သည့် Forest Resource Assessment(FRA 2015) အရ တနင်္သာရီတိုင်းဒေသကြီး၏ သစ်တောဆုံးရှုံးမှုတွင် ကန်းဇော်ပင်များ ပါဝင်ခဲ့ခြင်း၊ သစ်စေ့ရလိုဇောဖြင့် မဆင်မခြင်ခုတ်လှဲခံရခြင်းတို့ကြောင့် ကန်းဇော်ပင်များသည် မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသည့် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည်။ ကန်းဇော်စေ့မှရရှိသော ဝင်ငွေသည် ဒေသခံများ၏ လူမှုစီးပွားကို များစွာအထောက်အကူပြုနိုင်သော်လည်း ဒေသခံတို့အနေဖြင့် သစ်စေ့ရင့်မှည့်ချိန်တွင် တစ်ရပ်တစ်ကျေးမှ သစ်စေ့ကောက်ရန် ရောက်ရှိလာသူအများအပြားနှင့် သစ်စေ့မှရရှိသည့်အကျိုးစီးပွားကို ခွဲဝေယူကြရခြင်း၊ ကန်းဇော်တောများအား ၎င်းတို့အနေဖြင့် ပိုင်ဆိုင်ခွင့်မရှိဟု ခံယူထားကြခြင်းတို့ကြောင့် မိမိဒေသရှိ ကန်းဇော်ပင်များကို ထိန်းသိမ်းကာကွယ်လိုမှုနည်းခဲ့ကြသည်။







ကန်းဇော်တောများမှ ရရှိသည့်အကျိုးစီးပွားကို ဒေသခံတို့ ခံစားခွင့်ရရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစနစ်ဖြင့် စီမံအုပ်ချုပ်မှုက သာလျှင် ကန်းဇော်တောများ ရေရှည်တည်တံ့ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ကျဉ်းနိုင်မည်ဖြစ်သည်။ ကန်းဇော်ပင်သည် Sapotaceae မျိုးရင်း၊ ရုက္ခဗေဒအမည် *Payena Parallelo-neura Kurz*၊ ဟင်ဒီအမည် ဂျုလ်၊ မဟူဝါးဖြစ်သည်။ ကန့်ဇော်၊ ရေမယ်ဇယ်လည်း ခေါ်ဆိုကြောင်း တွေ့ရပြီး ကန်းစိုဟုခေါ်သော ကန်းဇော်နှင့် အမည်ဆင်တူယိုးမှားသစ်မျိုး တစ်မျိုးလည်း တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသည်။ ယင်းသစ်မျိုးကို ကန်းဇော်ဟုပင် မှားယွင်းခေါ်ဆိုမှုများရှိနေသည်။ ကန်းစိုသည်

ကန်းဇော်ကဲ့သို့သစ်ပွမဟုတ်ပဲ လေ့တည်ဆောက်ရာတွင် အသုံးပြုလေ့ရှိသော သစ်မျိုးဖြစ်သည်။ ကန်းဇော်ကဲ့သို့ တားမြစ်သစ်စာရင်းမဝင်သဖြင့် သစ်တောဥပဒေအရအရေးယူ ဆောင်ရွက်ရသည့်ကိစ္စများတွင် မှားယွင်းမှုမရှိစေရေးအတွက် သစ်တောဝန်ထမ်းများအနေဖြင့် ကန်းဇော်နှင့်ကန်းစိုကို ခွဲခြားသိရှိရန် အရေးကြီးကြောင်းတွေ့ရသည်။

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်တွင် ဒေသအခေါ် သစ်ကြမ်းပိုး(ဟင်းခတ်အမွှေးအကြိုင်အဖြစ် အခေါက်ကို အသုံးပြုသော သစ်ဂျပိုးပင်မဟုတ်) ဟူသော သစ်မျိုးတစ်မျိုးပေါက်ရောက်ပြီး၊ ၎င်း၏ အစေ့များမှထွက်ရှိသော အဆီသည် ကန်းဇော်ဆီကဲ့သို့ ကြမ်းပိုးနံ့ရှိပြီး ဆီအရောင်အသွေးပါ ဆင်တူသဖြင့် ကန်းဇော်ဆီဟု ကြေညာရောင်းချမှုများရှိသည်။ ဒေသအခေါ်သစ်ကြမ်းပိုးပင်ကို ကုန်းကန်းဇော်ဟုလည်းကောင်း၊ကန်းဇော်ပင်ကို ရေကန်းဇော်ဟုလည်းကောင်း ခေါ်ဆိုကြပြန်ရာ ကန်းဇော်ပင်အစစ်ကို အခြားအမည်တူအပင်များနှင့် သာမန်အားဖြင့် ခွဲခြားသိရန်ခက်ခဲသည်။ သို့ပါ၍ ဤစာတွင် ကန်းဇော်ပင်အစစ်ကို ခွဲခြားသိနိုင်ရန်အတွက် ကန်းဇော်ပင်၏ ပေါက်ရောက်သည့် အလေ့အထနှင့်သိသာမြင်သာသည့် သွင်ပြင်လက္ခဏာများကို ဖော်ပြထားသည်။

ကန်းဇော်ပင်သည် အမြဲစိမ်းတောများ၏ ပင်လယ်ဒီရေထောက်သော ချောင်းဖျားပိုင်း၊ ရေချိုရှိရာ စိမ့်တော (Swanp Forest)များတွင် အစုအဝေးနှင့်ပေါက်ရောက်သည်။ သမီးလောင်း၊ ကံ့ကော်၊ ဖက်ဝန်း၊ ကျွဲသွေး၊ ကရဝေး၊ မျောက်ချောသစ်မျိုးများနှင့် ရောနှောတွေ့ရပြီး ကန်းဇော်အပင်ကြီး၊ အပင်ငယ်များကသာ အခြားသစ်မျိုးများကို လွှမ်းမိုးထားကြသည်။

အမြင့်ပေ(၁၅၀)၊ လုံးပတ်ပေ(၂၀)နီးပါးအထိ ရှိနိုင်ပြီး၊ အခေါက်ပြောင်ချော၍ မီးခိုးရောင်ဆန်သော အညိုရောင်ဖြစ်သည်။ အဝေးမှကြည့်လျှင် ကညင်ပင်ကြီးများကဲ့သို့ ဖြူရော်သောပင်စည်ကို တွေ့ရသည်။ အကာသားပွသဖြင့် ပင်စည်၌ သစ်ကပ်ပင်အများအပြား တွယ်ကပ်နေလေ့ရှိသည်။


သစ်ကပ်ပင်များ တွယ်ကပ်နေပုံ

ပင်စည်၊ အကိုင်းနှင့်အမြစ်များကို ခုတ်ထစ်ပါက အဖြူရောင်အစေးများထွက်သည်။ အရွက်များကို ချိုးဖဲ့ပါကလည်း အဖြူရောင်အစေးများထွက်ကြောင်း တွေ့ရသည်။





အပင်အမြင့်၏ ၅ပုံ၁ပုံခန့်တွင်သာ ရွက်အုပ်ရှိသည်။ ထူထဲသောသစ်ပင်များ ကြပ်တည်းစွာပေါက်ရောက်သဖြင့် ရွက်အုပ်ဖြန့်ကျက်သည့် ဧရိယာနည်းသော်လည်း အရွက်များစိပ်စိပ်ရှိသည်။ အနည်းငယ်ဝိုင်းသည့်အရွက်နှင့် ရှည်သွယ်သောအရွက်ဟူ၍ အရွက်ပုံသဏ္ဌာန်(၂)မျိုးတွေ့ရသည်။ အရွက်များ၏ မျက်နှာပြင်နှစ်ဖက်လုံးတွင် ဖယောင်းပါဝင်ပြီး အနည်းငယ်ဝိုင်းသောအရွက်မျိုးက ဖယောင်းပါဝင်မှု ပိုများသည်။





အနည်းငယ်ဝိုင်းသည့်အရွက်သည် ခရေရွက်နှင့်ဆင်တူပြီး၊ ရှည်သွယ်သောအရွက်သည် သရက်ရွက်နှင့်ဆင်တူသဖြင့် အရွက်ပုံသဏ္ဌာန်အရ သိသာစွာကွဲပြားသည်။ ရှည်သွယ်သော အရွက်ရှိသည့် အမျိုးအစားကိုပိုမိုတွေ့ရှိရသည်။

အပင်အောက်ခြေတိုက်တွင် လေရှူမြစ်သဏ္ဌာန်အမြစ်ဖုများကို အနှံ့အပြားတွေ့ရသည်။ ရေဝပ်သောနေရာများ၊ ချောင်းများတွင် အမြစ်ဖုများသည် အစုအဝေးအလိုက်ရှိနေပြီး ရေမျက်နှာပြင်ကို ကျော်လွန်၍ ထွက်ပေါ်နေကြသည်။

တပို့တွဲ ၊တပေါင်းလတွင် အပွင့်ပွင့်သည်။ အရွက်အောက်ခြေနှင့် ရွက်ကြွေပြီးအကိုင်းတို့တွင် အစုလိုက် ပွင့်ဖူးသည်။ ရိုးတံနီနှင့်အစိမ်း(၂)မျိုးတွေ့ရပြီး အပွင့်အရောင်သည် နို့နှစ်ရောင်(Cream Color)ဖြစ်သည်။ အနံ့သင်းသင်း မွှေးသည်။ အပွင့်များသည် အနံ့သင်းသင်းသာရှိခြင်း၊ အရွယ်အစားသေးငယ်ခြင်း၊ မြင့်မားသောပင်စည်၏ အရွက်ဖျားများတွင်သာ ဖူးပွင့်ခြင်းတို့ကြောင့် ကန်းဇော်ပင်များဖူးပွင့်နေမှုကို သာမန်အားဖြင့် သတိထားမိလေ့မရှိပေ။





တန်ခူး၊ ကဆုန်လတွင် စတင်အသီးသီးပြီး၊ ကဆုန်၊ နယုန်တွင် အသီးရင့်မှည့်သည်။ ရင့်မှည့်ချိန်အထိ အစိမ်းရောင်ဖြစ်ပြီး ဘယ်ရီသီးအမျိုးအစားဖြစ်၍ အစေ့တစ်စေ့သာ ပါရှိသည်။ မျောက်နှင့်တောဝက်များက ကြိုက်နှစ်သက်သည်။ အသီးရင့်မှည့်ချိန်တွင်

လင်းဆွဲများရောက်ရှိလာပြီး အသီး၏ အပေါ်ယံအသားကို စားသုံးလေ့ရှိသည်။

(၃)နှစ်တစ်ကြိမ် သီးအားကောင်းလေ့ရှိပြီး ကြားနှစ်များတွင် အသီးနည်းသည်။ ဒေသတစ်ခုနှင့်တစ်ခု သီးအားကောင်းသည့်နှစ် ကွဲပြားနိုင်ကြောင်း သိရသည်။ ကန်းဇော်စေ့သည် ခရားစေ့နှင့် ပုံသဏ္ဌာန်ဆင်သည်။ အညိုရင့်ရောင်ရှိပြီး ပြောင်လက်၍ မာကျောသည်။ အစေ့ရွက်နှစ်ရွက်ပါဝင်သည်။




ရင့်မှည့်နေသော ကန်းဇော်သီးများ



ကန်းဇော်စေ့များ



အညှောက်ထွက်ပြူစအစေ့ရွက်များ

အသီးရင့်မှည့်ချိန်သည် နှစ်စဉ် ဧပြီလ လလယ်မှ ဇွန်လလယ်အထိဖြစ်ရာ အပွဲ့မှကွင်းဆင်းလေ့လာခဲ့သော ဇွန်လကုန်တွင် အစေ့ရွက်မကြွေသေးသည့် ကန်းဇော်ပင်ပေါက်များအား ကန်းဇော်တောအတွင်း တွေ့ရှိရခြင်းကြောင့် အစေ့အနားယူချိန် မရှိသလောက် နည်းပါးစွာဖြင့် တိုတောင်းသောကာလအတွင်း အပင်ပေါက်နိုင်ကြောင်း တွေ့ရသည်။ အပင်ပေါက်အများအပြားတွေ့ရရာ သစ်စေ့စုဆောင်းမှုများပြားသည့် အတားအဆီးများကို ကျော်လွှန်၍ မျိုးဆက်ရှင်သန်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။





မြိတ်မြို့နယ်၊ သာရမဲကျေးရွာအနီးရှိ ကန်းဇော်တောမှ ကန်းဇော်မျိုးဆက်ပင်ငယ်များ

ကန်းဇော်ပင်၏ အကာသားသည် အဝါဖျော့ရောင်ရှိပြီး၊ အနှစ်သားသည် အနီရောင်သန်းသည်။ အသားပွ၍ ပိုးထိုးလွယ်သဖြင့် သစ်အဖြစ် သုံးစွဲမှုနည်းပါးသည်။ ခွဲစိတ်ရာတွင် အစေးများထွက်ပေါ်မှုကြောင့် လွှသွားညပ်ပြီး ကျိုးပဲ့ခြင်းကြောင့်လည်း ခွဲစိတ်အသုံးပြုမှု နည်းပါးခြင်းဖြစ်သည်။ အချို့ကျေးရွာများတွင် ကန်းဇော်သားကို ဘုရားဆင်းတု ထုလုပ်ကိုးကွယ်ပါက အန္တရာယ်ကင်းသည်ဟု ယုံကြည်မှုအရ ဆင်းတုထုလုပ်မှု အနည်းငယ်ရှိခြင်းမှအပ အခြားသုံးစွဲမှု မတွေ့ရပေ။

မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်နှင့်ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်တို့တွင် အများဆုံးပေါက်ရောက်ပြီး ၊ ကော့ရဲကျွန်းတွင် ဧက(၅၀၀)ခန့်ကို တစ်စုတစ်ဝေးတည်းတွေ့ရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကန်းဇော်ပင်အစုအဝေးများ ပျံ့နှံ့စွာရှိနေသည်။

ကန်းဇော်ဆီသည် ဝါရွှေသောအရောင်ရှိပြီး တိုင်းရင်းဆေးကျမ်းများတွင် အေး၊ ချို၊ ဆိမ့် ခါးအရသာရှိပြီး ကြမ်းပိုးနံ့ကဲ့သို့ အတန်ငယ်အနံ့ဆိုးသော်လည်း ယင်းအနံ့လျော့ပါးလျှင် ဆေးအာနိသင်မထက်ဟု ယုံကြည်ကြသည်။ စနစ်တကျသိုလှောင်ထားပါက နှစ်ပေါင်းသုံးလေးဆယ်တိုင်အောင် အရောင်အဆင်း၊ အနံ့ အရသာနှင့်အာနိသင်မပျက်တည်နေနိုင်ကြောင်း သိရသည်။ စက်ဖြင့်ကြိတ်ခွဲ၍လည်းကောင်း၊ ရိုးရာနည်းအတိုင်း ပေါင်းခံ၍လည်းကောင်း၊ ကန်းဇော်ဆီကိုထုတ်လုပ်ကြသည်။

ကန်းဇော်ဆီ၏ဆေးဖက်ဝင်မှုမှာ တိုင်းရင်းဆေးပညာအရ ကိုယ်တွင်းကိုယ်ပ ရောဂါအများအပြားကို ပျောက်ကင်းစေနိုင်ကြောင်း၊ အရေပြားတွင် လိမ်းကျံခြင်း၊ ဆေးအဖြစ် သောက်သုံးခြင်း နှစ်မျိုးစလုံးသုံးစွဲကြောင်း၊ ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရသည်။ ထားဝယ်၊ မြိတ်၊ ကော့သောင်းဒေသနေ ရှေးအဘိုးအဘွားများသည် ကန်းဇော်ဆီကို ထမင်းတွင် ဆမ်း၍စားသုံးလေ့ရှိသည်။ အဆိုပါအလေ့အထသည် အသက်ရှည်၍ အနာမဲ့ခြင်းအကျိုးကိုခံစားရသည်ဟု ယုံကြည်ကြသည်။ ကန်းဇော်သီး ရင့်မှည့်ချိန်သည် ဒူးရင်းသီးပေါ်ချိန်နှင့် မရှေးမနှောင်းဖြစ်ရာ ထမင်းကို ဒူးရင်းသီး၊ ပျားရည်၊ ကန်းဇော်ဆီတို့နှင့် ရောနယ်စားသုံးခြင်းသည် ခန္ဓာကိုယ်အနွေးဓာတ်နှင့်အင်အားကို ဖြစ်စေသဖြင့် ယနေ့တိုင် ယင်းသို့စားသုံးသည့်ဓလေ့ရှိသည်။ ကန်းဇော်ဆီကို လက်တွေ့အသုံးချတွေ့ရှိချက်များအရ –

(၁) ဝမ်းတွင်း၌ဖြစ်တတ်သော ရောဂါများ၊ အပူအကြိတ်များ၊ အစာအိမ်အနာ၊ ချောင်းဆိုးသွေးပါရောဂါတွင် ကန်းဇော်ဆီ တစ်ဇွန်းနှင့် ပျားရည်တစ်ဇွန်းစပ်ပြီး တစ်နေ့(၃)ကြိမ်သောက်ပါက ရောဂါပျောက်ကင်းပြီး လူနာ၏သက်တမ်းကို ပိုမိုရှည်စေရန် ထိန်းထားပေးနိုင်ခဲ့သည်ကို သုတေသနပြုလုပ်ရာတွင် လူနာ(၁၀)ဦးတွင် (၇)ဦးခန့် ဆရာဝန်များ ခန့်မှန်းသည်ထက် သက်တမ်းပိုရှည်နိုင်ခဲ့ကြောင်း တချို့လူနာများတွင် လုံးဝပျောက်ကင်းကြောင်း တွေ့ရပါသည်။

(၂) ပူလောင်ခြင်း၊ ရေနွေးလောင်ခြင်း၊ မီးလောင်ခြင်း၊ ထိခိုက်နာဖြစ်ခြင်း၌ ကန်းဇော်ဆီကို ဝါဂွမ်းနှင့်ဆွတ်ပြီး တစ်နေ့(၅)ကြိမ်မှ (၁၀)ကြိမ်အထိ လိမ်းကျံပေးပါက အနာလျင်မြန်စွာကျက်ပြီး အရေပြား၌ အဖုထခြင်း၊ ပူခြင်း၊ စပ်ခြင်း၊ အသားအရေလောင်စေခြင်း မရှိပဲ ပကတိအသားအရေအတိုင်း ပြန်လည်ကောင်းမွန်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။

(၃) ပန်းနာရင်ကြပ်ရောဂါ၊ လေထိုးလေအောင့်ရောဂါ၊ မီးယပ်ရောဂါအမျိုးမျိုး၊ အသားအရည်ခန်းခြောက်ခြင်း၊ အစာမကြေခြင်း၊

ပျို့အန်ခြင်းရောဂါများတွင် ကန်းဇော်ဆီတစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ တစ်နေ့(၃)ကြိမ်အစာမစားမီသောက်စေခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

(၄) အနာရွှတ်၊ အမဲကွက်များ၊ ကိုယ်အရေပြားပေါ်တွင် အနာအမျိုးမျိုးဖြစ်ပွားပြီး တင်းကြပ်၊ ကြမ်းတမ်းနေသောအခါများတွင် ကန်းဇော်ဆီအား တစ်နေ့(၃)ကြိမ်လိမ်းကျံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

(၅) ဒူလာ၊ လိပ်ခေါင်းရောဂါ၊ စအိုကွဲနာ၊ ခြေကွဲနာ၊ သားအိမ်ရောဂါအမျိုးမျိုးတွင် ကန်းဇော်ဆီတစ်မျိုးတည်းဖြစ်စေ၊ ထောပတ်ဖြင့်ရောစပ်၍ဖြစ်စေ၊တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃၊၂၁၊၂၉တို့ဖြင့် တွဲစပ်ဖျော်၍ လိမ်းပေးပါက အနာများအားအထူးကျက်စေ၊ ကျုံ့စေသည်။

(၆) အကြောရောဂါများ၊ ဖက်ခိုင်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ယောင်ခြင်း၊ ထုံကျင်ခြင်း၊ အနာမန်းရှိပြီး ယောင်ယမ်းနေခြင်းတွင် ကန်းဇော်ဆီအား တစ်နေ့(၃)ကြိမ် လိမ်းကျံပေးပါက သက်သာပျောက်ကင်းပါသည်။

(၇)အိပ်ရာတွင်းအပူလောင်နာ(Bed Sore)၄င်းအပူလောင်မဖြစ်မီ နီမြန်းပါက ကန်းဇော်ဆီတစ်နေ့(၅)ကြိမ်ခန့် သုတ်လိမ်းပါက အရေပြားနီမြန်းနေရာမှ မူလအသားအရေသို့ ပြန်လည်ကောင်းမွန်လာကြောင်း၊ အိပ်ရာနာဖြစ်ခြင်းမှ ကောင်းစွာ(၈၀ရာခိုင်နှုန်း) ကာကွယ်တားဆီးနိုင်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။

(၈) ကန်းဇော်ဆီအား အနာရောဂါကြီးများ မဖြစ်ပွားရန် ဒေသခံပြည်သူများသည် ထမင်းဖြင့်နယ်စားခြင်း နေ့စဉ်လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့(၂)ကြိမ် ပုံမှန်သောက်သုံးနေသူများကို တွေ့ရှိရပြီး အနာကင်းကာ အသက်ရှည်၍ ခွန်အားကိုဖြစ်စေပါသည်။

(၉) နားအူခြင်း၊ နားတွင်းအနာဖြစ်ခြင်း၊ နားလေထွက်ခြင်း၊ နားထဲတွင်အဆီများခြောက်သွေ့၍တင်းခြင်း၊ ယားယံခြင်းများဖြစ်ပါက ကန်းဇော်ဆီအား နားထဲသို့(၃)စက်ခန့် တစ်နေ့(၂)ကြိမ် လိမ်းပေးခြင်းဖြင့် ပျောက်ကင်းသည်။

ထို့ပြင် နှလုံး/သည်းခြေအားနည်းခြင်းနှင့် ဝမ်းတွင်းကင်ဆာရောဂါအတွက် တစ်နေ့(၂)ကြိမ်မှ(၃)ကြိမ်အထိ ဟင်းစားဇွန်းတစ်ဇွန်းစားသုံးရန်ဖြစ်ပါသည်။

ထားဝယ်၊ မြိတ်၊ဘုတ်ပြင်းနှင့်ကော့သောင်းမြို့များတွင် ကန်းဇော်ဆီ(၀ .၇၅)လီတာ တစ်ပုလင်းလျှင် ကျပ်တစ်သိန်း၊ တစ်သိန်းခွဲ၊ နှစ်သိန်းစသည်ဖြင့် ရောင်းချကြသည်။

သစ်စေးရင့်မှည့်ချိန်တွင် ကန်းဇော်တောရှိရာနေရာသို့ ဒေသစုံမှလူအများ ရာနှင့်ချီ၍ ရောက်ရှိလာပြီး ကန်းဇော်တောတွင် သစ်စေးကောက်ယူရန် ယာယီတဲများတည်ဆောက်၍ နေထိုင်ကြသည်။ ပုလောမြို့နယ်၊ မြို့ဟောင်းရွာအနီးရှိ (၈ .၅)ကေခန့်ရှိသော ကန်းဇော်တောမှ ၂၀၁၅ခုနှစ်၊ သစ်စေးကောက်ရာသီတွင် ကျပ်သိန်းတစ်ထောင်ခန့် သစ်စေးဖိုးရရှိကြောင်း သိရသည်။

ဒေသခံများအနေဖြင့် မိမိကျေးရွာအနီးရှိ ကန်းဇော်တောများမှ (၁)နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင်(၁)လခွဲခန့် ဝင်ငွေကောင်းသည့် အခွင့်အလမ်းရရှိနေသော်လည်း အခြားဒေသမှ ရောက်ရှိလာသူများနှင့် မျှဝေခံစားကြရသဖြင့် ကန်းဇော်တောများအား ထိန်းသိမ်းစောင့်ရှောက်လိုစိတ် နည်းပါးခြင်း၊ အစေးရင့်မှည့်ချိန်မရောက်မီ၊ လက်ဦးမှုရယူလိုခြင်းကြောင့် ဆီထွက်နှုန်းနည်းမည်ကို အလေးမထားနိုင်တော့ပဲ သစ်ပင်ခုတ်လှဲ၍ သစ်စေးစုဆောင်းခြင်း၊ ဒီရေထောက်သော ရေချိုရေငံဇေယျာများတွင်သာ ပေါက်ရောက်ရာ ရှင်သန်ရပ်တည်ရေးအတွက် နေရာအကန့်အသတ်ရှိသည့်အလျောက် လက်ရှိနေရာများတွင် ပျောက်ကွယ်သွားပါက မျိုးသုဉ်းသွားနိုင်ခြင်း၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေအတွင်းတွင်လည်းကောင်း၊ သစ်တောမြေပြင်ပတွင်လည်းကောင်း နေရာအနှံ့ပြန့်ကျဲစွာရှိနေသော ကန်းဇော်တောများကို လက်ရှိဝန်ထမ်းအင်အားဖြင့် ကြပ်မတ်ထိန်းသိမ်းရန် အခက်အခဲရှိခြင်းစသည့် စိန်ခေါ်မှုများရှိနေသည်။

ကန်းဇော်ပင်များ၏ သဘာဝအခြေအနေကန့်သတ်ချက်ကြောင့် အသစ်စိုက်ပျိုးခြင်းထက် လက်ရှိဇေယျာကို ဆက်လက်ထိန်းသိမ်းခြင်းက ပို၍အကျိုးရှိမည်ဖြစ်သည်။ မျိုးဆက်ရန် လိုအပ်သည့်ပမာဏကို ချန်ထား၍ သစ်စေးစုဆောင်းခြင်း၊ ဓမ္မတာမျိုးဆက်နည်းဖြင့် ကန်းဇော်တောများ ဖွံ့ဖြိုးကျယ်ပြန့်လာအောင်ပြုစုပေးခြင်း၊ အခြားမြေအသုံးချမှုများမှ ကာကွယ်ခြင်း၊ ဖျက်ဆီးမှုများအား တားဆီးခြင်းတို့ကို ကန်းဇော်တောအနီး နေထိုင်သူများကသာလျှင် အနီးကပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကန်းဇော်တောများတည်ထောင်ပါက ကန်းဇော်တောမှ ရရှိမည့် အကျိုးအမြတ်များကို ဒေသခံများကသာခံစားကြရမည်ဖြစ်ရာ ၎င်းတို့၏ အကျိုးစီးပွားနှင့်ယှဉ်၍ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ ကန်းဇော်တောများထိန်းသိမ်းခြင်းကို စိတ်ပါဝင်စားစွာဆောင်ရွက်လာမည်ဖြစ်ပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ ရှားပါးပြီး အဖိုးတန်ဂုဏ်သတ္တိရှိသော တာမြစ်သစ်စာရင်းဝင် ကန်းဇော်ပင်များအား ပြည်သူ့ဗဟိုပြုစနစ်ဖြင့် အချိန်မီထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



ဘုတ်ပြင်းမြို့နယ်၊ ကော့ရဲကျွန်း သစ်ထုတ်ပြီးဇေယျာတွင် အလင်းပွင့်မှုကြောင့် ပေါက်ပွားလာသည့် ကန်းဇော်ပင်ပျိုများ



ပုံတွင် သစ်စေးစုရန်အတွက် ကန်းဇော်ပင်ကို ခုတ်လှဲခဲ့သော်လည်း တောတွင်း၌ သစ်လုံးအတိုင်းပစ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

# ဒေါင်း၊ ဥဒေါင်း၊ ဒေါင်းစိမ်း

## GREEN PEAFOWL (*Pavo muticus*)

### မျိုးစဉ်(Order)- GALLIFORMES

ဒေါ်စန်းစန်းနွယ်၊ ဦးစီးအရာရှိ (ဝန်းကျင်/သားငှက်)







ဒေါင်း(သို့) ဥဒေါင်း(သို့) ဒေါင်းစိမ်းသည် အရွယ်ကြီးသောငှက်မျိုးဖြစ်ပြီး အစိမ်းရောင်တောက်တောက် အမွေးအတောင်နှင့် ရှည်သွယ်သောအမောက်ရှိပါသည်။ အဖိုများ၏ ကိုယ်အလျားမှာ ၁၈၀-၃၀၀ စင်တီမီတာရှိပြီး မြေရှပ်အမြီးရှည်ပါရှိပါသည်။ အမ၏ကိုယ်အလျားမှာ ၁၀၀-၁၁၀ စင်တီမီတာရှိပါသည်။ ခန္ဓာကိုယ်အလေးချိန်မှာ အရွယ်ရောက် ဒေါင်းဖို သည် ၃.၈ - ၅ ကီလိုဂရမ်ရှိပြီး အရွယ်ရောက်ဒေါင်းမသည် ၁ - ၁.၂ ကီလိုဂရမ်ရှိပါသည်။ ယင်းတို့၏ မျိုးပွားချိန်မှာ မတ်လမှအောက်တိုဘာလအတွင်းဖြစ်ပြီး မြေပြင်ချိုင့်များတွင် အသိုက် ဆောက်လုပ်ကာ ဥတစ်ခါ ဥလျှင် (၃)လုံးမှ (၈) လုံးအထိ ဥ သည်။ ဥအရောင်မှာ ညိုဝါနုရောင် (သို့) နီညိုရောင် ရှိပြီး ဥခွံမှာ ပြောင်ချောပါသည်။ တစ်ခါတစ်ရံ ညိုဝါရင့်ရောင် အရေအကြောင်းများပါရှိသည်။ ဥအရွယ်အစားမှာ ၇၂.၇×၅၃.၅ မီလီမီတာ ရှိပါသည်။ သဘာဝတောတွင် ကျက်စားနေသောဒေါင်းများ၏ သက်တမ်းမှာ ၂၀-၂၃နှစ်ဖြစ် ပြီး မွေးမြူထားသော ဒေါင်းများ၏ သက်တမ်းမှာ ၄၀-၄၅ နှစ်ဖြစ်ပါသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်းနှင့် ဂျာဗားကျွန်းတို့တွင် နေထိုင်ကျက်စားပြီး ယခင်က အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် နေထိုင်ကျက်စားကြောင်းသိရှိ ရပါသည်။ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်း၊ ထိုင်းနိုင်ငံအနောက်ပိုင်းနှင့်အနောက်မြောက်ပိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံ တောင်ပိုင်းနှင့်မြောက်ပိုင်း၊ ဗီယက်နမ်နိုင်ငံ အန်နန်(Annam)တောင်ပိုင်းနှင့် ကိုချင်ချိုင်းနားတို့တွင် ဒေါင်းငှက်မျိုးများကို တွေ့ရှိရပါသည်။

ပေ ၃၀၀၀ အမြင့် သစ်တောများ၊ ရှုးနှံတောများနှင့် ခြုံပုတ်တောများတွင်တွေ့ရလေ့ရှိပြီး မြန်မာနိုင်ငံ၌ ရွက်ပြတ်ရောနှောတောနှင့် အမြဲစိမ်းတောတို့တွင် ကျက်စားပါသည်။ ဒေါင်းငှက်မျိုးများသည် မြစ်ကမ်းဘေးရှိ ခြောက်သွေ့သော တောအုပ်များကို နှစ်သက်ပါသည်။ အုပ်စုငယ်များဖွဲ့၍ နေလေ့ရှိသည်။ မြေပြင်တွင် ကျက်စားပြီး သစ်ပင်ပေါ်တွင် အိပ်တန်း တက်သည်။ မိတ်လိုက်ချိန်တွင် အဖိုများသည် "ကောရော --- ကောရော---" ဟု ကျယ်လောင်စွာ ခေါ်သံပေးသည်။

မြန်မာနိုင်ငံအတွင်းရှိ တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄) အရ အမျိုးအစားခွဲခြားသတ်မှတ်၍ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်းသည့်မျိုးစိတ်များအတွင်း ဒေါင်းမျိုးစိတ်များလည်းအပါအဝင်ဖြစ်ပါသည်။ ဒေါင်းမျိုး စိတ်များကို ""ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များ (၁၉၉၄)"" စာရင်းတွင် လုံးဝကာကွယ်ထားသည့် ငှက်များစာရင်းတွင် ထည့်သွင်း၍ ဥပဒေအရကာကွယ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါင်းမျိုးစိတ်များကို တရားမဝင်ဖမ်းဆီးသတ်ဖြတ် ရောင်းဝယ်ဖောက်ကားပါက တောရိုင်းတိရစ္ဆာန်နှင့်သဘာဝ အပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)အရ ထောင်ဒဏ်(၇)နှစ်အထိဖြစ်စေ၊ ငွေဒဏ်(၅၀၀၀၀)ကျပ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်သည်။ အပြည် ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)မှ ထုတ်ပြန်ထားသည့် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမှု အန္တရာယ်ကျရောက်မှု အဆင့်အတန်းအရ အုပ်စုခွဲခြားဖော်ပြထားသော IUCN Red List တွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသောမျိုးစိတ် (Endangered) အုပ်စု၌ စာရင်းဝင်ပြီး CITES တွင် Appendix II စာရင်းဝင်အဖြစ် သတ်မှတ် ထားပါသည်။

Source: A Field Guide to The Birds of Thailand and South-East Asia (Craig Robson)